# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ ဒုတိယဝါဆိုလပြည့်ကျော် (၈)ရက် ၊ ကြာသပတေးနေ့ ၊ (6-8-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၉၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ် ဥက္ကဋ္ဌ ကာဒီနယ် ချားလ်စ်ဘို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ် ဥက္ကဋ္ဌ ကာဒီနယ် ချားလ်စ်ဘို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတ၏ ရုံးတော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့်

စာမျက်နှာ ၁၆ ကော်လံ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ် ဥက္ကဋ္ဌ ကာဒီနယ် ချားလ်စ်ဘို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

## ပြည်ပပို့ကုန်သကြားထုတ်လုပ်သည့် ချက်ကြံ ၃၄၃၆ ဧကနှင့် စားကြံ ၅၁၁ ဧက စိုက်ပျိုးထား



တိုက်ကြီးမြို့နယ်အတွင်း ယမန်နှစ်က စိုက်ပျိုးထားသည့် ချက်ကြံစိုက်ခင်းကို တွေ့ရစဉ်။

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်ပပို့ကုန်သကြားထုတ်လုပ်သည့် ချက်ကြံ ၃၄၃၆ ဧကနှင့် စားကြံ ၅၁၁ ဧကကို စိုက်ပျိုးလျာထားဧကထက်ကျော်လွန်၍ စိုက်ပျိုးထားကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချက်ကြံကို တိုက်ကြီးမြို့နယ်အတွင်းရှိ ဂုံညင်းတန်း၊ ကျွဲဘုတ်၊ မာဂရီ၊ ချင်းကုန်း၊

စာမျက်နှာ ၁၉ ကော်လံ ၄

## လေးမျက်နှာမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဝေန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ ရေဝင်ရောက်မှုဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၅

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့်မြစ်ရေတိုက်စားမှုကြောင့် ဝေန်တာ၏ အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍

စာမျက်နှာ ၁၉ ကော်လံ ၁



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက မြစ်ရေတိုက်စားမှုကာကွယ်ရန် ကမ်းထိန်းအိတ်များချခြင်း၊ ရေရှိန်တားပြုလုပ်ခြင်း၊ ရေကာတာ တာပေါင်မြေဖို့ခြင်းတို့ ဆောင်ရွက်ပေးစဉ်။

**နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနား ကျင်းပ** စာမျက်နှာ - ၁၆

**ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာ** စာမျက်နှာ - ၁၇

ရတနာပုံ

၂၀၂၆ ခုနှစ် ဩဂုတ် ၆ ရက်

အယ်ဒီတာ့အာဘော်

# စုပေါင်းအားနှင့် ရင်ဆိုင်ကျော်လွှား သဘာဝဘေးအန္တရာယ်များ

မြန်မာနိုင်ငံသည် တောင်တန်း၊ မြစ်ဝှမ်းနှင့် ပင်လယ်ကမ်းရိုးတန်းများပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်သဖြင့် မုန်တိုင်း၊ ရေကြီးရေလျှံမှု၊ မြေပြိုမှု၊ လျှော၊ မိုးခေါင်ရေရှားမှုနှင့် တောမီးလောင်ကျွမ်းမှုစသည့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ရလေ့ရှိသည်။ ထိုသဘာဝဘေးအန္တရာယ်များသည် လူ့အသက်အိုးအိမ်များသာမက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လူမှုစီးပွားဘဝတို့ကိုပါ ထိခိုက်ပျက်စီးစေတတ်သည်။ ထို့ကြောင့် သဘာဝဘေးများကို အောင်မြင်စွာကျော်လွှားနိုင်ရေးအတွက် အစိုးရ၊ တပ်မတော်နှင့် ပြည်သူများ၏ စည်းလုံးညီညွတ်သော ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးပေသည်။

သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားချိန်တိုင်း အစိုးရနှင့်အတူ တပ်မတော်သားများသည် ပြည်သူများ၏ အသက်စည်းစိမ်များကို ကယ်ဆယ်ပေးခြင်း၊ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်း၊ စားနပ်ရိက္ခာ၊ သောက်သုံးရေနှင့်ဆေးဝါးများ ဖြန့်ဝေပေးခြင်း၊ ပျက်စီးသွားသော လမ်းတံတားများကို ပြန်လည်ပြုပြင်တည်ဆောက်ပေးခြင်းနှင့် ယာယီနေအိမ်များဆောက်လုပ်ပေးခြင်း စသည့်လုပ်ငန်းများကို ဒေသခံပြည်သူများ၊ စေတနာ့ဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် အတူတကွတက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

အထူးသဖြင့် မိုခါမုန်တိုင်း၊ ရာဂိမုန်တိုင်းနှင့် မန္တလေးငလျင်ကဲ့သို့သော သဘာဝဘေးများ ဖြစ်ပွားခဲ့စဉ်ကာလများတွင် အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့သည် လက်တွဲညီညီဖြင့် ရှာဖွေကယ်ဆယ်ရေး၊ အရေးပေါ်ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့မှုကြောင့် ထိခိုက်ဆုံးရှုံးမှုများကို လျှော့နည်းစေခဲ့သည့်အပြင် ဒေသခံပြည်သူများ၏ လူနေမှုဘဝများကိုလည်း အမြန်ဆုံးပြန်လည်တည်ငြိမ်လာစေရန် အထောက်အကူပြုခဲ့သည်။

လက်ရှိတွင်လည်း ယခုနှစ် ဇူလိုင် ၃၀ ရက်ညပိုင်းက ရေဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေတိုက်စားမှုကြောင့် ဝေန်မြစ်ရေကာတာ ကျိုးပေါက်ခဲ့သည်။ ထိုသို့ ဝေန်မြစ် ရေကာတာကျိုးမှုကြောင့် လေးမျက်နှာမြို့ပေါ်ရှိ ရပ်ကွက်ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၅၇ ရွာတွင် ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့ကာ လူနေအိမ်များအတွင်း ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများစုပေါင်း၍ ရေဘေးသင့်ပြည်သူများကို ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အချုပ်အားဖြင့်ဆိုရလျှင် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့သည် အနာဂတ်တွင်လည်း ကျရောက်လာနိုင်သည်။ ထိုသို့ကြုံတွေ့ရပါက ထိရောက်စွာရင်ဆိုင်ကျော်လွှားနိုင်ရေး အစိုးရ၏ ဦးဆောင်မှု၊ တပ်မတော်၏ ကူညီဖေးမမှုတို့ကို ပြည်သူတို့က စည်းလုံးညီညွတ်စွာ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြမည်ဆိုပါက အသက်အိုးအိမ်ဆုံးရှုံးမှုများကို လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ပိုမိုအထောက်အကူပြုမည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားအပ်ပါသည်။

# ရေဦးခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ရေဦး ဩဂုတ် ၅

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၁၆၆ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် ဇူလိုင်လပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ရေဦးမြို့နယ်တွင် ၉၁၆ ကေ၊ တန့်ဆည်မြို့နယ်တွင် ၁၅၂ ကေ၊ ဒီပဲယင်းမြို့နယ်တွင် ၆၀၉၈ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၈၄ ဒသမ ၄၈ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ရေဦးခရိုင်မှာ စပါး ၇၁၆၆ ကေ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့စပါးခင်းတွေ အခုလက်ရှိ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးတာတွေ၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ လျာထားကေထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့



မြောင်းမြ ဩဂုတ် ၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံကေ ၂၆၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စားဖိုဆောင်သီးနှံ ၂၇၇၇ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"မြောင်းမြမြို့နယ်မှာ စားဖိုဆောင်သီးနှံတွေ လျာထားကေအတိုင်း အခက်အခဲမရှိစနစ်တကျစိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ဆက်စပ်ဌာနတွေက ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ စားဖိုဆောင်သီးနှံတွေစိုက်ပျိုးရာမှာ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းဖို့ နည်းပညာတွေကို မစိုက်မီ မြေပြင်ထိကွင်းဆင်း ဆောင်ရွက်ပေးထားပါတယ်။ တောင်သူပညာပေးလုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌွေးမြင့်က ပြောပြသည်။

စားဖိုဆောင်သီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် စားဖိုဆောင်သီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌွေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# ငါန်းဇွန်မြို့နယ် ကျောက်တလုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ငါန်းဇွန် ဩဂုတ် ၅

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်တလုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဝင်းကျော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးလှဝင်းကျော်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျောက်တလုံးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၃ ဦးကို ငွေကျပ် ၈ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၂ ဦးကို ငွေကျပ် ၈ ဒသမ ၄၅ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် သုညဒသမ ၃၅ သန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၁၀၃ ဦးကို ငွေကျပ် ၁၃ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃၁ ဦးကို ရန်ပုံငွေကျပ် ၃၁ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

Yadanarbon newspaper

# ရမည်းသင်းမြို့နယ် ထိန်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ရမည်းသင်း ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထိန်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းက ထိန်ကန်ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် တာဝန်ယူ၍ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ကျေးရွာလုပ်ငန်းအဖွဲ့ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများနှင့် ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးပြီးနောက် ထိန်ကန်ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘော ဆန္ဒနှင့်အညီ ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဒေါ်ကြူကြူ၊ ဒေါ်မြသန်း-လှထိပ်တင်စတိုးက ဖခင်ကြီး ဦးဘိုနီ-မိခင် ဒေါ်လှလှ၊ အစ်မ ဒေါ်ကေသီတို့အားရည်စူး၍ ဆေးပဒေသာပင် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာ ဦးတင်ဝင်း၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်နှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၇၂၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ချောင်းဦး ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၇၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၈၃၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၇၂၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၇၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေကို အများဆုံးစိုက်ပျိုးထားပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAPနည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲတတ်စေရေး အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

**(၂၀၆)**

# စဉ့်ကိုင်မြို့နယ် အရေးမဆိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကိုင် ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အရေးမဆိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက အရေးမဆိုကျေးရွာ၌ ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အရေးမဆိုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၃၇ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ဦးကို ငွေကျပ် ၁၅ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၃ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၂ ဦးကို ရန်ပုံငွေကျပ် ၅၆ ဒသမ ၈ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်း လုပ်ငန်းများ အောင်မြင်စွာ အကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျောင်းကုန်း ဩဂုတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇူလိုင်လအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဇူလိုင်လအတွင်း ဒီဘက်ကနေ ညှော့မထဆန်အိတ်ရေအများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျောင်းကုန်းမြို့နယ်က လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ညှော့မထဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ ဇူလိုင်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ ညှော့မထဆန်အမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းနဲ့ အဓိကထားတင်ပို့ရောင်းချနေပါတယ်"ဟု ကျောင်းကုန်းမြို့နယ်မှ ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ညှော့မထဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၄၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း ကျောင်းကုန်းမြို့နယ်မှ ဆန်၊စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ပလ္လင်နှင့် သူငယ်တော်

ဗိုလ်ရှိတ်(ရတနာပူရ)

**ယခင်တစ်ပတ်မှအဆက်**

သူငယ်တော်ရုပ်နှင့်ဆိုင်သော ထူးခြားဆန်းကြယ်သည့် အကြောင်းများမှာ ပလ္လင်တော်များ ရှေ့၌ရှိသော သူငယ်တော်ရုပ်များတွင်သာ ဖြစ်ပွားခဲ့သည်။ မြန်မာမင်းတို့၏လက်ထက်က ပလ္လင်တော်ကိုးခုရှေ့၌ထားသော သူငယ်တော်ရုပ်များကို ရွှေနန်းသုံး ပန်းပုပညာရှင်များက ထုလုပ်ပေးရသည်။ ထုလုပ်ပြီးသော သူငယ်တော်ရုပ်များကို ရွှေပိန်းချခြင်းများ ပြုလုပ်ရသည်။ ထို့ပြင် သူငယ်တော်ရုပ်များကို လောကီအစီအရင်များ ပြုလုပ်ကြသည်။ ဂါထာမန္တရားများရွတ်ဆိုကာ သိဒ္ဓိတင်ကြသည်။ ယခုခေတ်စကားဖြင့်ဆိုလျှင် "လိပ်ပြာသွင်းသည်၊ အသက်သွင်းသည်"ဟု ဆိုရမည်ဖြစ်သည်။ ထိုသို့ လောကီအစီအရင်များ စီရင်ပြီးခါမှ ပလ္လင်များရှေ့တွင် ထားခြင်းဖြစ်သည်။

ပလ္လင်များရှေ့တွင်ထားသော သူငယ်တော်ရုပ်များနှင့်ပတ်သက်၍ အစောဆုံးတွေ့ရသော ထူးခြားဆန်းကြယ်သည့်ဖြစ်ရပ်မှာ အင်းဝမြို့တည် ဆင်ဖြူရှင်မြေဒူးမင်း လက်ထက်ကဖြစ်သည်။ အင်းဝမြို့ ပရိတ်နာဆောင်တွင်ထားသော ဟံသာသနပလ္လင်ရှေ့တွင် သူငယ်တော်ရုပ်နှစ်ခုသည် ထိုးသတ်နေကြသည်။ ၎င်းဖြစ်ရပ်ကို လူအများမျက်စိဖြင့် တပ်အပ်မြင်ခဲ့ကြသည်။ သူငယ်တော်ရုပ်နှစ်ခုသည် သတ်ပုတ်ထိုးသတ်ပြီးသောအခါတွင် ပလ္လင်လိုဏ်အတွင်းသို့ ပြန်ဝင်သွားသည်ကို အများမြင်လိုက်ရသည်ဟု ရွှေနန်းလက်သုံးပုရပိုက်၌ မှတ်တမ်းတင်ထားခဲ့ကြသည်။

ဒုတိယမြောက်ဖြစ်ခဲ့သော ဖြစ်ရပ်မှာ အင်းဝမြို့တည် ဆင်ဖြူရှင် မြေဒူးမင်းတရားကြီး ညီတော် ဘိုးတော်ဗဒုံမင်း နတ်ရွာစံသည့် အချိန်အခါတွင်ဖြစ်သည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး ဒုတိယတွဲ၌ ဘိုးတော်ဗဒုံမင်းတရားကြီး နတ်ရွာစံခါနီး အတိတ်နိမိတ်များကို မှတ်တမ်းတင်ဖော်ပြရာ၌ ပလ္လင်တော်မှ သူငယ်ရုပ်ရှစ်ယောက် လက်ပမ်းဟန်ပြကြောင်း မှတ်တမ်းတင်ထားသည်။

တတိယမြောက်တွေ့ရသည့် ဖြစ်ရပ်တစ်ခုမှာ မင်းတုန်းမင်းတရားကြီးနှင့် ကြေးမှျင်မိဖုရားတို့၏ တစ်ဦးတည်းသောသားတော် ပျဉ်းမနားမင်းသား ငယ်စဉ်ကအကြောင်းပင်ဖြစ်သည်။ ပျဉ်းမနားမင်းသားကြီးသည် ငယ်စဉ်က မြေနန်းပြာသာဒ်အတွင်း ဟံသာသနပလ္လင်ရှေ့ရှိ တက်တိုးရုပ်ခေါ် သူငယ်တော်ရုပ်များကို ဆော့ကစားရာမှ ကြုံတွေ့ခဲ့ရခြင်းဖြစ်လေသည်။ ထိုအကြောင်းကို မှတ်တမ်းတင်ပြသူမှာ ဆရာကြီးဦးစိန်မောင်ဦးဖြစ်သည်။ ဆရာကြီးသည် ပျဉ်းမနားမင်းသားကြီး၏ ပြောပြချက်ကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ ထိုအကြောင်းများကို ဆရာကြီးမှတ်တမ်းတင်ထားသည့်အတိုင်း ပြန်လည်ဖော်ပြလိုက်ပါသည်။

"တစ်နေ့တော့ ထားထားလည်း ပျင်းပျင်းရှိတာနဲ့ မြေနန်းပြာသာဒ်တော်ကြီးကိုသွားပြီး သီဟာသန ပလ္လင်ရှေ့က သူငယ်တော်ရုပ်တွေရဲ့ ခေါင်းတွေကို ဆိုင်းဝိုင်းထဲက ပတ်လုံးတွေတီးသလိုမျိုး လက်နှင့်ပုတ်တယ်။ ခေါင်းချင်းဆိုင်ပြီးတိုက်တယ်။ အဲဒီလို ဆော့ကစားနေတာကို ဘေးကအဆောင်နီသားတွေက မြင်တော့ သူတို့ဆရာ လက်သုံးတော်ကြီးကိုင် အဆောင်နီမှူး မောင်မောင်တုတ်ကို ပြေးတိုင်ကြတာပေါ့။" ရနောင်မောင်မောင်တုတ်က ချက်ချင်းလိုက်လာပြီး "ဒီလိုမဆော့ကောင်းပါဘူး။ မလုပ်ပါနှင့်ဘုရား"လို့ တားတယ်လေ။ သီဟာသနပလ္လင်နားမှာ ထောင်ထားတဲ့ မိုးနဲ့ရွှေလုံအစင်း ၅၀ လောက်ကို

**❖ ပလ္လင်များရှေ့တွင်ထားသော သူငယ်တော်ရုပ်များနှင့်ပတ်သက်၍ အစောဆုံးတွေ့ရသော ထူးခြားဆန်းကြယ်သည့်ဖြစ်ရပ်မှာ အင်းဝမြို့တည် ဆင်ဖြူရှင်မြေဒူးမင်း လက်ထက်ကဖြစ်သည်။ အင်းဝမြို့ ပရိတ်နာဆောင်တွင်ထားသော ဟံသာသနပလ္လင်ရှေ့တွင် သူငယ်တော်ရုပ်နှစ်ခုသည် ထိုးသတ်နေကြသည်။ ၎င်းဖြစ်ရပ်ကို လူအများမျက်စိဖြင့် တပ်အပ်မြင်ခဲ့ကြသည်။ သူငယ်တော်ရုပ်နှစ်ခုသည် သတ်ပုတ်ထိုးသတ်ပြီးသောအခါတွင် ပလ္လင်လိုဏ်အတွင်းသို့ ပြန်ဝင်သွားသည်ကို အများမြင်လိုက်ရသည်ဟု ရွှေနန်းလက်သုံး ပုရပိုက်၌ မှတ်တမ်းတင်ထားခဲ့ကြသည်။ ❖**

လက်ညှိုးထိုးပြပြီး "ဟိုမှာလုံတွေရှိတယ်၊ မြင်တယ်မဟုတ်လား။ ဆက်လုပ်လျှင် လုံနှင့်ထိုးမှာနော်"လို့ ထားထားကို ခြောက်တာပေါ့။ ထားထားကလည်း ဘယ်ကြောက်မှာလဲ။ "ထိုးဝံ့ထိုးစမ်း၊ လုံနှင့်ပြန်ထိုးမယ်"လို့ ပြောလိုက်တော့ "အလိုလေးလေး ယင်းတော‌ဝန်ကြီး ဦးတုတ်ကြီးလို လုံထိုးခံရပြီး မသေပါရစေနဲ့ဘုရား"လို့ ရနောင်မောင်မောင်တုတ်က ထားထားရဲ့ဦးရီးတော် မြေနန်းဝန်မောင်မောင်လေးကို ပြေးခေါ်တာပါပဲ။ ဦးရီးတော်လည်း ချက်ချင်းလိုက်လာပြီး "ဒီလိုမလုပ်ရဘူး"လို့ တားပါသေးတယ်။ "လုပ်မှာပဲ"လို့ ထားထားကပြောတော့ "သူလုပ်ချင်တာ လုပ်ပါစေတော့၊ ပြောစကားမှမနာခံတာပဲ"လို့ ပြောပြီး ဦးရီးတော်လည်း ပြန်လှည့်ထွက်သွားတာပါပဲ။ အဲဒီနေ့ညမှာ မယ်တော်က မှန်နန်းဆောင်မှာ ဘုန်းတော်ကြီးဘုရားနှင့် စက်တော်မူရတယ်။ ထားထားကတော့ သီပေါမိဖုရားအဆောင်မှာ သွားအိပ်ရတယ်။ ဒါပေမဲ့ အိပ်ရာပေါ်အလဲ့ တက်တိုးရုပ်တွေရောက်လာပြီး ထားထားရဲ့ခေါင်းကိုဝိုင်းပုတ်ကြတော့တာပါပဲ။ ထားထားကလဲ ထိုင်ငိုတာပေါ့။ သီပေါမိဖုရားက စစ်မေးတော့မှ အကြောင်းရင်းသိပြီး ညတွင်းချင်း ကန်တော့ပွဲအကျအနပြင်ပြီး သီဟာသန ပလ္လင်ရှေ့က တက်တိုးရုပ်တွေကို တောင်းပန်ကန်တော့ခိုင်းပါတယ်။ ဒါပြီးမှ အဆောင်တော်ကို ပြန်လာရတယ်။ ဒါလုပ်ပြီးတော့မှပဲ ထားထားလည်း ကောင်းကောင်းမွန်မွန် အနှောင့်အယှက်မရှိ အိပ်လို့ရသွားတာပါပဲ။ နောက်နေ့တွေကျရင် မြေနန်းတော်ရောက်တိုင်း သီဟာသနပလ္လင်ရှေ့ကို မသွားရဲတော့ပါဘူး။ ခတ်သိအဆောင်နီသားတွေက အချင်းချင်း လက်တို့ပြီး "အနားကြွခဲ့ပါအုံး ကိုယ်တော်လေး ကစားရအောင်လေ"လို့ စကြနောက်ကြလို့

"ဟင့်အင်း မလာဘူး"လို့ ပြောလိုက်ရတယ်။ အဲဒီနေ့ကစပြီး တက်တိုးရုပ်တွေနားကို လုံးဝမကပ်တော့ပါဘူး"

ယခုဖော်ပြခဲ့သော သူငယ်တော်ရုပ်နှင့်ဆိုင်သော ထူးခြားသည့်ဖြစ်ရပ်များကို ယခုခေတ်အမြင်ဖြင့် ကြည့်လျှင် ယုံကြည်ကြရန် အလွန်ခက်ပါလိမ့်မည်။ သို့သော် ဤဖြစ်ရပ်များသည် ရွှေနန်းသုံးပုရပိုက်များတွင် မှတ်တမ်းတင်ထားခြင်း၊ ရာဇဝင်ကြီးတို့တွင် မှတ်တမ်းတင်ထားခြင်းတို့ကြောင့် ဖော်ပြလိုက်ရပါသည်။ ဤဖြစ်ရပ်များနှင့်ပတ်သက်၍ ဆရာကြီး မြကေတု၏ သုံးသပ်ထားပုံမှာ သဘာဝကျ ဆီလျော်လှသဖြင့် ဖော်ပြရပါဦးမည်။ ဆရာကြီးက-

"နန်းစဉ်လက်သုံး ပုရပိုက်ဟူသည် နောင်လာနောက်သား မင်းအများ၊ လူအများတို့ လက်တစ်လုံးခြားလိမ်၍ ညာ၍၊ ဖြန်း၍ သန်း၍ စိတ်ပျော်ရွှင်စေမှုအတွက် ပေါရိဝါစာစကားဖြင့် သိမ်သိမ်ဖျင်းဖျင်း ရေးသားထားခြင်းမျိုးကားမဟုတ်။ တကယ့်ဖြစ်ရပ်၊ တကယ့်မြင်ကွင်းများကို အံ့ဖွယ်သရဲအနေဖြင့် ဖြစ်ခေါင့်ဖြစ်ခဲ ဖြစ်ပေါ်ခဲ့သမျှတို့ကို အစဉ်အဆက်သိရှိကြလေအောင် "အရှိကို အရှိ" မှတ်တမ်းတင်ထားခြင်းဖြစ်ကြောင်းမှာ ယုံမှားဖွယ်မရှိဟူ၍ ထင်မြင်မိပါကြောင်း"ဟူ၍ သုံးသပ်ထားပေသည်။

**သူငယ်ရုပ်နှင့် သူငယ်တော်ရုပ်**

ရာဇပလ္လင်ရှေ့တွင်ရှိသောအရုပ်ကို သူငယ်တော်အရုပ်ဟု ဆရာကြီး ဦးစိန်မောင်ဦး၊ ဆရာကြီး မြကေတု၊ ဆရာမောင်သန်းဆွေ(ထားဝယ်)နှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ထုတ်ဝေသော စာအုပ်တို့တွင် ရေးသားဖော်ပြကြပါသည်။ ထို့ကြောင့် ပလ္လင်ရှေ့မှအရုပ်ကို သူငယ်တော်အရုပ်ဟုရေးသား ဖော်ပြခဲ့ခြင်းဖြစ်ပါသည်။

သို့သော် ဆရာမကြီး ဒေါ်ကြန်ရေးသားသော "သူငယ်နှင့်သူငယ်တော်"ဟူသော ဆောင်းပါးတွင် ပလ္လင်ရှေ့၌ရှိသော အရုပ်မှာ သူငယ်ရုပ်သာဖြစ်ပြီး သူငယ်တော်ရုပ်မဟုတ်ကြောင်း၊ သူငယ်ရုပ်နှင့် သူငယ်တော်ရုပ်ကို ရောထွေးမှတ်သားခြင်းသာဖြစ်ကြောင်း တင်ပြထားပါသည်။ ဆရာမကြီး၏ တင်ပြချက်မှာလည်း အလေးထားစရာဖြစ်ပါသည်။ ထို့ကြောင့် ပလ္လင်ရှေ့၌ရှိသောအရုပ်ကို သူငယ်ရုပ်လော၊ သူငယ်တော်ရုပ်လော ကွဲပြားစွာသိစေရန် အတွက် ရေးမှတ်တမ်းများကို စေ့စေ့စပ်စပ် သေချာပြန်၍ကြည့်မိပါသည်။

အရင်ဦးဆုံး ဝန်ထောက်ရွှေတောင်နော်ရထာ၏ ပလ္လင်ကိုးရပ်တည် စာတမ်းကိုကြည့်ရာတွင် ပလ္လင်ရှေ့တွင်ရှိသော အရုပ်ကို "သူငယ်သဏ္ဌာန် သူငယ်ရုပ်"ဟု ရေးသားဖော်ပြထားပါသည်။ သူငယ်တော်ရုပ်ဟု မရေးပေ။

ရွှေနန်းလက်သုံးပုံစံ ပုရပိုက်တွင်လည်း ပလ္လင်ရှေ့ရှိ အရုပ်နှစ်ရုပ် ထိုးသတ်ဟန်ကို ဖော်ပြရာတွင် "ပရိတ်နာဆက်ဆောင်တော် ရာဇပလ္လင်ရှေ့တွင်ရှိသည် သူငယ်နှစ်ရုပ်တို့ ထိုးသတ်ကြသည်ပုံ"ဟူ၍ ရေးသားထားသည်ကို တွေ့ရပါသည်။ သူငယ်တော်ရုပ်ဟု မရေးပေ။

ဘိုးတော်ဗဒုံမင်းတရားကြီး နတ်ရွာစံခါနီးတွင် ပြဆိုသော အတိတ်နိမိတ်များကို ကုန်းဘောင်ရာဇဝင်တော်ကြီး၌ "သူငယ်ရှစ်ရုပ်လည်း လက်ပမ်းဟန်လုပြု၏"ဟု ရေးသားဖော်ပြထားပါသည်။ သူငယ်ရှစ်ရုပ်ဟုရေးပြီး သူငယ်တော်ဟု မရေးပေ။

ရွှေနန်းသုံးဝေါဟာရ အဘိဓာန်ကျမ်းတွင် ပန်းပုအမှုထမ်းအကြောင်းကို ဖွင့်ဆိုပြရာ၌ " ရာဇပလ္လင်ရှိရာသို့ မျက်နှာမူ၍ မတ်တတ်ရပ်လျက် ရှိခိုးကာနေသည့် လူရုပ် ၆"ဟူ၍ ရေးသားဖော်ပြထားသည်။ ဤတွင်လည်း လူရုပ်ဟူ၍ဆိုပြီး သူငယ်တော်ရုပ်ဟု မဆိုပေ။

ရွှေနန်းသုံးဝေါဟာရ အဘိဓာန်တွင် သူငယ်တော်အကြောင်းကို သီးခြားဖွင့်ဆို၍ ပြထားသည်။ ပလ္လင်ရှေ့ရှိအရုပ်မှာ သူငယ်တော်ရုပ်မဟုတ်၍သာ ခွဲခြားဖွင့်ဆိုထားခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

အထက်ပါ အထောက်အထားများအရဆိုရလျှင် ရာဇပလ္လင်ရှေ့တွင်ရှိသော အရုပ်သည် သူငယ်ရုပ်သာဖြစ်ပြီး သူငယ်တော်ရုပ် မဟုတ်ကြောင်း ထင်ရှားစွာသိနိုင်ပါသည်။ ဆရာမကြီး ဒေါ်ကြန်ဆိုသည့်အတိုင်း သူငယ်ရုပ်သာဖြစ်သည်ဟု ဆိုရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။။

**ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတိမှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း**

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

## လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်း ရောဂါနဲ့ အယ်ဇိုင်းမားရောဂါ တို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

## ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ ၈၀၉၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ ၈၀၉၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၇၁၄၈ ဧကနှင့် ဖူးစားပြောင်း ၆၃၀၇ ဧက စုစုပေါင်း ၂၃၄၅၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၅၆၂၆ ဧကနှင့် ဖူးစားပြောင်း ၂၄၆၉ ဧက စုစုပေါင်း ၈၀၉၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကလေးမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စုစုပေါင်း ဧက ၂၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဖူးစားပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိဖို့၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲဖို့ စသည့် အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေးက ပြောပြသည်။

ကလေးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ သဘာဝပိုးသတ်ဆေး၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲတတ်စေရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေးက ပြောပြ၍ သိရသည်။ (၂၀၆)

## ဝမ်းတွင်းမြို့နယ် ခင်ဘန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခင်ဘန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၅ ဒသမ ၉၅ သိန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး လုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု၊ စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက စီမံကိန်း လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ခင်ဘန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၄ ဦးကို ငွေကျပ် ၄၄ ဒသမ ၇၅ သိန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၁ ဒသမ ၂ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၄ ဦးကို ရန်ပုံငွေကျပ် ၄၅ ဒသမ ၉၅ သိန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင် ကျေးရွာ စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ဝမ်းတွင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

## ကောက်စိုက်ချိန်ခါ တို့တောရွာ

- လင်းကြက်တွန် မိုးသောက်ထလို့
အော်နိုးကြ ဆူညံစွာ၊
ယောက်မရေ ထကြဟေ့
သွားကြစို့ကွာ၊
ကောက်စိုက်ကြ သည်ချိန်ခါ
ကွင်းပြင်မှာ သံစုံတေး၊
မိုးပဗ္ဗန် မာန်ထောင်းပြီးလို့
မိုးရေတို့ဖွေး။

- မိုးခေါ်ကာ သာရကာကျေးတို့
နားဝမှာအေး သာသာယာ၊
သူနိုင်ကိုယ်နိုင် အပြိုင်စိုက်
မောဟိုက်လို့သာ၊
ထမင်းစားကြ ကန်သင်းဆိုမှာ
ဟင်းစုံကာ လက်စုံလွေး၊
အဝစားရှာ....
ခဏနားကာ တစ်ဖန်စိုက်တယ်
ပြိုက်ပြိုက်ကျချွေး။

- ညနေချိန် မိုးချုပ်တော့
ပျိုးတစ်ဆုပ်လည်း မကိုင်နိုင်၊
အိမ်ပြန်ချိန် နောက်မကျရေး
စိုက်ကြမြိုင်ဆိုင်၊
ကောက်ငန်းဆုံးတော့ ခွေကာယိုင်
ခြေမခိုင် ချော်လို့လဲ၊
တစ်မိုးသောက်ပြန်တော့...
ပျိုးကောက်ပင် လက်မှာပိုက်လို့
စိုက်ကြအမြဲ။ ။

ရွှေတိုး(ထုံးဘို)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# အီရန်စစ်ရေးပဋိပက္ခပြီးဆုံးရေး ကြားဝင်ကြိုးပမ်းရာတွင် တိုးတက်မှုများရှိနေကြောင်း ကာတာအစိုးရကြေညာ

**ဒိုဟာ ဩဂုတ် ၅**

အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား ဖြစ်ပွားနေသော စစ်ရေးပဋိပက္ခ ပြီးဆုံးရေးအတွက် ကြိုးပမ်းရာတွင် ကြားဝင်ညှိနှိုင်းပေးနေသော နိုင်ငံများအနေဖြင့် တိုးတက်မှုများ ဖန်တီးပေးထားနိုင်ကြောင်း ကာတာနိုင်ငံက ဩဂုတ် ၄ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ငါးလကြာ အီရန်စစ်ရေးပဋိပက္ခ အဆုံးသတ်ရေးအတွက် အမေရိကန်နှင့်အီရန် အစိုးရတို့ကြား သဘောထားကွဲလွဲမှုများကို လျှော့ချနိုင်ရေးအတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ကာတာစော်ဘွား ရှိတ်ခ်တာမင် အယ်လ်သာနီတို့အနေဖြင့် ဩဂုတ် ၄ ရက်တွင် ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ကြကြောင်း ကာတာအစိုးရ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုနှစ် ဇွန်လလယ်ပိုင်းတွင် ရယူထားသော စစ်ရေးပဋိပက္ခပြီးဆုံးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်ခံလိုက်နာရေးနှင့် တွေ့ဆုံဆွေးနွေးရေးကဏ္ဍအရေးပါမှုတို့ကို ကာတာစော်ဘွားက အဓိကထားဆွေးနွေးခဲ့ကြောင်း သိရသည်။

ဩဂုတ် ၄ ရက်တွင် ကမ္ဘာ့ရေနံဈေးကွက်၌ ဘရန့်စံမှတ် ရေနံဈေးနှုန်းမှာ ငါးရာခိုင်နှုန်းကျဆင်းလာခဲ့သည်။

ကာတာအစိုးရ၏ အဆိုပါကြေညာချက် ပေါ်ထွက်လာခဲ့ပြီးနောက် ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံဈေးနှုန်းများ ကျဆင်းလာခဲ့ရကြောင်း သိရသည်။ **Ref : Xinhua**

**Trs : KKO**

# ဟားမတ်စ်အုပ်စုအပြည့်အဝ လက်နက်ဖြုတ်သိမ်းပြီးမှသာ အစ္စရေးတပ်များ ပြန်လည်ရုပ်သိမ်းမည်ဟု ဝန်ကြီးချုပ် နေတန်ယာဟု ပြောကြား



**ဂျေရုဆလင် ဩဂုတ် ၅**

ဟားမတ်စ်အုပ်စုအနေဖြင့် လက်နက်များ အပြည့်အဝဖြုတ်သိမ်းပေးခြင်းမရှိခဲ့ပါက ဂါဇာကမ်းမြောင်ဒေသရှိ အစ္စရေးတပ်များကို ရုပ်သိမ်းပေးမည်မဟုတ်ကြောင်း အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုက ဩဂုတ် ၄ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာန ယနေ့တွင် ဖော်ပြထားသည်။

၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် ရယူထားသော အချက် ၂၀ ပါ ဂါဇာအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ ဟားမတ်စ်အုပ်စုအနေဖြင့် လက်နက်များ ဖြုတ်သိမ်းပေးရမည်ဖြစ်ပြီး အပြန်အလှန်အနေဖြင့် အစ္စရေးက ဂါဇာကမ်းမြောင်ဒေသရှိ တပ်များကို ပြန်လည် ရုပ်သိမ်းပေးရမည် ဖြစ်သည်။

သို့ရာတွင် အစ္စရေးနိုင်ငံအနေဖြင့် ဟားမတ်စ်အုပ်စု အပြည့်အဝ လက်နက် ဖြုတ်သိမ်းပြီးချိန်ထိတိုင် ဂါဇာကမ်းမြောင်ဒေသရှိ တပ်များကို ပြန်လည်ရုပ်သိမ်းပေးမည်မဟုတ်ကြောင်း အစ္စရေးဝန်ကြီးချုပ်က လူမှုကွန်ရက်စာမျက်နှာ၌ ဩဂုတ် ၄ ရက်တွင် ရေးသားထားသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုက အစ္စရေးနိုင်ငံကိုဝင်ရောက် တိုက်ခိုက်ခဲ့ပြီးနောက် ဂါဇာစစ်ရေးပဋိပက္ခ စတင်ဖြစ်ပွားခဲ့သည်။

လက်ရှိတွင် အစ္စရေးတပ်များက ဂါဇာကမ်းမြောင်ဒေသ၏ ၇၀ ရာခိုင်နှုန်းခန့်ကို ထိန်းချုပ်ထားကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# ကိပ်တောင်း နိုင်ငံတကာလေဆိပ်၌ ခရီးသည်တင်လေယာဉ်ဘီး တာယာပွင့်ထွက်

**ကိပ်တောင်း ဩဂုတ် ၅**

တောင်ဖရိကနိုင်ငံ ကိပ်တောင်းနိုင်ငံတကာလေဆိပ်၌ ဩဂုတ် ၄ ရက်က ခရီးသည်တင်လေယာဉ်တစ်စင်း ဆင်းသက်စဉ် လေယာဉ်ဘီး တာယာပွင့်ထွက်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

လေယာဉ်ဘီး တာယာပွင့်ထွက်ခဲ့ပြီးနောက် လိုက်ပါလာသူ ခရီးသည်များကို ခေါ်ထုတ်နေချိန်တွင် ကိပ်တောင်း နိုင်ငံတကာလေဆိပ် ပင်မ လေယာဉ်ပြေးလမ်းကို ယာယီ ပိတ်ထားခဲ့သည်ဖြစ်ရာ လေကြောင်းခရီးစဉ်များ ကမောက်ကမဖြစ်ခဲ့ရသည်။

ကိပ်တောင်း နိုင်ငံတကာလေဆိပ်အဆင်းတွင် လေယာဉ်ဘီး တာယာပွင့်ထွက်ခဲ့သည့် လေယာဉ်မှာ ကင်ညာလေကြောင်းလိုင်းပိုင် ခရီးသည်တင်လေယာဉ်တစ်စင်းဖြစ်ကြောင်း လေဆိပ်တာဝန်ရှိသူများက ပြောကြားထားသည်။

လေယာဉ်ဘီး တာယာပွင့်ထွက်ခဲ့သော လေယာဉ်မှာ ပြေးလမ်းပေါ်တွင် နာရီအနည်းငယ်ကြာမျှ ရပ်ထားခဲ့ရကြောင်း သိရသည်။

သို့ရာတွင် ကိပ်တောင်းလေဆိပ်သို့ ဆင်းသက်မည့် လေယာဉ်များကို အခြားလေဆိပ်များသို့ လမ်းကြောင်းပြောင်း ဆင်းသက်ရန် ညွှန်ကြားခဲ့ရပြီး ကိပ်တောင်းလေဆိပ်မှထွက်ခွာမည့် နိုင်ငံတကာခရီးစဉ်များကိုမူ ယာယီဆိုင်းငံ့ထားခဲ့ရသည်။

လေယာဉ်ဘီး တာယာပွင့်ထွက်ခဲ့သော ခရီးသည်တင်လေယာဉ်ကို အင်ဂျင်နီယာများနှင့် ကျွမ်းကျင်သူများက ပြင်ဆင်နေသည်ဟု ကင်ညာ လေကြောင်းလိုင်းက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**



# အမေရိကန်လေတပ်စခန်းအတွင်း ဝင်ရောက်ရန် ကြိုးပမ်းခဲ့သော တောင်ကိုရီးယား ကျောင်းသားများ အဖမ်းခံရ

**ဆိုးလ် ဩဂုတ် ၅**

အမေရိကန် ဆန့်ကျင်ရေး ကြွေးကြော်သံများ အော်ဟစ်၍ အမေရိကန် လေတပ်စခန်းတစ်ခုအတွင်း ဝင်ရောက်ရန်ကြိုးပမ်းခဲ့သူ ကျောင်းသားရှစ်ဦးကို ဩဂုတ် ၄ ရက်တွင် ဖမ်းဆီးထိန်းသိမ်းထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ကျောင်းသားအုပ်စုတွင် ကျောင်းသားလေးဦးနှင့် ကျောင်းသူ လေးဦးတို့ပါဝင်ပြီး ဆိုးလ်မြို့အနီးရှိ အိုဆန်လေတပ်စခန်းအတွင်း ဝင်ရောက်ရန် ကြိုးပမ်းခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

အိုဆန်လေတပ် စခန်းအတွင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းနေစဉ် ထိုကျောင်းသားအုပ်စုကို အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ပြီး နောက်ပိုင်းတွင် တောင်ကိုရီးယား အာဏာပိုင်များလက်သို့ လွှဲပြောင်းအပ်နှံခဲ့ကြောင်း တောင်ကိုရီးယားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

လက်ရှိတွင် အဆိုပါ ကျောင်းသားများကို စစ်စခန်းများ ကာကွယ်ရေးဥပဒေတစ်ရပ်အရ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း ရဲတပ်ဖွဲ့ တာဝန်ရှိသူများက ပြောကြားထားသည်။

ကျောင်းသားများသည် အိုဆန်လေတပ်စခန်းအတွင်းသို့ ပင်မဂိတ်တံခါးမှတစ်ဆင့် တရားမဝင်ဝင်ရောက်ရန် ကြိုးပမ်းခဲ့ကြကြောင်း အမေရိကန်တပ်မတော်က သတင်းထုတ်ပြန်ထားသည်။

အိုဆန် လေတပ်စခန်းအတွင်း ဝင်ရောက်ရန် ကြိုးပမ်းခဲ့ကြသော ကျောင်းသားများမှာ တိုးတက်သော ကိုရီးယားတက္ကသိုလ်ကျောင်းသားများသမဂ္ဂမှ ကျောင်းသားများ ဖြစ်ကြကြောင်း သိရသည်။ **Ref : Xinhua**

**Trs : KKO**

# ယီမင်နိုင်ငံအနီး ပင်လယ်နီရေပြင်အတွင်း အိန္ဒိယသင်္ဘောတစ်စီး တိမ်းမှောက်နစ်မြုပ်

**ဒေလီ ဩဂုတ် ၅**

ယီမင်နိုင်ငံအနီးတွင် အိန္ဒိယအလံတင်သင်္ဘောတစ်စီး တိုက်ခိုက်မှုတစ်ရပ်နှင့် ရင်ဆိုင်ခဲ့ရပြီးနောက် တိမ်းမှောက်နစ်မြုပ်ခဲ့ကြောင်း အိန္ဒိယအစိုးရ ရေကြောင်းပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဆာဘာနန်ဒါဆိုနိုဝါလ်က ဩဂုတ် ၄ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမ်အက်စ်ဗွီဖိုင်ဇီနိုရီအိုလီယာ ကုန်တင်သင်္ဘောသည် ပင်လယ်နီရေပြင်အတွင်း တိမ်းမှောက်နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



သို့ရာတွင် ကုန်တင်သင်္ဘောပေါ်၌ လိုက်ပါလာသူ အိန္ဒိယနိုင်ငံသား ၁၃ ဦးအပါအဝင် ရေယာဉ်ဝန်ထမ်း ၁၄ ဦးကို ယီမင်ကမ်းခြေစောင့်တပ်က ကယ်တင်နိုင်ခဲ့ကြောင်း အိန္ဒိယရေကြောင်း ပို့ဆောင်ရေးဝန်ကြီး၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ရှိတွင် အမ်အက်စ်ဗွီဖိုင်ဇီနိုရီအိုလီယာ သင်္ဘောပေါ်မှ သင်္ဘောသားများကို ယီမင်ကမ်းခြေစောင့်တပ်က ယီမင်နိုင်ငံ မိုခါဆိပ်ကမ်းသို့ ပို့ဆောင်ထားကြောင်း သိရသည်။

အဆိုပါ ကုန်တင်သင်္ဘောကို အီရန် ကျောထောက်နောက်ခံပြု ဟူသီလက်နက်ကိုင်အဖွဲ့ ဖောက်ခွဲရေးပစ္စည်း တင်ဆောင်ထားသည့် ရေယာဉ်ငယ်တစ်စီးဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံတကာ အသိအမှတ်ပြု ယီမင်အစိုးရက ပြောကြားထားသည်။

ဟူသီ လက်နက်ကိုင်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် ယီမင်နိုင်ငံကမ်းလွန်ရေပြင်အတွင်းရှိ ရေကြောင်းလမ်းများ၌ သင်္ဘောများ သွားလာမှု ကျဆင်းလျက်ရှိကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# RFA နည်းပညာကုမ္ပဏီက RFA One ဒုံးပျံကို လွှတ်တင်ရန် ကြိုးပမ်းခဲ့သော်လည်း လွှတ်တင်ရေးအစီအစဉ်ကို ဆိုင်းငံ့ထားရ



**ဘာလင် ဩဂုတ် ၅**

ဂျာမနီအခြေစိုက် RFA နည်းပညာကုမ္ပဏီသည် RFA One ဒုံးပျံကို ဇူလိုင် ၃၀ ရက်တွင် လွှတ်တင်ရန်ကြိုးပမ်းခဲ့သော်လည်း ဒုံးပျံလွှတ်တင်ရေးအစီအစဉ်ကို ဆိုင်းငံ့ထားရကြောင်း ဩဂုတ် ၄ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

RFA ကုမ္ပဏီသည် RFA One ဒုံးပျံကို ဗြိတိန်နိုင်ငံ ရှက်လန်းကျွန်းပေါ်ရှိ ဆာရာဗော့ဒ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန်ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ဒုံးပျံမှာ လွှတ်တင်ရန် အဆင်သင့်မဖြစ်သေးသောကြောင့် လွှတ်တင်ရေးအစီအစဉ်ကို ဆိုင်းငံ့ထားရကြောင်း RFA နည်းပညာကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

RFA ကုမ္ပဏီသည် RFA One ဒုံးပျံကို ယခုလအတွင်း သို့မဟုတ် စက်တင်ဘာလအတွင်း လွှတ်တင်ရေးအတွက် ထပ်မံကြိုးပမ်းမည်ဖြစ်ကြောင်း RFA ကုမ္ပဏီက သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

RFA One ဒုံးပျံသည် အဆင့်သုံးဆင့်ပါဝင်ပြီး ဂြိုဟ်တုငယ်များ လွှတ်တင်ရေးအတွက် ပုံစံထုတ်တည်ဆောက်ထားသည့် ဒုံးပျံအမျိုးအစားဖြစ်သည်။

RFA One ဒုံးပျံကို လွှတ်တင်ရန် ဆိုင်းငံ့ထားရသည့်အကြောင်းအရာနှင့်ပတ်သက်၍ RFA ကုမ္ပဏီက အသေးစိတ်သတင်းထုတ်ပြန်ထားခြင်းမရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# ပရိုတင်းစားသုံးမှုလွန်ကဲပါက အသက်တိုနိုင်ကြောင်း သုတေသနပညာရှင်များ ပြောကြား

**နယူးယောက် ဩဂုတ် ၅**

ပရိုတင်းစားသုံးမှု လွန်ကဲပါက အသက်တိုနိုင်ကြောင်း အမေရိကန်နိုင်ငံ ဝစ္စကွန်ဆင်-မက်ဒီဆင်တက္ကသိုလ်မှ သုတေသနပညာရှင်များက ဩဂုတ် ၄ ရက်တွင် ပြောကြားသည်။

ပရိုတင်းစားသုံးမှုကို မြှင့်တင်ပေးပါက ကိုယ်အလေးချိန်ကို လျှော့ချရာတွင် အထောက်အကူပြုနိုင်ပြီး ကြွက်သားများ တည်ဆောက်ရေးအတွက်လည်း အထောက်အကူပေးနိုင်ကြောင်း ကာယဗလလေ့ကျင့်ရေးကျွမ်းကျင်သူများက အကြံပြုလေ့ရှိသည်။

သို့ရာတွင် အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပရိုတင်းစားသုံးမှုကို လျှော့ချခြင်းဖြင့် ကိုယ်အလေးချိန်ကိုလျှော့ချနိုင်သကဲ့သို့ နှလုံးရောဂါများကိုလည်း တိုက်ဖျက်နိုင်ပြီး ဘဝသက်တမ်းကို မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ပရိုတင်းစားသုံးမှုကို ကန့်သတ်ခြင်းဖြင့် ကိုယ်တွင်းဇီဝဓာတုပြောင်းလဲမှုများကို မြှင့်တင်ပေးနိုင်ပြီး ရောင်ရမ်းမှုကိုလည်း လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် ပရိုတင်းစားသုံးမှုကို ကန့်သတ်ခြင်းသည် အိုမင်းမှုကို မြန်ဆန်စေတတ်သော ဆဲလ်များပျက်စီးမှုကိုလည်း လျှော့ချပေးနိုင်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်လာသည့်အာကာသအမှိုက် ပမာဏက တစ်ပတ်လျှင် မက်ထရစ်တန်ချိန် တစ်တန်ခန့်ထိရှိ

**ဝါဆော ဩဂုတ် ၅**



ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည် ဝင်ရောက်လာသည့် အာကာသအမှိုက် ပမာဏသည် တစ်ပတ်လျှင် မက်ထရစ်တန်ချိန် တစ်တန်ခန့်ထိရှိကြောင်း ပိုလန်သိပ္ပံပညာရှင်များက ဩဂုတ် ၄ ရက်တွင် ပြောကြားသည်။

ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ ဒုံးပျံနှင့်ဂြိုဟ်တုများ လွှတ်တင်မှုများပြားလာသည်နှင့်အမျှ ကမ္ဘာမြေပြင်ပေါ်သို့ ကျရောက်လာသည့် အာကာသအမှိုက် ပမာဏမှာလည်း ပိုမိုများပြားလာကြောင်း ပိုလန် အာကာသအေဂျင်စီသိပ္ပံပညာရှင်များက ပြောကြားသည်။

ပိုလန် သိပ္ပံပညာရှင်များ၏ လေ့လာချက်အရ လက်ရှိအချိန်တွင် ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည် ဝင်ရောက်လာသော အာကာသအမှိုက် ပမာဏမှာ တစ်ပတ်လျှင် မက်ထရစ်တန်ချိန် တစ်တန်ခန့်ထိ ရှိကြောင်း သိရသည်။

ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည် ဝင်ရောက်လာသည့် အာကာသ အမှိုက်များအနက် အများစုမှာ လေထုလွှာအတွင်း လောင်ကျွမ်း ပျောက်ကွယ်သွားတတ်ပြီး အချို့အာကာသအမှိုက်များမှာသမုဒ္ဒရာရေပြင်များအတွင်း ကျရောက်ခဲ့ကြောင်း ပိုလန်သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန်အာကာသတပ်ဖွဲ့၏ လေ့လာတွေ့ရှိချက်အရ ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည် ဝင်ရောက်လာသော အရွယ်အစားကြီးမားသည့် အာကာသအမှိုက် အရေအတွက်မှာ ၈၂၀ ခန့်ထိရှိခဲ့ကြောင်း၊ နှိုင်းယှဉ်ကြည့်ပါက ၂၀၁၅ ခုနှစ်အတွင်း ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာသည့် အရွယ်အစားကြီးမားသော အာကာသအမှိုက်အရေအတွက်မှာ ၁၁၀ ထိသာရှိခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# ကမ္ဘာတစ်ဝန်း၌ လွန်ခဲ့သောနှစ်ပေါင်း ၆၆ သန်းက ကျရောက်ခဲ့သည့်ဂြိုဟ်သိမ်ကြောင့် မီးမုန်တိုင်းများပေါ်ထွက်လာပြီး ဒိုင်နိုဆောသတ္တဝါများ သေဆုံးပျောက်ကွယ်ခဲ့

**ဝါရှင်တန် ဩဂုတ် ၅**

ကမ္ဘာတစ်ဝန်း၌ လွန်ခဲ့သောနှစ်ပေါင်း ၆၆ သန်းက ကျရောက်ခဲ့သည့် ဂြိုဟ်သိမ်ကြောင့် ပြင်းထန်သည့်မီးမုန်တိုင်းများပေါ်ထွက်လာပြီး ဒိုင်နိုဆောသတ္တဝါများသေဆုံးပျောက်ကွယ်ခဲ့ရခြင်းဖြစ်ကြောင်း ဩဂုတ် ၄ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

ရှေးယခင်ကမူ ချစ်ဆူးလက်အမည်ရှိ အဆိုပါဂြိုဟ်သိမ်ကျရောက်မှုကြောင့် မီးမုန်တိုင်းများပေါ်ထွက်လာခဲ့ပြီး ဒိုင်နိုဆောသတ္တဝါများ သေဆုံးခဲ့ရခြင်းဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက ယူဆထားကြသည်။

လွန်ခဲ့သောနှစ်ပေါင်း ၆၆ သန်းက အချင်းခြောက်မိုင်ရှိ ချစ်ဆူးလက်ဂြိုဟ်သိမ်သည် ယနေ့ခေတ်မက္ကဆီကိုနိုင်ငံ ယူကာတန်ကျွန်းဆွယ်ဒေသ၌ ကျရောက်ခဲ့ကြောင်း သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များ လေ့လာတွေ့ရှိချက်အရ အဆိုပါဂြိုဟ်သိမ် ကျရောက်ခဲ့ပြီးနောက် ပေါ်ထွက်လာသည့် အပူချိန်သည် လူသားများ သေဆုံးသွားနိုင်လောက်သည့်အပူချိန်ထက် ၁၇ ဆ ပိုမြင့်မားခဲ့ကြောင်း သိရသည်။

ချစ်ဆူးလက်ဂြိုဟ်သိမ် ကျရောက်ချိန်တွင် ကမ္ဘာပေါ်ရှိ ကျောက်သားများအရည်ပျော်၍ အချို့ဒြပ်စင်များမှာ Spherules ခေါ် အမှုန်များအဖြစ် စုစည်းမိခဲ့ပြီး ကမ္ဘာ့လေထုလွှာအတွင်းသို့ တစ်စက္ကန့်လျှင် မိုင်အနည်းငယ်နှုန်းဖြင့် ပြန်လည်ကျရောက်လာခဲ့ကြသည်။

Spherules ရုပ်မှုန်များ ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ကျဆင်းလာချိန်တွင် လေထုပွတ်အားကြောင့် ပြင်းထန်သည့်အပူဓာတ်များပေါ်ထွက်လာပြီး ကမ္ဘာမြေမှာ အပူဓာတ်ပြင်းထန်သောဘွိုင်လာအိုးကြီးသဖွယ် ဖြစ်ခဲ့ရကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Xinhua News

Trs : KKO

# သွေးတိုးရောဂါမြင့်တက်မှုကို ပိုတက်စီယမ်စားသုံးမှုမြှင့်တင်ခြင်း၊ ဆိုဒီယမ်စားသုံးမှုလျှော့ချခြင်းတို့ဖြင့် ထိရောက်စွာထိန်းချုပ်နိုင်

**လန်ဒန် ဩဂုတ် ၅**

သွေးတိုးရောဂါ မြင့်တက်မှုကို ပိုတက်စီယမ်စားသုံးမှု မြှင့်တင်ခြင်း၊ ဆိုဒီယမ်စားသုံးမှုလျှော့ချခြင်းတို့ဖြင့် ထိရောက်စွာထိန်းချုပ်နိုင်ကြောင်း သုတေသနပညာရှင်များက ဩဂုတ် ၄ ရက်တွင် ပြောကြားသည်။

သွေးတိုးရောဂါ (Hypertension)တစ်ကမ္ဘာလုံး အတိုင်းအတာအရ လူပေါင်း ၁ ဒသမ ၂၈ ဘီလီယံကျော် ခံစားနေရသည့် ရောဂါတစ်မျိုး ဖြစ်ကြောင်း သိရသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ သွေးတိုးရောဂါသည် နှလုံးရောဂါများ၏ အဓိကနောက်ခံအကြောင်းတရား ဖြစ်ကြောင်း သိရသည်။

သွေးတိုးရောဂါနှင့် နောက်ဆက်တွဲ နှလုံးရောဂါများဖြစ်နိုင်ခြေကိုလျှော့ချရာတွင် အထိရောက်ဆုံးနည်းလမ်းတစ်ရပ်မှာ ဆိုဒီယမ်ဆားဓာတ် စားသုံးမှုကို လျှော့ချရန်လိုအပ်ကြောင်း ဆေးပညာရှင်များက အကြံပြုထားသည်။

သို့ရာတွင် ဗြိတိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဆိုဒီယမ်စားသုံးမှုကို လျှော့ချခြင်းနှင့် ပိုတက်စီယမ်စားသုံးမှုကိုမြှင့်တင်ခြင်း နှစ်မျိုးပေါင်းနည်းဗျူဟာမှာ သွေးတိုးရောဂါကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ကြောင်း သိရသည်။

ဆိုဒီယမ်ဆားဓာတ်စားသုံးမှု လွန်ကဲခြင်းနှင့် ပိုတက်စီယမ်စားသုံးမှုနည်းပါးခြင်းသည် သွေးတိုးရောဂါ၏ အဓိကနောက်ခံအကြောင်းတရား ဖြစ်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

ပိုတက်စီယမ်သည် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပဲအမျိုးမျိုးနှင့် နို့ထွက်ပစ္စည်းများတွင် ပါဝင်သည့် ဓာတ်တစ်မျိုးဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## မန္တလေးမြို့တွင် ပထမဆုံးအကြိမ် အမျိုးသမီးစနူကာပြိုင်ပွဲကို ကျင်းပမည်

မန္တလေး သြဂုတ် ၅

မန္တလေးတိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာဆပ်ကော်မတီနှင့် 9 Billiardand Snooker (Mandaly)တို့ ပူးပေါင်းကျင်းပမည့် မန္တလေးတိုင်းဒေသကြီးဘိလိယက်နှင့် စနူကာဆပ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသမီးစနူကာပြိုင်ပွဲကို မန္တလေးမြို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ယခင်က အမျိုးသမီးသီးသန့် စနူကာပြိုင်ပွဲကို ကျင်းပခြင်းမရှိခဲ့ဘဲ ယခုအခါမှသာ မန္တလေးမြို့တွင် ပထမဆုံးအကြိမ်အဖြစ် စတင်ကျင်းပမည်ဖြစ်သည်။

အဆိုပါမန္တလေးတိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာဆပ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသမီးစနူကာပြိုင်ပွဲကို သြဂုတ် ၁၀ ရက်တွင် မန္တလေးမြို့ ၃၆ လမ်း- ၆၃ လမ်းထောင့်ရှိ 9 Snooker Club ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် ပြိုင်ပွဲဝင်ကြေးပေးချေရန် မလိုအပ်ဘဲ မြန်မာ့လက်ရွေးစင် စနူကာအဆင့်တွင် ဆုရရှိဖူးသူများကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်တားမြစ်ထားသည်။

မန္တလေးတိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာဆပ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသမီးစနူကာပြိုင်ပွဲတွင် ဆုကြေးငွေများအဖြစ် ပထမဆုအတွက် ငွေကျပ် ၁၀၀၀၀၀၀၊ ဒုတိယဆုအတွက် ငွေကျပ် ၅၀၀၀၀၀၊ တတိယဆုအတွက် ငွေကျပ် ၂၀၀၀၀၀ အသီးသီး ချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

STA

## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များဆက်လက်ကျင်းပ

နေပြည်တော် သြဂုတ် ၅



အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန အသင်းက ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အသင်းကို ၁၀ ဂိုး တစ်ဂိုး၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အသင်းကို ၂၃ ဂိုး ဂိုးမရှိ၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာန အသင်းကို သုံးဂိုး တစ်ဂိုး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အသင်းက ကျန်းမာရေးဝန်ကြီးဌာန အသင်းကို ၁၉ ဂိုး ဂိုးမရှိ၊ အားကစားရေးရာဝန်ကြီးဌာနအသင်းက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အသင်းကို လေးဂိုး နှစ်ဂိုး၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အသင်းကို လေးဂိုး တစ်ဂိုးဖြင့် အသီးသီး အနိုင်ရရှိခဲ့ကြသည်။

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် သြဂုတ် ၆ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ ပညာရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အသင်းနှင့် သာသနာရေးဝန်ကြီးဌာန အသင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအသင်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန အသင်းတို့ ဆက်လက်ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

## Cincinnati Masters တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ကြောင်း အယ်ကာရက်ဇ် ကြေညာ



အိုဟိုင်းယိုး သြဂုတ် ၅

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် မက်ဆင်မြို့တွင် ကျင်းပမည့် Cincinnati Masters တင်းနစ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ကမ္ဘာ့အဆင့်(၂) စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်က ကြွခိုင်မှု ရာနှုန်းပြည့်ကောင်းမွန်ခြင်းမရှိသေးသည့်အတွက် ပြိုင်ပွဲမှနုတ်ထွက်ကြောင်း ကြေညာခဲ့သည်ဟု Ubi Tennis သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်သည် ယခုနှစ်အတွင်း ဒဏ်ရာပြဿနာများကြောင့် ကာလရှည် အနားယူခဲ့ရသည့်အတွက် ကမ္ဘာ့အဆင့်(၁)နေရာမှ ကမ္ဘာ့အဆင့်(၂)နေရာသို့ ကျဆင်းခဲ့ရသည်။

Cincinnati Masters တင်းနစ်ပြိုင်ပွဲသည် U.S.Open တင်းနစ်ပြိုင်ပွဲမတိုင်မီ အကြိုကျင်းပသည့် ပြိုင်ပွဲဖြစ်ပြီး အယ်ကာရက်ဇ်သည် U.S.Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဦးစားပေးလိုသည့်အတွက် Cincinnati Masters တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီမှ ပြောရေးဆိုခွင့်ရှိသူက "အယ်ကာရက်ဇ်ဟာ ပြိုင်ပွဲအတွင်းပြန်ဝင်နိုင်ဖို့အတွက် သူလုပ်နိုင်တာမှန်သမျှ ကြိုးစား လုပ်ဆောင်နေတယ်ဆိုတာ ကျွန်တော်တို့သိပါတယ်။ ကစားသမားတစ်ယောက်အနေနဲ့ ကြွခိုင်မှုမပြည့်ဝဘဲ ပြိုင်ပွဲဝင်တာဟာ စွန့်စားရာကျပါတယ်။ ဒါကြောင့် သူ့ရဲ့ဆုံးဖြတ်ချက်နဲ့ ပတ်သက်ပြီး ကျွန်တော်တို့အပြည့်အဝနားလည်ပါတယ်။ အယ်ကာရက်ဇ်ပြိုင်ပွဲအတွင်း အမြန်ဆုံး ပြန်လည် ဝင်ရောက်လာနိုင်ပါစေလို့ဆုတောင်းပေးပါတယ်။ လက်ရှိချန်ပီယံတစ်ယောက် ပြိုင်ပွဲထဲပါမလာတာကတော့ စိတ်မကောင်းဖြစ်ရပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Ubi Tennis
Trs : AZL

## အာဆင်နယ်အသင်းက ခေါ်ယူခဲ့သည့် ကစားသမားများထဲတွင် ဂူမာရေ့စ်က ဒုတိယမြောက် ပြောင်းရွှေ့ကြေးအများဆုံးကစားသမား ဖြစ်လာ

လန်ဒန် သြဂုတ် ၅

အာဆင်နယ် အသင်းသည် လက်ရှိနွေရာသီ ကစားသမား အပြောင်းအရွှေ့ ကာလအတွင်း နယူးကာဆယ်အသင်းမှ ကွင်းလယ်ကစားသမား ဂူမာရေ့စ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၇၅ သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သောကြောင့် ၎င်းသည် အာဆင်နယ် အသင်းအတွက် ဒုတိယမြောက် ပြောင်းရွှေ့ကြေး အများဆုံး ကစားသမားဖြစ်လာခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အာဆင်နယ်အသင်း သမိုင်းတစ်လျှောက် အပြောင်းအရွှေ့ကာလများတွင် ခေါ်ယူခဲ့သည့် ပြောင်းရွှေ့ကြေးအများဆုံး ကစားသမားမှာ ဝက်စ်ဟမ်းအသင်းမှ စတာလင်ပေါင် ၁၀၅ သန်းဖြင့် ခေါ်ယူခဲ့သည့် ဒီကလန်ရိုက်က ထိပ်ဆုံးမှ ရပ်တည်နေပြီး ၎င်းနောက်တွင် ဂူမာရေ့စ်က ဒုတိယနေရာ၌ ရပ်တည်ခဲ့သည်။

ထို့ပြင် ပြင်သစ်ကလပ်လိုင်လီ အသင်းမှစတာလင်ပေါင် ၆၈ဒသမ ၅ သန်းဖြင့်ခေါ်ယူခဲ့သည့် နီကိုလပ်ပီပီ၊ ချဲလ်ဆီးအသင်းမှ စတာလင်ပေါင် ၆၇ ဒသမ ၅ သန်းဖြင့် ခေါ်ယူခဲ့သည့် ကိုင်ဟာဗက်ဇ်၊ ပဲလေ့စ်အသင်းမှ စတာလင်ပေါင် ၆၇ ဒသမ ၅ သန်းဖြင့် ခေါ်ယူခဲ့သည့် အက်ဇီ၊ ဒေါ့မွန်အသင်းမှ စတာလင်ပေါင် ၅၅ ဒသမ ၅ သန်းဖြင့် ခေါ်ယူခဲ့သည့် အူဘာမီယန်၊ စပို့တင်းလစ္စဘွန်း အသင်းမှ စတာလင်ပေါင် ၅၄ သန်းဖြင့် ခေါ်ယူခဲ့သည့် ဂိုကာရက်စ်၊ ဆိုစီဒက်အသင်းမှ စတာလင်ပေါင် ၅၁ သန်းဖြင့် ခေါ်ယူခဲ့သည့် ဇူဘီမန်ဒီ၊ ဘရိုက်တန်အသင်းမှ စတာလင်ပေါင် သန်း ၅၀ ဖြင့် ခေါ်ယူခဲ့သည့် ဘန်ဝိုက်၊ ချဲလ်ဆီးအသင်းမှ စတာလင်ပေါင် ၄၈ သန်းဖြင့် ခေါ်ယူခဲ့သည့် မက်ဒူခီ၊ လိုင်ယွန်အသင်းမှ စတာလင်ပေါင် ၄၅ သန်းဖြင့် ခေါ်ယူခဲ့သည့် လာကာဇက်တို့က ပြောင်းရွှေ့ကြေး အများဆုံး ကစားသမားစာရင်းတွင် အစဉ်လိုက် ရပ်တည်နေကြောင်း သိရသည်။

Ref : ESPN
Trs : ML

## Lemino Shooto-8 MMA ပြိုင်ပွဲတွင် ချင်းဖိုက်တာ တီရယ်ထန်က ဂျပန်ဖိုက်တာ ကာဝါနာမက်စ်နှင့် ထိုးသတ်ရမည်

ရန်ကုန် သြဂုတ် ၅




ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပမည့် MMA ပရိုမိုးရှင်းပြိုင်ပွဲတစ်ခုဖြစ်သည့် Lemino Shooto-8 MMA ပြိုင်ပွဲတွင် မြန်မာ့နွယ်ဖွား ချင်းဖိုက်တာ တီရယ်ထန်က ဂျပန်ဖိုက်တာ ကာဝါနာမက်စ်နှင့် ထိုးသတ်ရမည် ဖြစ်ကြောင်း သိရသည်။

တီရယ်ထန်သည် ONE Championship အဖွဲ့ချုပ်နှင့် စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် အစောပိုင်းက မြန်မာ့နွယ်ဖွား ကချင်ဖိုက်တာ အောင်လအန်ဆန်နှင့်အတူ မြန်မာနိုင်ငံကိုယ်စားပြုပြီး MMA ပြိုင်ပွဲများတွင် ဝင်ရောက်ထိုးသတ်နေသူဖြစ်ပြီး နောက်ပိုင်းတွင် MMA ပြိုင်ပွဲများနှင့် ကာလအတန်ကြာ ဝေးကွာနေခဲ့ပြီးနောက် ယခုအခါ Lemino Shooto-8 MMA ပြိုင်ပွဲတွင် ပြန်လည်ဝင်ရောက်ထိုးသတ်မည်ဖြစ်သည်။

Lemino Shooto-8 MMA ပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် တွဲဆိုင်းများအားလုံးကို ကြေညာထားခြင်းမရှိသေးဘဲ တီရယ်ထန်နှင့် ကာဝါနာမက်စ်တို့တွဲဆိုင်းကို အစောဆုံးကြေညာခဲ့ခြင်း ဖြစ်သည်။

တီရယ်ထန်သည် ပရော်ဖက်ရှင်နယ် MMA ကစားသမားဘဝတွင် ၁၃ ပွဲထိထိုးသတ်ခဲ့ပြီး ရှစ်ပွဲနိုင်၊ ငါးပွဲရှုံးရလဒ် ရရှိထားသူဖြစ်သည်။

တီရယ်ထန်နှင့် ကာဝါနာမက်စ်တို့တွဲဆိုင်းပါဝင်မည့် Lemino Shooto-8 MMA ပြိုင်ပွဲကို လာမည့် စက်တင်ဘာ ၂၄ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ကိုရာကူရင်ခန်းမတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ



တောင်ကြီး ဩဂုတ် ၅

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသားပြိုင်ပွဲ အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ မွန်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို ရမှတ် ၆၃မှတ် ၂၉ မှတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ရမှတ် ၈၁ မှတ် ၃၀ မှတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ရမှတ် ၉၉ မှတ် ၇၈ မှတ်၊ ချင်းပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းကို ရမှတ် ၅၂ မှတ် ၄၅ မှတ်၊ ကချင်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ရမှတ် ၉၄ မှတ် ၇၀ မှတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို ရမှတ် ၆၃ မှတ် ၄၀ မှတ်ဖြင့် အသီးသီးအနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး အမျိုးသမီးပြိုင်ပွဲ အုပ်စုပွဲစဉ်များကစားခဲ့ရာ မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ရမှတ် ၃၈ မှတ် ၃၃ မှတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို ရမှတ် ၅၃ မှတ် ၄၉ မှတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ရမှတ် ၂၉ မှတ် ၁၂ မှတ်၊ မကွေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ရမှတ် ၆၀ မှတ် ၂၆ မှတ်ဖြင့် အသီးသီးအနိုင်ရရှိခဲ့ကြသည်။

အဆိုပါပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဩဂုတ် ၆ ရက်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း)တောင်ကြီးမြို့ ပြည်နယ် လေ့ကျင့်ရေးအားကစားရုံတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# ပက်ထရစ်ရိက 2026 Amgen Irish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်မည်ဟု ကြေညာ

အီဒင်ဘာ့ဂ် ဩဂုတ် ၅

2026 Amgen Irish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက် ကစားသမား ပက်ထရစ်ရိက ပါဝင်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့ကြောင်း ယနေ့တွင် ကြေညာခဲ့သည်ဟု Golf Magic သတင်းဌာနက ဖော်ပြခဲ့သည်။

ထို့ပြင် လက်ရှိ ချန်ပီယံဖြစ်သူ မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီရွိုင်းသည် ဇူလိုင်လကတည်းက ပြိုင်ပွဲတွင်ပါဝင်ကာ လက်ရှိချန်ပီယံကို ကာကွယ်မည်ဖြစ်ကြောင်း ကြေညာထားပြီးဖြစ်သည်။

ပက်ထရစ်ရိက "ကျွန်တော့်အနေနဲ့ ဒီနှစ်မှာတော့ 2026 Amgen Irish Open ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားဖို့ ဆုံးဖြတ်လိုက်ပါတယ်။ စကော့တလန်နိုင်ငံဟာ ဂေါက်သီးရိုက်အားကစားနဲ့ ပတ်သက်ပြီးတော့ သမိုင်းကြောင်းကောင်းတဲ့ နိုင်ငံပါ။ စကော့တလန် ပရိသတ်တွေကလဲ ဂေါက်သီးရိုက်ပြိုင်ပွဲတွေမှာ ပတ်ဝန်းကျင်အသစ် တစ်ခုလိုဖြစ်သွားအောင် ဖန်တီးနိုင်ကြတဲ့ ပရိသတ်တွေပါ။ 2026 Amgen Irish Open ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားဖို့အတွက် သိပ်ကို စိတ်လှုပ်ရှားနေပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Magic

Trs : AZL

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၈)တွင် ရှမ်းယူနိုက်တက်အသင်းနှင့် ISPEအသင်းတို့နိုင်ပွဲ ကိုယ်စီရရှိ

ရန်ကုန် ဩဂုတ် ၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၈) ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၈)ပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ISPE အသင်းနှင့် မြဝတီအသင်းတို့ ကစားခဲ့ရာ ISPE အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၇၅ မိနစ်၊ ၈၈ မိနစ်၊ မိနစ် ၉၀ ပြည့်ပြီး အချိန်ပို ၃မိနစ်တို့တွင် လင်းမြင့်မိုရ်က ဟက်ထရစ်သွင်းဂိုး သွင်းယူခဲ့ခြင်းဖြစ်သည်။

အလားတူ ညနေ ၃ နာရီခွဲက ပဒုမ္မာ အားကစားကွင်းတွင် ရတနာပုံအက်ဖ်စီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၈ မိနစ်တွင် ယုယုနိုင်၊ ပွဲချိန် ၃၂ မိနစ်တွင် ဆောင်းနှင်းဖွေးတို့ကသွင်းယူခဲ့ပြီး ရတနာပုံအက်ဖ်စီအသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၆၈ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ဝင်းသီဂီထွန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၈)အပြီးတွင် ISPE အသင်းက ခုနစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ရှုံးပွဲမရှိသေးဘဲ ရမှတ် ၂၂ မှတ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးမှ ဆက်လက် ဦးဆောင်နေကြောင်း သိရသည်။

STA

# ASEAN Hyundai Cup 2026 ပြိုင်ပွဲ သွင်းဂိုးအများဆုံးကစားသမားစာရင်း၌ မြန်မာအသင်းမှ ဝင်းနိုင်ထွန်းနှင့် အင်ဒိုနီးရှားအသင်းမှ ဘာကာတို့ ထိပ်ဆုံးမှပူးတွဲဦးဆောင်

ရန်ကုန် ဩဂုတ် ၅

ASEAN Hyundai Cup 2026 ပြိုင်ပွဲ အုပ်စုပွဲစဉ်များပြီးဆုံးရန် တစ်ပွဲအလိုတွင် သွင်းဂိုးအများဆုံး ကစားသမားစာရင်း၌ မြန်မာအသင်းမှ ဝင်းနိုင်ထွန်းနှင့် အင်ဒိုနီးရှားအသင်းမှ ဘာကာတို့က သွင်းဂိုး လေးဂိုးစီဖြင့် ထိပ်ဆုံးတွင် ပူးတွဲဦးဆောင်နေကြောင်း သိရသည်။



လက်ရှိ ASEAN Hyundai Cup 2026 ပြိုင်ပွဲတွင် မြန်မာအသင်းအနေဖြင့် ရလဒ်ကောင်းများ ရရှိနေသကဲ့သို့ ဝင်းနိုင်ထွန်းသည်လည်း မြန်မာအသင်းနှင့်အတူ ဖိလစ်ပိုင်အသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုး သွင်းယူခဲ့သကဲ့သို့ ပြီးခဲ့သည့် လာအိုအသင်းနှင့် ပွဲစဉ်တွင်လည်း သွင်းဂိုး သုံးဂိုး သွင်းယူထားပြီး ဂိုးဖန်တီးမှု တစ်ကြိမ် ပြုလုပ်ခဲ့ပြီးနောက် သွင်းဂိုး အများဆုံး ကစားသမားစာရင်းတွင် ထိပ်ဆုံးမှ ရပ်တည်နေခြင်းဖြစ်သည်။

အလားတူ ASEAN Hyundai Cup 2026 ပြိုင်ပွဲတွင် သွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင် မြန်မာအသင်းမှ သန်းပိုင်သည်လည်း သုံးဂိုး သွင်းယူထားပြီး ဝင်းနိုင်ထွန်းနှင့် ဘာကာတို့နောက် သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်နေခြင်းဖြစ်သည်။

ထို့ပြင် ASEAN Hyundai Cup 2026 ပြိုင်ပွဲတွင် အုပ်စုပြီးဆုံးရန် တစ်ပွဲအလိုတွင် ဂိုးဖန်တီးမှုအများဆုံး ကစားသမားစာရင်းတွင်လည်း မြန်မာအသင်းခေါင်းဆောင် မောင်မောင်လွင်က လေးကြိမ်ထိ ပြုလုပ်ထားပြီး ဂိုးဖန်တီးမှု အများဆုံးကစားသမားအဖြစ် ရပ်တည်နေကြောင်း သိရသည်။

STA

# WBO ကမ္ဘာ့ဟဲဗီးဝိတ်တန်း ယာယီချန်ပီယံဟောင်း ဂျိုးဆပ်ပါကား၏ ပွဲပယ်ပြစ်ဒဏ်ကို ကင်းလွတ်ခွင့်ပေးခဲ့ကြောင်း UKAD ထုတ်ပြန်



ဝယ်လင်တန် ဩဂုတ် ၅

WBO ကမ္ဘာ့ဟဲဗီးဝိတ်တန်း ယာယီ ချန်ပီယံဟောင်းဖြစ်သူ နယူးဇီလန် လက်ဝှေ့သမား ဂျိုးဆပ်ပါကားသည် တားမြစ်ဆေးဝါးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည့်အတွက် ပွဲပယ်ပြစ်ဒဏ်ဖြင့် ရစ်လကျော် ရင်ဆိုင်ခဲ့ရပြီးနောက် ဗြိတိန်တားမြစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ (UKAD)က ဂျိုးဆပ်ပါကားကို ပွဲပယ်ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ပြုခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်ဟု Fight Mag သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုးဆပ်ပါကားသည် ၂၀၂၄ ခုနှစ် မတ်လတွင် တရုတ်လက်ဝှေ့သမား ကျီလီကျန်းကို အနိုင်ရပြီး WBO ကမ္ဘာ့ဟဲဗီးဝိတ်တန်း ယာယီချန်ပီယံဖြစ်လာခဲ့သည်။

ထို့နောက် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် ဗြိတိန်လက်ဝှေ့သမား ဖေဘီယိုနှင့် လက်ရှိ ယာယီချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်ကို ထိုးသတ်ခဲ့ရာ ဒိုင်ပွဲရပ်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ဆေးစစ်မှုခံယူခဲ့ရာတွင် တားမြစ်ဆေးဝါးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ရပြီး ပွဲပယ်ပြစ်ဒဏ်ဖြင့် စတင်ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

ဂျိုးဆပ်ပါကားက "ပွဲပယ်ပြစ်ဒဏ်ကနေ လွတ်မြောက်လာလို့ ဝမ်းသာပါတယ်။ ကျွန်တော့်အနေနဲ့ ကြိုးဝိုင်းထဲ အမြန်ဆုံးပြန်ဝင်နိုင်အောင် ကြိုးစားသွားပါမယ်။ ကမ္ဘာ့ ချန်ပီယံခါးပတ်တွေကို ပြန်ယူနိုင်အောင် လေ့ကျင့်မှုပိုင်းမှာ အချိန်ပေးသွားမယ်။ ပွဲပယ်ပြစ်ဒဏ်ကနေ လွတ်မြောက်လာလို့ ကျွန်တော့်ကိုကြိုဆိုခဲ့ကြတဲ့ နယူးဇီလန် ပရိသတ်တွေကိုလဲ ကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Fight Mag

Trs : AZL

# အသက်ရှည်ပြီး ကျန်းမာစွာနေထိုင်နိုင်ရန် အချက် ၁၀ ချက်

မန္တလာဆရာမျိုး

**ယခင်တစ်ပတ်မှအဆက်**

**၉။ ကာကွယ်ဆေးသည် ကလေးများအတွက်သာ မဟုတ်ပါ**

လူအများသည် ကာကွယ်ဆေးထိုးခြင်းကို ကလေးဘဝနှင့်သာ ဆက်စပ်စဉ်းစားတတ်ကြသည်။ အမှန်မှာ လူကြီးများနှင့် သက်ကြီးရွယ်အိုများအတွက်လည်း အသက်အရွယ်၊ ရောဂါအခြေအနေနှင့် အန္တရာယ်အလိုက် လိုအပ်သောကာကွယ်ဆေးများရှိသည်။

အသက်ကြီးလာသည်နှင့်အမျှ ကိုယ်ခံအားစနစ်၏ တုံ့ပြန်နိုင်မှု လျော့နည်းလာတတ်သဖြင့် တုပ်ကွေးရောဂါ၊ အဆုတ်ရောင်ရောဂါနှင့် အခြားကူးစက်ရောဂါအချို့သည် ပိုမိုပြင်းထန်နိုင်သည်။ ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ ကျောက်ကပ်ရောဂါနှင့် ကင်ဆာရောဂါရှိသူများတွင် ကူးစက်ရောဂါကြောင့် နောက်ဆက်တွဲပြဿနာဖြစ်နိုင်ခြေ ပိုမြင့်နိုင်သည်။

လူတစ်ဦးလိုအပ်သည့် ကာကွယ်ဆေးများမှာ နေထိုင်ရာဒေသ၊ အသက်၊ အလုပ်အကိုင်၊ ရောဂါရာဇဝင်နှင့် ယခင်ကာကွယ်ဆေးထိုးထားမှုအပေါ် မူတည်သည်။ တုပ်ကွေးရောဂါ၊ ကိုဗစ်-၁၉ ရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ ဘီ၊ အဆုတ်ရောင်ပိုး၊ ရေယုန်နှင့် အခြားကာကွယ်ဆေးများကို လိုအပ်ချက်အလိုက် ထိုးနှံနိုင်သည်။

ကာကွယ်ဆေးထိုးခြင်းသည် ကူးစက်မှုအားလုံးကို ရာနှုန်းပြည့်တားဆီးပေးမည်ဟု မဆိုနိုင်သော်လည်း ရောဂါဖြစ်နိုင်ခြေ၊ ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်။ မိမိအတွက် လိုအပ်သော ကာကွယ်ဆေးနှင့် ထိုးသင့်သည့်အချိန်ကို ကျန်းမာရေးပညာရှင်နှင့် တိုင်ပင်သင့်သည်။

**၁၀။ လူမှုဆက်ဆံရေး၊ ဦးနှောက်လှုပ်ရှားမှုနှင့် ဘဝရည်ရွယ်ချက်ကို ထိန်းသိမ်းပါ**

ကျန်းမာစွာ အသက်ရှည်ခြင်းအတွက် အစားအသောက်နှင့် လေ့ကျင့်ခန်းတင်မက လူတစ်ဦး၏ လူမှုဘဝနှင့် စိတ်ပိုင်းဆိုင်ရာအခြေအနေတို့လည်း အရေးကြီးသည်။ အထီးကျန်ခြင်းနှင့် လူမှုဆက်ဆံရေးပြတ်တောက်ခြင်းသည် စိတ်ကျရောဂါ၊ လှုပ်ရှားမှုနည်းခြင်း၊ အစားအသောက်မမှန်ခြင်းနှင့် မှတ်ဉာဏ်ကျဆင်းခြင်းတို့နှင့် ဆက်စပ်နိုင်သည်။ မိသားစု၊ သူငယ်ချင်းနှင့် အိမ်နီးချင်းများနှင့် အဆက်အသွယ်ထားခြင်း၊ ဘာသာရေးနှင့် လူမှုရေးလှုပ်ရှားမှုများတွင် ပါဝင်ခြင်း၊ စေတနာ့ဝန်ထမ်းလုပ်ငန်းများ လုပ်ဆောင်ခြင်း၊ အတူလမ်းလျှောက်ခြင်း နှင့်အတူစားသောက်စကားပြောခြင်းတို့သည် လူမှုဆက်နွယ်မှုကို ခိုင်မာစေနိုင်သည်။

အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန၏ ကျန်းမာစွာအိုမင်းရေး အကြံပြုချက်များတွင် အာဟာရကောင်းမွန်ခြင်း၊ ပုံမှန်လှုပ်ရှားခြင်း၊ လုံလောက်စွာအိပ်ခြင်း၊ ဦးနှောက်ကို ဆက်လက်လှုံ့ဆော်အသုံးပြုခြင်း၊ လူမှုဆက်ဆံရေးရှိခြင်းနှင့် စိတ်ခံစားမှုကျန်းမာရေးကို ဂရုစိုက်ခြင်းတို့ ပါဝင်သည်။ ဦးနှောက်သည်လည်း ကြွက်သားများကဲ့သို့ အသုံးပြုမှုလိုအပ်သည်။ စာဖတ်ခြင်း၊ စာရေးခြင်း၊ တူရိယာတီးခြင်း၊ ဘာသာစကားအသစ်သင်ယူခြင်း၊ တွက်ချက်ခြင်း၊ ပဟေဠိဖြေခြင်းနှင့် အခြားသူများကို သင်ကြားပေးခြင်းတို့သည် ဦးနှောက်ကို လှုံ့ဆော်ပေးနိုင်သည်။ သို့သော် ဦးနှောက်လေ့ကျင့်ခန်းတစ်မျိုးတည်းဖြင့် မှတ်ဉာဏ်ချို့ယွင်းမှုအားလုံးကို တားဆီးနိုင်မည်ဟု မဆိုနိုင်ပေ။ ကိုယ်လက်လှုပ်ရှားမှု၊ သွေးပေါင်ချိန်နှင့် သွေးချိုထိန်းချုပ်မှု၊ အိပ်စက်မှု၊ နားကြားနိုင်မှုနှင့် လူမှုဆက်ဆံရေးတို့ကိုပါ ပေါင်းစပ်ဂရုစိုက်ရန် လိုအပ်သည်။

ဘဝတွင် ရည်ရွယ်ချက်တစ်ခုရှိခြင်းသည်လည်း အရေးကြီးသည်။ ရည်ရွယ်ချက်ဆိုသည်မှာ ကြီးမားသော အောင်မြင်မှုတစ်ခုဖြစ်ရမည် မဟုတ်ပေ။ မိသားစုကို စောင့်ရှောက်ခြင်း၊ မြေးများကို ပညာသင်ပေးခြင်း၊ ပန်းပင်စိုက်ခြင်း၊ လူငယ်များကို အတွေ့အကြုံမျှဝေပေးခြင်း သို့မဟုတ် ရပ်ရွာအကျိုးပြုလုပ်ငန်းတွင် ပါဝင်ခြင်းတို့သည်လည်း အဓိပ္ပာယ်ရှိသော ရည်ရွယ်ချက်များဖြစ်သည်။

**အခြေခံသော့ချက်များကို လက်တွေ့ဘဝတွင် ဘယ်လိုစတင်မလဲ**

အသက်ရှည်ပြီး ကျန်းမာစွာနေထိုင်နိုင်ရန် အချက် ၁၀ ချက် အားလုံးကို တစ်ရက်တည်းဖြင့် ပြည့်စုံအောင်ပြောင်းလဲရန် ကြိုးစားပါက ပင်ပန်းပြီး အလေ့အကျင့် မတည်မြဲနိုင်ပေ။ အောင်မြင်သော ကျန်းမာရေးပြောင်းလဲမှုသည် သေးငယ်သော်လည်း ပုံမှန်လုပ်ဆောင်နိုင်သည့် အဆင့်များမှ စတင်သည်။

ပထမအပတ်တွင် အချိုရည်တစ်ခွက်ကို ရေဖြင့် အစားထိုးနိုင်သည်။ နောက်အပတ်တွင် ညစာစားပြီး ၁၅ မိနစ်ခန့် လမ်းလျှောက်နိုင်သည်။ ထို့နောက် နေ့စဉ်အိပ်ချိန်ကို တစ်ချိန်တည်း သတ်မှတ်ခြင်း၊ ဟင်းတစ်နပ်လျှင် ဟင်းသီးဟင်းရွက်တစ်မျိုး တိုးစားခြင်းနှင့် တစ်နာရီကြာထိုင်ပြီးတိုင်း မတ်တတ်ထလှုပ်ရှားခြင်းတို့ကို ဖြည်းဖြည်းချင်း ထည့်သွင်းနိုင်သည်။

အပြည့်အဝမလုပ်နိုင်လျှင် မလုပ်တော့ဘူး ဟူသော အတွေးကို ရှောင်သင့်သည်။ တစ်ရက် လေ့ကျင့်ခန်းမလုပ်ဖြစ်ခြင်း သို့မဟုတ် အစားအသောက်မထိန်းနိုင်ခြင်းကြောင့် စီမံချက်အားလုံး ပျက်သွားခြင်းမဟုတ်ပေ။ နောက်တစ်ရက်တွင် ပြန်လည်စတင်နိုင်သည်။

မိသားစုလိုက်ပြောင်းလဲခြင်းသည် ပိုမိုထိရောက်နိုင်သည်။ အိမ်တွင် အချိုရည်မဝယ်ထားခြင်း၊



အတူလမ်းလျှောက်ခြင်း၊ ဆေးလိပ်မသောက်ရသော အိမ်အဖြစ် သတ်မှတ်ခြင်းနှင့် ကျန်းမာသောအစားအစာများကို အတူတကွချက်ပြုတ်ခြင်းတို့သည် လူတစ်ဦးချင်းစီ၏ စိတ်ကို အားပေးနိုင်သည်။

**အသက်ရှည်ဆေး၊ အားဆေးနှင့် ဖြည့်စွက်စာများ သတိထားပါ**

လူ့အသက်ကို သိသိသာသာရှည်စေမည်၊ အိုမင်းမှုကို ရပ်တန့်ပေးမည်ဟု ကြော်ငြာထားသောဆေး၊ အားဆေး၊ ဟော်မုန်းဆေးနှင့် ဖြည့်စွက်စာများစွာရှိသည်။ သို့သော် ကျန်းမာသောလူများတွင် အသက်ရှည်စေကြောင်း ယုံကြည်စိတ်ချစွာ အတည်ပြုထားသော အံ့ဖွယ်အသက်ရှည်ဆေး မရှိသေးပေ။ အချို့ဖြည့်စွက်စာများသည် ဆေးဝါးများနှင့် အပြန်အလှန်သက်ရောက်နိုင်ပြီး အသည်း၊ ကျောက်ကပ်နှင့် သွေးခဲစနစ်ကို ထိခိုက်စေနိုင်သည်။ သဘာဝပစ္စည်းဟု ရေးထားခြင်းက ဘေးကင်းသည်ဟု မဆိုလိုပေ။ ဗီတာမင်နှင့် သတ္တုဓာတ်ချို့တဲ့မှုရှိသူများတွင် လိုအပ်သလိုဖြည့်စွက်ပေးခြင်းက အကျိုးရှိနိုင်သော်လည်း မလိုအပ်ဘဲ ပမာဏများစွာသောက်ခြင်းသည် အကျိုးမရှိဘဲ အန္တရာယ်ဖြစ်စေနိုင်သည်။

အသက်ရှည်ရန် အကောင်းဆုံးနည်းလမ်းသည် တန်ဖိုးကြီးသော အားဆေးရှာဖွေခြင်းမဟုတ်ဘဲ အစားအသောက်၊ ကိုယ်လက်လှုပ်ရှားမှု၊ အိပ်စက်မှု၊ ဆေးလိပ်ရှောင်ခြင်း၊ စိတ်ကျန်းမာရေးနှင့် ကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုတို့ကို နေ့စဉ်လိုက်နာခြင်းဖြစ်သည်။ အသက်ရှည်ပြီး ကျန်းမာစွာနေထိုင်နိုင်ခြင်းသည် ကံကြမ္မာတစ်ခုတည်းအပေါ် မူတည်နေခြင်းမဟုတ်ပေ။ အသက်အရွယ်၊ မျိုးရိုးဗီဇ၊ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေးအခြေအနေတို့ကို မိမိစိတ်တိုင်းကျ အပြည့်အဝပြောင်းလဲနိုင်မည် မဟုတ်သော်လည်း နေ့စဉ်ရွေးချယ်မှုအများအပြားကို ပြောင်းလဲနိုင်သည်။

ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်ကို ရွေးချယ်ခြင်း၊ နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း၊ အိပ်ရေးဝဝအိပ်ခြင်း၊ ဆေးလိပ်သောက်ခြင်းမှ ရှောင်ခြင်း၊ အရက်သောက်မှုကို လျှော့ချခြင်း၊ ကိုယ်အလေးချိန်နှင့် ကြွက်သားအားကို ထိန်းသိမ်းခြင်း၊ စိတ်ဖိစီးမှုကို စနစ်တကျကိုင်တွယ်ခြင်း၊ ပုံမှန်ကျန်းမာရေးစစ်ဆေးခြင်း၊ ကာကွယ်ဆေးများထိုးနှံခြင်းနှင့် လူမှုဆက်ဆံရေးကောင်းများ တည်ဆောက်ခြင်းတို့သည် ကျန်းမာစွာ အသက်ရှည်နိုင်ရန် အခြေခံအကျဆုံး သော့ချက်များဖြစ်သည်။

အသက်ရှည်သောဘဝတစ်ခုကို တည်ဆောက်ရာတွင် ကြီးမားသောပြောင်းလဲမှုတစ်ကြိမ်ထက် နေ့စဉ်ပြုလုပ်နေသော သေးငယ်သည့်အလေ့အကျင့်ကောင်းများက ပို၍အရေးကြီးသည်။ ယနေ့ သောက်မည့်အချိုရည်တစ်ခွက်ကို ရေဖြင့်အစားထိုးခြင်း၊ ၁၅ မိနစ် လမ်းလျှောက်ခြင်း၊ ဆေးလိပ်တစ်လိပ် လျှော့ခြင်းနှင့် စောစောအိပ်ရာဝင်ခြင်းတို့သည် သေးငယ်သည့် လုပ်ရပ်များဟု ထင်ရသော်လည်း နေ့ရက်များ၊ လများနှင့် နှစ်များကြာလာသည့်အခါ ကျန်းမာရေးအတွက် ကြီးမားသောအကျိုးကျေးဇူးကို ဖြစ်ပေါ်စေနိုင်သည်။

အသက်ရှည်ခြင်းသည် မိမိချစ်မြတ်နိုးသောသူများနှင့်အတူ ကိုယ်ခန္ဓာကျန်းမာ၍ စိတ်ကြည်လင်ပြီး အဓိပ္ပာယ်ရှိသော နေ့ရက်များပိုင်ဆိုင်ခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် ကျန်းမာသူတစ်ယောက်အဖြစ် အသက်ရှည်စေရန်၊ ဘဝကို တည်ဆောက်ရန် အကောင်းဆုံးအချိန်မှာ အသက်ကြီးလာမည့် တစ်နေ့မဟုတ်ဘဲ ယနေ့ပင် ဖြစ်ပါသည်။

**ကိုးကား**


- World Health Organization. Healthy Diet.
- World Health Organization. Physical Activity.
- World Health Organization. Noncommunicable Diseases.
- Centers for Disease Control and Prevention. Healthy Aging at Any Age.
- National Institute on Aging. What Do We Know About Healthy Aging?
- MedlinePlus. Healthy Aging.


ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ဇာတ်မင်းသား စမ်းရေမိုး၏ ဇာတ်သဘင်ဖျော်ဖြေပွဲကို ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ(ရန်ကုန်)တွင် ကပြဖျော်ဖြေသွားမည်




**ရန်ကုန် ဩဂုတ် ၅**

ဇာတ်မင်းသား စမ်းရေမိုး၏ ဇာတ်သဘင်ဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ (ရန်ကုန်) ၌ စက်တင်ဘာ ၁၉ ရက်နှင့် စက်တင်ဘာ ၂၀ ရက်တို့တွင် ကပြဖျော်ဖြေသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်မင်းသားစမ်းရေမိုး၏ ဇာတ်သဘင်ဖျော်ဖြေပွဲကို လက်ဘ်ဒီပ အနုသုခုမပန်းခင်းနှင့် Pan Htwar Entertainment တို့က စီစဉ်ခြင်းဖြစ်ပြီး ဇာတ်မင်းသား စမ်းရေမိုးဇာတ်အဖွဲ့က ပြဇာတ်၊ အော်ပရာ၊ နှစ်ပါးသွား စသည်ဖြင့် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်ကို အမြဲတမ်းအားပေးကြတဲ့ ချစ်ရတဲ့မိဘပြည်သူတွေ တစ်ယောက်ချင်းစီကို ကျေးဇူးအထူးတင်ပါတယ်။ လာမဲ့ စက်တင်ဘာလမှာ အမျိုးသားဇာတ်ရုံမှာ ကပြဖျော်ဖြေမဲ့ပွဲကြီးကို လာရောက်အားပေးဖို့ ဖိတ်ခေါ်ပါတယ်။ ချစ်ရတဲ့ပရိသတ်တွေနဲ့လဲ ဆုံချင်ပါတယ်။ ဒီဖျော်ဖြေပွဲကို လက်ဘ်ဒီပအနုသုခုမပန်းခင်းနဲ့ Pan Htwar Entertainment တို့က စီစဉ်ပေးတာဖြစ်ပါတယ်။ ချစ်ခင်အားပေးကြတဲ့ ပရိသတ်တွေကိုလဲ ကျေးဇူးတင်ပါတယ်" ဟု ဇာတ်မင်းသား စမ်းရေမိုးက ပြောပြသည်။

စမ်းရေမိုး ဇာတ်သဘင်ဖျော်ဖြေပွဲကို စက်တင်ဘာ ၁၉ ရက်နှင့် စက်တင်ဘာ ၂၀ ရက်တို့တွင် မွန်းလွဲ ၁ နာရီမှ ည ၈ နာရီထိ အမျိုးသားဇာတ်ရုံ (ရန်ကုန်) ၌ ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# American Summer ဟာသဇာတ်ကားကို စက်တင်ဘာ ၄ ရက်တွင် ရုံတင်ပြသရန်စီစဉ်ထား

**နယူးယောက် ဩဂုတ် ၅**

American Summer အမည်ရှိ မိသားစုဟာသဇာတ်ကားကို ယခုနှစ် စက်တင်ဘာ ၄ ရက်တွင် ရုံတင်ပြသရန် Blue Harbor Entertainment ကုမ္ပဏီက စီစဉ်ထားကြောင်း ဩဂုတ် ၄ ရက် သတင်းများအရ သိရသည်။

American Summer ဇာတ်ကားတွင် မင်းသား စတိဂူတင်ဘာ့နှင့် မင်းသမီး ခရစ္စတီးဘရင်ကလေတို့က အဓိကသရုပ်ဆောင်များအဖြစ် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် အမေရိကန်ကြည်းတပ်၌ အမှုထမ်းစဉ် ပင်လယ်ရပ်ခြားတွင် ပျောက်ဆုံးခဲ့ရသော ဖခင်ဖြစ်သူကို အမျိုးသမီးငယ်တစ်ဦးနှင့်အတူ ရှာပုံတော်ဖွင့်ခဲ့သည့် အမျိုးသားတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်မိသားစုဟာသဇာတ်ကားဖြစ်သည်။

American Summer ဇာတ်ကားကို စာရေးဆရာ ဒါရိုက်တာ မိုက်ကယ် ဒဗလျူဂရေးက တာဝန်ယူရိုက်ကူးပေးထားပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင်ရေးသားထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# တေးသံရှင် ရင်ဂို၊ ဟန်နေလွင်လွင်တို့၏ RINGO LIVE IN THE RADIO တေးဂီတဖျော်ဖြေပွဲကို ရန်ကင်းမြို့နယ်ရှိ The Radio - Music Republic တွင် ပြုလုပ်မည်ဖြစ်

**ရန်ကုန် ဩဂုတ် ၅**

တေးသံရှင် ရင်ဂို၊ ဟန်နေလွင်လွင်တို့၏ RINGO LIVE IN THE RADIO တေးဂီတဖျော်ဖြေပွဲကို ဩဂုတ် ၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ The Radio–Music Republic တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ရင်ဂိုထံမှ သိရသည်။

တေးသံရှင် ရင်ဂို၊ ဟန်နေလွင်လွင်တို့၏ RINGO LIVE IN THE RADIO အမည်ရှိတေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို The Radio–Music Republic ၏ ပင်တိုင်တေးဂီတအဖွဲ့က အကောင်းဆုံးပံ့ပိုးတီးခတ်ပေးမည်ဖြစ်ပြီး The Radio–Music Republic ၏ ပင်တိုင်တေးသံရှင်များကလည်း အားဖြည့်ပွဲပိုး သီဆိုဖျော်ဖြေပေးမည်ဖြစ်ကြောင်း သိရသည်။




"ကျွန်တော်နဲ့ ဟန်နေတို့ရဲ့ RINGO LIVE IN THE RADIO လို့ အမည်ပေးထားတဲ့ ဂီတဖျော်ဖြေပွဲကို The Radio–Music Republic မှာလုပ်မှာပါ။ ဒီအတွက် ကျွန်တော်နဲ့ ကျွန်တော့်ပရိသတ်တွေ အကြိုက်ချင်းတူမဲ့ သီချင်းလေးတွေကို ရွေးချယ်ပြင်ဆင်နေပါတယ်။ ဟန်နေလဲ သူ့အကြိုက်၊ ပရိသတ်ကြိုက်ခဲ့တဲ့ သီချင်းလေးတွေ ရွေးချယ်ပြင်ဆင်နေပါတယ်။ လာရောက်အားပေးကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် ရင်ဂိုက ပြောပြသည်။

တေးသံရှင် ရင်ဂို၊ ဟန်နေလွင်လွင်တို့၏ RINGO LIVE IN THE RADIO တေးဂီတဖျော်ဖြေပွဲကို The Radio–Music Republic ၌ ဩဂုတ် ၉ ရက် ည ၆ နာရီတွင် စတင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Lou Gehrig ၏ အတ္ထုပ္ပတ္တိဇာတ်ကား၌ မင်းသား ဂလန်းပိုဝဲ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဩဂုတ် ၅**

အမေရိကန်ဘေ့စ်ဘောကစားသမား Lou Gehrig ၏ အတ္ထုပ္ပတ္တိရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား ဂလန်းပိုဝဲ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၄ ရက် သတင်းများအရ သိရသည်။

တရားဝင်ဇာတ်ကားနာမည် မကြေညာသေးသည့် အဆိုပါရုပ်ရှင်ဇာတ်ကားသစ်ကို ယူနီဗာဆယ်ကုမ္ပဏီက ရိုက်ကူးထုတ်လုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဂလန်းပိုဝဲသည် ဘေ့စ်ဘောကစားသမား Lou Gehrig အဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ရစ်ချက်လင့်လိတ်တာက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဆိုင်မွန်ရိုက်က တာဝန်ယူရေးသားပေးထားသည်။

မင်းသားဂလန်းပိုဝဲသည် ယူနီဗာဆယ်၏ The Comeback King ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ၂၀၂၇ ခုနှစ် အစောပိုင်းတွင် ရုံတင်ပြသရန် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO




# NDA ဒရာမာရုပ်ရှင်ဇာတ်ကား၌ မင်းသား ကာဆန်ရိုးလန်း ပါဝင်လာ

**နယူးယောက် ဩဂုတ် ၅**

NDA အမည်ရှိ ဒရာမာရုပ်ရှင်ဇာတ်ကားတွင် မင်းသား ကာဆန်ရိုးလန်း ပါဝင်လာကြောင်း ဩဂုတ် ၄ ရက် သတင်းများအရ သိရသည်။



NDA ဒရာမာဇာတ်ကားတွင် မင်းသား ကာဆန်ရိုးလန်းသည် မင်းသမီး ရာချယ်ဇီဂလာနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

NDA ဇာတ်ကား၏ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို အမျိုးသမီး ဒါရိုက်တာ အော်ဒရီအယ်လစ်ဖောက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင် ရေးသားထားကြောင်း သိရသည်။

လက်ရှိတွင် NDA ဇာတ်ကားကို နယူးယောက်မြို့တော်၌ စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း ထုတ်လုပ်သူများက သတင်းထုတ်ပြန်ထားသည်။

မင်းသား ကာဆန်ရိုးလန်းသည် Netflix ကုမ္ပဏီ၏ Sweet Magnolias ဇာတ်လမ်းတွဲများ၌ ပါဝင် သရုပ်ဆောင်ခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# President of the Republic of the Union of Myanmar U Min Aung Hlaing receives a delegation led by Cardinal Charles Bo, Chairman of the Catholic Bishops' Conference of Myanmar



**President U Min Aung Hlaing receives the delegation led by Cardinal Charles Bo, Chairman of the Catholic Bishops' Conference of Myanmar (CBCM).**

**Nay Pyi Taw August 5**

President of the Republic of the Union of Myanmar U Min Aung Hlaing received a delegation led by Cardinal Charles Bo, Chairman of the Catholic Bishops' Conference of Myanmar (CBCM) at the Reception Hall of the Presidential Office this morning.

Also present at the call together with the President were Union Minister at the President's Office U Khin Maung Yi, Union Minister for Religious Affairs U Tin Oo Lwin and officials. The CBCM chairman was accompanied by Bishop Noel Saw Naw Aye, Auxiliary Bishop of the Archdiocese of Yangon and General Secretary of the Catholic Bishops' Conference of Myanmar (CBCM), Catholic Bishops from Kengtung, Mawlamyine, Pathein, Pyay and Myitkyina, and officials.

In delivering the greeting and opening prayer, the Chairman of CBCM expressed his joy and pride at having the opportunity to meet with the President, saying that they honor and commend the President's dedication and strenuous efforts in fulfilling the heavy duties of the State despite facing numerous difficulties and challenges. The CBCM is now carrying out its task and Catholics are serving their religion's interest under the freedom of worship. The CBCM and Catholics are grateful to the President for allowing them to build a church on a two-acre plot in Dekkhinathiri Township, Nay Pyi Taw Council Area, for performing prayer services. The CBCM Chairman and delegation extended their best wishes to the President and all citizens of Myanmar for their physical and mental well-being, peace, and prosperity.

The President stated that freedom of worship has been granted to all religions in Myanmar. He said that after surveying and donating to various religious institutions, he realized that fate-based shrines need a certain level of grandeur. History shows the provision of land for missionary services for all religions. In this regard, land was granted for the emergence of majestic shrines in the capital city Nay Pyi Taw for the relevant religions. Myanmar never practices any religious discrimination, and it is encouraging every religion to bring peace and prosperity.

The nation is now advancing along the road to multiparty democracy which needs proper discipline and religious and political peace. The President said he is extending peace overtures and will apply all possible means to achieve national peace. He expressed belief that democratic way of dialogues is the only means to achieve success in ending the problems of a community where people coexist. A political problem or a political demand can be settled only through political means and not through armed terrorism. All religions can show the correct mindsets. So, religious leaders are requested to cultivate refined mindsets and spirits and bring peace and prosperity through their religious teachings.

The President asked about the needs of the CBCM Chairman and delegation and fulfilled them.

After the meeting, the President exchanged gifts with the CBCM Chairman and posed for group documentary photos with the attendees. MNA

# Forty-one foreign nationals who illegally entered Myanmar through cross-border routes arrested in Tachilek Township



**40 Chinese men and 1 Chinese woman, totaling 41 were arrested for illegally entering Tachilek Township.**

**Nay Pyi Taw August 5**

The Myanmar government is actively carrying out anti-online scam and gambling operations in coordination with domestic forces and governments of neighboring countries to fully ensure that online scam and gambling activities cannot be based within the country. Furthermore, detailed inspections and strict supervision are being conducted to prevent illegal foreign nationals from entering and residing in Myanmar.

While conducting such operations, a joint team comprising security force members carried out a surprise inspection on a bypass road near the Hway Lay Lan joint checkpoint in Maing Phone (B) Village-tract, Tachilek Township, Eastern Shan State, at around 4:00 AM today, resulting in the arrest of two male Chinese nationals who had illegally crossed the border into Myanmar.

When the authorities questioned the two arrested Chinese nationals who had illegally entered across the border they revealed that additional Chinese nationals were hiding near Wan Pong Village after crossing illegally.

*See Page 13*

# Vice President U Nyo Saw addresses flood response, relief and rehabilitation meeting in Laymyethna Township



Vice President U Nyo Saw addresses the meeting on flood response, relief and rehabilitation in Laymyethna Township.

**Nay Pyi Taw August 5**

Vice President U Nyo Saw attended and addressed a meeting held at 3:30 pm today at the Ayeyawady Region Government Office in Pathein to discuss repair works, relief and rescue operations, and rehabilitation efforts following flooding caused by the breach and overflow of the Ngawun Dam in Laymyethna Township, Ayeyawady Region.

The meeting was attended by Union Minister for Social Welfare, Relief and Resettlement Dr. Soe Win, Ayeyawady Region Chief Minister U Aye Kyaw, the Speaker of the Ayeyawady Region Hluttaw, Lt-Gen Kyaw Lin Maung from the Office of the Commander-in-Chief (Army), Commander of the Southwestern Command Brig-Gen Aung Kyaw Khine, deputy ministers, regional ministers, departmental officials, and other responsible officials.

During the meeting, the Vice President said that advance preparations had already been made to mitigate the impact of recurring natural disasters and to facilitate post-disaster recovery efforts. Regarding the current flooding in Laymyethna Township, he explained that the incident occurred after a sandbank beneath the Ngawun Dam's downstream river channel breached, causing the embankment to subside and water to overflow. He said that as soon as the incident occurred, the Tatmadaw, relevant government departments, volunteer organizations, and local residents worked together in a coordinated and timely manner to respond to the emergency. As a result, the situation was handled successfully without any loss of life. The Vice President also noted that the President has been ensuring that all requirements related to the disaster response are being fulfilled as quickly and effectively as possible.

He said that the condition of embankments along the Ayeyawady and Ngawun rivers should be inspected through field surveys, flood watch personnel should be systematically deployed, and an effective public alert system should be established to promptly notify local communities of any unusual developments. He also said that low weirs could be constructed along river channels to help prevent flooding and support river water diversion and irrigation projects.

The Vice President said that roads and bridges, electricity, telecommunications, schools, hospitals, and drinking water systems damaged by the flooding must be repaired on a sector-by-sector basis to restore services as quickly as possible. He also said that flooded farmland should be replanted with rice where feasible, and where the planting season has passed, alternative crops should be cultivated instead. He added that the relevant ministries and the Ayeyawady Region Government would jointly arrange the provision of seeds, agricultural inputs, technical assistance, and other necessary support for affected farmers.

The Vice President said that, with the school term underway, every effort must be made to reopen schools as soon as floodwaters recede. He also emphasized that reinforcing the strength and resilience of embankments and riverbanks should be a top priority, calling for both immediate measures and long-term plans to enhance flood protection infrastructure.

The Vice President urged the relevant ministries, the Ayeyawady Region Government, and departmental officials to discuss the current status of ongoing response efforts, the challenges they are facing, and the assistance still required. He also called for field inspections of roads and railway lines across the region to identify and promptly repair any damage. In addition, he urged all relevant agencies to work together in a coordinated manner to support the recovery and rehabilitation of flood-affected communities.

Then, the Ayeyawady Region Chief Minister gave a briefing on the flooding situation in Laymyethna Township, Hinthada District, Ayeyawady Region, as well as relief and rescue operations, arrangements for reopening schools, the resumption of health support and medical services, transportation and connectivity, rehabilitation activities already carried out, and future plans. Deputy ministers and other attendees also presented updates on the flooding situation, emergency repair efforts, relief and rescue operations, ongoing rehabilitation work, future plans, and the feasibility of constructing saltwater barriers in farmlands frequently affected by saltwater intrusion.

The Vice President reviewed and discussed the reports presented at the meeting, coordinated and provided necessary support, delivered concluding remarks, and then brought the meeting to a close. MNA

*From Page 12*

Consequently, the joint team of security force members continued operational efforts to identify and apprehend the illegal entrants, leading to the further detention of 19 male Chinese nationals and 1 female Chinese national, totaling 20 individuals, approximately 4,600 meters south of Wan Pong Village in Tachilek Township, as well as 19 male Chinese nationals approximately 2,000 meters northeast of that location. A total of 41 Chinese nationals (40 males and 1 female) were ultimately apprehended and taken into custody.

The 41 Chinese nationals who illegally entered Myanmar are currently being held in official custody and will be prosecuted under Sections 3(1) and 13(1) of the 1947 Myanmar Immigration (Emergency Provisions) Act. 100

# DPRK says to set up additional military options due to Japan's moves

**Pyongyang August 5**

A senior official of the Democratic People's Republic of Korea (DPRK) said the country will set up additional military options due to Japan's latest military developments, the official Korean Central News Agency (KCNA) reported Wednesday.

In a statement carried by KCNA, Kim Yo Jong, department director of the Central Committee of the Workers' Party of Korea, denounced Japan's latest military moves, including a recent test-fire of Tomahawk long-range cruise missiles, the launch of offensive missiles in the Philippines in May, as well as the deployment in March of type 12 surface-to-ship guided missiles and type 25 high-speed gliding projectiles in Kumamoto and Shizuoka prefectures respectively and a plan to develop and introduce an unmanned submarine capable of attacking a warship.

The DPRK official called Japan's missile deployment "the prelude to the possession of the capability for preemptive attack," the KCNA report said. Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ထိုင်းနိုင်ငံက သင်္ဘောဖျက် BrahMos ခရုဇ်ဒုံးကျည်များဝယ်ယူရန် အိန္ဒိယနိုင်ငံနှင့် ဆွေးနွေး




ထိုင်းနိုင်ငံသည် ရေကြောင်းတားဆီးကာကွယ်ရေးစွမ်းရည်ကို ခေတ်မီမြှင့်တင်နိုင်ရန် သင်္ဘောဖျက် BrahMos ခရုဇ်ဒုံးကျည်များဝယ်ယူနိုင်ရေး အိန္ဒိယနိုင်ငံနှင့် ဆွေးနွေးလျက်ရှိကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံပိုင် မီဒီယာများ၏ ဖော်ပြချက်အရ အဆိုပါဝယ်ယူမှုသည် ထိုင်းနိုင်ငံ၏ အမိုအခိုကင်းသော ကာကွယ်ရေးစွမ်းရည် တည်ဆောက်ရေး မဟာဗျူဟာနှင့်ကိုက်ညီပြီး ကမ်းရိုးတန်းဒေသများ၊ ရေကြောင်းဆက်သွယ်ရေးလမ်းကြောင်းများနှင့် အရေးပါသော ပင်လယ်ရေကြောင်း လမ်းကြောင်းများကို အင်အားကြီး မဟာမိတ်နိုင်ငံများအပေါ် အလွန်အမင်းမှီခိုမှုမရှိဘဲ မိမိစွမ်းအားဖြင့် ကာကွယ်နိုင်ရေးကို ဦးတည်ကြောင်း သိရသည်။

လက်ရှိတွင် ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံနှင့် နက်ရှိုင်းသောစီးပွားရေး ဆက်ဆံမှုများကို ဆက်လက်ထိန်းသိမ်းထားသည့်အပြင် တရုတ်နိုင်ငံထုတ် စစ်လက်နက်ပစ္စည်းများကိုလည်း ပုံမှန်ဝယ်ယူလျက်ရှိသည်။ တစ်ဖက်တွင်လည်း အခြားကာကွယ်ရေးပစ္စည်း ထုတ်လုပ်သည့် နိုင်ငံများနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ထိန်းသိမ်းထားကြောင်း သိရသည်။

သတင်းရင်းမြစ်များ၏ အဆိုအရ သင်္ဘောဖျက် BrahMos ခရုဇ်ဒုံးကျည် ဝယ်ယူရေးသဘောတူညီချက် အောင်မြင်လျှင် အိန္ဒိယနိုင်ငံအတွက် ကာကွယ်ရေးပို့ကုန်စျေးကွက်ချဲ့ထွင်ရာတွင် နောက်ထပ်အရေးပါသော မှတ်တိုင်တစ်ရပ်ဖြစ်လာလိမ့်မည်ဖြစ်သည်။ အိန္ဒိယနိုင်ငံသည် ယခင်က BrahMos ခရုဇ်ဒုံးကျည်ကို ဖိလစ်ပိုင်နိုင်ငံသို့ တင်ပို့ရောင်းချခဲ့သည့်အပြင် အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် အာရပ်စော်ဘွားများပြည်ထောင်စု (UAE) နိုင်ငံတို့နှင့်လည်း တင်ပို့ရောင်းချနိုင်ရေး ဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

သင်္ဘောဖျက် BrahMos ခရုဇ်ဒုံးကျည်ကို အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးသုတေသန၊ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (DRDO)နှင့် ရုရှားနိုင်ငံ၏ NPO Mash-inostro – yeniya တို့ ပူးပေါင်းဖွံ့ဖြိုးထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ၂၀၀၀ ပြည့်နှစ်အစောပိုင်းတွင် သင်္ဘောဖျက် BrahMos ခရုဇ်ဒုံးကျည်ကို စတင်မိတ်ဆက်ခဲ့ပြီးနောက် မြေပြင်၊ ရေပြင်၊ ရေငုပ်သင်္ဘောနှင့် လေကြောင်းပစ်ခတ်မှုများအတွက် အသုံးပြုနိုင်စေရန် မူကွဲအမျိုးမျိုး ဆက်လက်ထုတ်လုပ်ခဲ့သည်။

အဆိုပါဒုံးကျည်သည် အဆင့်နှစ်ဆင့်ပါ ဒုံးပျံအင်ဂျင်ဖြင့် မောင်းနှင်ပြီး တစ်နာရီလျှင် ၃၇၀၄ ကီလိုမီတာခန့် အမြန်နှုန်းဖြင့် ပျံသန်းနိုင်သည်။ ထို့ပြင် အမြင့် ပေ ၄၉၀၀၀ ခန့်တွင် ပျံသန်းနိုင်ပြီး အဝေးဆုံးကီလိုမီတာ ၉၀၀ ထိ ပစ်ခတ်နိုင်စွမ်းရှိကြောင်း သိရသည်။

နောက်ဆုံးပေါ် သင်္ဘောဖျက် Brah-Mos ခရုဇ်ဒုံးကျည်မူကွဲသည် မူလသင်္ဘောဖျက် BrahMos ခရုဇ်ဒုံးကျည်နှင့် နှိုင်းယှဉ်ပါက အရွယ်အစားနှင့် အလေးချိန်ထက်ဝက်ခန့် လျှော့ချထားသည်။ ၎င်းဒုံးကျည်သည် အရှည် ၆ မီတာ၊ အချင်း စင်တီမီတာ ၅၀ ရှိပြီး အလေးချိန် ကီလိုဂရမ် ၁၅၀၀ ခန့်ရှိသဖြင့် တိုက်လေယာဉ်များနှင့် အခြားယာဉ်များတွင် ပိုမိုလွယ်ကူစွာ တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Thailand Eyes Ship-Sinking BrahMos Supersonic Missiles From India ကို ဘာသာပြန်ဆိုထားပါသည်။**

# အမေရိကန် မရိန်းတပ်ဖွဲ့က LMADIS အပေါ့စားရှေ့လျားလေကြောင်းရန်ကာကွယ်ရေးစနစ်ကို တိုးချဲ့အသုံးပြု

အမေရိကန် မရိန်းတပ်ဖွဲ့သည် LMADIS အပေါ့စားရွှေ့လျားလေကြောင်းရန်ကာကွယ်ရေးစနစ်ကို တိုးချဲ့အသုံးပြုလျက်ရှိကြောင်း Defence Blog သတင်းဌာနက ဇူလိုင် ၂၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစနစ်ကို အမှတ် (၁၃) မရိန်းစစ်ဆင်ရေးတပ်ဖွဲ့သို့ မကြာသေးမီက လွှဲပြောင်း တပ်ဆင်ပေးခဲ့ပြီးနောက် ကယ်လီဖိုးနီးယား ကမ်းလွန်ဒေသ၌ လေ့ကျင့်မှုလုပ်ဆောင်နေသော USS Makin Island ရေကြောင်းချေမှုန်းရေးသင်္ဘောပေါ်တွင် လက်တွေ့စစ်ဆင်ရေး လေ့ကျင့်မှုများကို ချက်ချင်းစတင်ဆောင်ရွက်ခဲ့သည်။ စစ်ရေးလေ့ကျင့်မှုအတွင်း အမှတ်(၃)အနိမ့်ပျံလေကြောင်းရန်ကာကွယ်ရေး တပ်ဖွဲ့ဝင်များသည် ပုံစံတူ ဒရုန်းခြိမ်းခြောက်မှုများကို LMADIS အပေါ့စားရွှေ့လျားလက်နက်ဖြင့် ကြားဖြတ်ဟန့်တားသည့်စစ်ဆင်ရေးများကို လက်တွေ့လေ့ကျင့်ခဲ့သည်။

အဆိုပါ LMADIS စနစ်ကို ဖွံ့ဖြိုးတိုးတက်စေခဲ့သည့် အဓိကအကြောင်းရင်းမှာ ယနေ့ခေတ် စစ်မြေပြင်များတွင် ကုန်ကျစရိတ်နည်းပါးပြီး အလွယ်တကူရရှိနိုင်သော စီးပွားဖြစ်မောင်းသူမဲ့လေယာဉ်များသည် တန်ဖိုးမြင့်စစ်လက်နက်ပစ္စည်းများကို ဖျက်ဆီးနိုင်ရုံသာမက တပ်ဖွဲ့ဝင်များ၏ အသက်အန္တရာယ်ကိုလည်း ကြီးမားစွာ ခြိမ်းခြောက်လာခြင်းကြောင့် ဖြစ်သည်။ ယူကရိန်းပဋိပက္ခနှင့် အရှေ့အလယ်ပိုင်း ပဋိပက္ခများမှရရှိခဲ့သော စစ်ဆင်ရေး အတွေ့အကြုံများက မောင်းသူမဲ့လေယာဉ်များသည် ယနေ့ခေတ်စစ်ဆင်ရေးတွင် အလွန်ထိရောက်သောတိုက်ခိုက်ရေးလက်နက်များအဖြစ် ပြောင်းလဲလာကြောင်း ထင်ရှားစေခဲ့သည်။

၎င်းအခြေအနေကို တုံ့ပြန်ရန်အတွက် အမေရိကန်မရိန်းတပ်ဖွဲ့သည် မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေးစနစ်များကို အဆင့်မြှင့်တင်လျက်ရှိရာ MADIS နှင့် LMADIS ဟူ၍ စနစ်နှစ်မျိုးကို အသုံးပြုလျက်ရှိသည်။ ၎င်းတို့ အနက် LMADIS စနစ်သည် ပိုမိုပေါ့ပါးပြီး လျင်မြန်စွာ ရွှေ့ပြောင်းဖြန့်ကြက်နိုင်သည့် အထူးစစ်ဆင်ရေးများအတွက် ရည်ရွယ်တည်ဆောက်ထားသော စနစ်ဖြစ်ပြီး၊ MADIS စနစ်သည် ပိုမိုကြီးမားသော လက်နက်တပ်ဆင်မှုများဖြင့် စစ်ဆင်ရေးစွမ်းရည်မြင့်မားသော်လည်း လေကြောင်းဖြင့် အလျင်အမြန်သယ်ယူပို့ဆောင်နိုင်မှုတွင် LMADIS စနစ်ထက် အားနည်းကြောင်း သိရသည်။

LMADIS စနစ်ကို ULTV အမျိုးအစား ပေါ့ပါးသော စစ်သုံးယာဉ်ပေါ်တွင် တပ်ဆင်အသုံးပြုထားပြီး စနစ်တစ်ခုလုံးကို လေကြောင်းဖြင့် လျင်မြန်စွာသယ်ယူပို့ဆောင်နိုင်သည်။ ၎င်းစနစ်တွင် ယာဉ်တစ်စီးက စစ်ဆင်ရေးကွပ်ကဲမှုနှင့် ပစ်မှတ်ထောက်လှမ်းမှုကို တာဝန်ယူဆောင်ရွက်ပြီး အခြားယာဉ်တစ်စီးကရန်သူ၏ မောင်းသူမဲ့လေယာဉ်များကို အီလက်ထရွန်နစ်စစ်ဆင်ရေး နည်းလမ်းဖြင့် ရေဒီယိုဆက်သွယ်ရေးလိုင်းများကို နှောင့်ယှက်ဖျက်တောက်ကာ ထိန်းချုပ်မှုဆုံးရှုံးစေသည့် Soft – Kill နည်းပညာကို အသုံးပြု၍ ကြားဖြတ်ဟန့်တားပေးသည်။



LMADIS စနစ်တွင် တပ်ဆင်ထားသော Skyview MPV-3 အာရုံခံစနစ်သည် မောင်းသူမဲ့လေယာဉ်များကို အကွာအဝေး သုံးကီလိုမီတာထိ ထောက်လှမ်းနိုင်ပြီး၊ RPS-62 ရေဒါစနစ်သည် ၃၆၀ ဒီဂရီပတ်လည် ပစ်မှတ်ခြေရာခံနိုင်စွမ်းကို ပံ့ပိုးပေးသည်။

အမေရိကန်မရိန်းတပ်ဖွဲ့၏ အဆိုအရ LMADIS စနစ်၏ အဓိကအားသာချက်မှာ ပေါ့ပါး၍ ရွှေ့လျားနိုင်စွမ်းမြင့်မားခြင်းဖြစ်သည်။ ၎င်းစနစ်ကို ရဟတ်ယာဉ်များနှင့် သယ်ယူပို့ဆောင်ရေးလေယာဉ်များဖြင့် လျင်မြန်စွာ ရွှေ့ပြောင်းနိုင်သည့်အပြင် ကမ်းတက်စစ်ဆင်ရေး၊ ကျွန်းဒေသစစ်ဆင်ရေးနှင့် လျင်မြန်စွာနေရာယူကာ ကာကွယ်ရေးဆောင်ရွက်ရသော အထူးစစ်ဆင်ရေးများတွင် ထိရောက်စွာ အသုံးချနိုင်သည်။

ထို့အပြင် ဉာဏ်ရည်တု (AI) အခြေပြု Bullfrog အလိုအလျောက် လက်နက်စခန်းကိုလည်း အနာဂတ် MADIS စနစ်များတွင် ပေါင်းစပ်တပ်ဆင်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**U.S. Marines expand counter-drone capability with LMADIS ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



ဝက်လက် ဩဂုတ် ၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၁၂၅၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၂၄၂၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ပဲစင်းငုံဧက ၂၁၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့မှာ ဧက၂၂၀၀၀ ကျော် စိုက်ပျိုး ပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးခဲ့ပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ယခုနှစ် ဝက်လက်မြို့နယ်တွင် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက် နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင် ပါကဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တီလားဗီးယားငါးပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

ဖျာပုံ ဩဂုတ် ၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တီလားဗီးယားငါးပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက တီလားဗီးယားငါးပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း တီလားဗီးယားငါးပိဿာချိန် ၅၈၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တီလားဗီးယားငါးများကို ရန်ကုန်ဈေးကွက်မှ ဝယ်လိုအား ကောင်းလာခြင်းကြောင့် တင်ပို့အားတက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဖျာပုံမြို့နယ်ကနေ တီလားဗီးယားငါးတွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇွန်လကထက် ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချနေရပါတယ်။ အခုလို တီလားဗီးယားငါးတွေ အရောင်းအဝယ်ကောင်းလာတော့ ငါးလုပ်ငန်းနဲ့ဆက်စပ်တဲ့တွေသူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်"ဟု ဖျာပုံမြို့နယ်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြသည်။



ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် တီလားဗီးယားငါး တစ်ပိဿာလျှင် အရွယ်အစားပေါ်မူတည်ပြီး ငွေကျပ် ၁၇၅၀၀ မှ ၂၂၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ တီလားဗီးယားငါးများ အများအပြား တင်ပို့ရောင်းချနေခြင်းကြောင့် ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အဆင်ပြေ လျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# မုဒုံမြို့နယ် ကွေ့ဝမ်းကျေးရွာ၌ VRFP စီမံကိန်း ရန်ပုံငွေထုတ်ချေး

မုဒုံ ဩဂုတ် ၅

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွေ့ဝမ်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မုဒုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန္ဒာဝင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ( VRFP) ရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၈ ဒသမ ၁ သန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များက ကွေ့ဝမ်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၁၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၇ ဒသမ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၂၀ ဒသမ ၈ သန်းနှင့် အခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၆ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၉ ဦးကို ရန်ပုံငွေကျပ် ၄၈ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း မုဒုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သုတ**



# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ပြည်မြို့နယ် ပေါင်းတရာကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဖွင့်



ပြည် ဩဂုတ် ၅

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဘန့်ပြင်ကျေးရွာအုပ်စု ပေါင်းတရာကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်က ကျေးလက်ဒေသများတွင် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ကျွမ်းကျင်လုပ်သားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံစက်ချုပ်စက်သင်တန်း ဖွင့်လှစ်သင်ကြား ပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းမှပို့ချပေးမည့် သင်ခန်းစာများကို ကြိုးစားလေ့လာသင်ယူပြီး မိသားစုအတွက် အပိုဝင်ငွေရှာဖွေပေးနိုင်သည်ထိ ကြိုးစားစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါနှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံစက်ချုပ်သင်တန်းသို့ ပေါင်းတရာကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ခဲ့ပြီး အခြေခံစက်ချုပ်နည်းနှင့် ပတ်သက်၍ ကျွမ်းကျင်နည်းပြ ဆရာမနှစ်ဦးတို့က ဩဂုတ် ၄ ရက်မှ စက်တင်ဘာ ၁၇ ရက်ထိ စာတွေ့လက်တွေ့နှစ်မျိုးဖြင့် အခမဲ့သင်ကြားပေးမည်ဖြစ်ကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်ထံမှ သိရသည်။

**ချိုလေး**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

ရှေ့ဖုံးမှအဆက်

တာဝန်ရှိသူတို့တက်ရောက်ကြပြီး မြန်မာနိုင်ငံကက်သလစ် ဆရာတော်ကြီးများအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာ လက်ထောက်ဆရာတော်ကြီး နိုအယ်စောနော်အေး၊ ကျိုင်းတုံ၊ မော်လမြိုင်၊ ပုသိမ်၊ ပြည်၊ မြစ်ကြီးနားတို့မှ ကက်သလစ်ဂိုဏ်းအုပ်ဆရာတော်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ မြန်မာနိုင်ငံကက်သလစ် ဆရာတော်ကြီးများအဖွဲ့ချုပ်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်ဆုတောင်းစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတကြီးနှင့် တွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးအနေဖြင့် ကြီးလေးသည့်နိုင်ငံတော်တာဝန်များကို အခက်အခဲနှင့်စိန်ခေါ်မှုများကြားမှ စွမ်းစွမ်းတမံကြိုးပမ်းထမ်းဆောင်လျက်ရှိမှုအပေါ် မိမိတို့အနေဖြင့် ဂုဏ်ပြုပါကြောင်း၊ မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်ကိုဖွဲ့စည်းဆောင်ရွက်ထားရှိပြီး ကက်သလစ် ဘာသာဝင်များအနေဖြင့် လွတ်လပ်စွာကိုးကွယ်မှုဖြင့် ဘာသာသာသနာအကျိုးများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးအနေဖြင့် ကက်သလစ်ဘာသာဝင်များ ဝတ်ပြုဆုတောင်းခြင်းများ ပြုလုပ်နိုင်ရန်အတွက် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ မြေနှစ်ကေပေါ်တွင် ဘုရားကျောင်းဆောက်လုပ်ရန်ခွင့်ပြုပေးခဲ့မှုအပေါ် မြန်မာနိုင်ငံကက်သလစ် ဆရာတော်ကြီးများအဖွဲ့ချုပ်နှင့် ကက်သလစ်ဘာသာဝင်များအနေဖြင့်ကျေးဇူးတင်ရှိပါကြောင်း၊ သမ္မတကြီးနှင့်တကွ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအားလုံး ကာယသုခ၊ စိတ္တသုခနှစ်ဖြာအေးချမ်းသာယာပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မိမိတို့နိုင်ငံ၌ ဘာသာတရားနှင့်ပတ်သက်၍ ယုံကြည်ရာ ဘာသာသာသနာများအလိုက် လွတ်လပ်စွာကိုးကွယ်ခွင့်ပေးထားပါကြောင်း၊ မိမိအနေဖြင့် ကိုးကွယ်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများသို့သွားရောက်လှူဒါန်းမှုများနှင့် လေ့လာမှုများ ဆောင်ရွက်ခဲ့ပြီး ကိုးကွယ်ရာဘာသာများအလိုက် ဝတ်ပြုမည့်နေရာများအနေဖြင့် သင့်တော်သည့် ခံ့ထည်ခမ်းနားမှုများရှိရန် လိုအပ်လျက်ရှိနေသည်ကို တွေ့မြင်ခဲ့ရပါကြောင်း၊ နိုင်ငံ၏သမိုင်းကြောင်းတွင် လေ့လာကြည့်မည်ဆိုပါကလည်း ကိုးကွယ်ရာဘာသာရပ်များအလိုက် သာသနာပြုနိုင်ရန်အတွက် မြေနေရာများခွင့်ပြုပေးခဲ့သည်ကို တွေ့မြင် သိရှိရပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်၏မြို့တော်ဖြစ်သည့် နေပြည်တော်တွင်လည်း ကိုးကွယ်ရာဘာသာအလိုက် အထွတ်အမြတ်ထားရာ ဘုရားကျောင်းများ တည်ဆောက်ရန်နှင့် ဝတ်ပြုရန်နေရာများကို ခံ့ခံ့ထည်ထည်ဖြစ်ပေါ်လာစေရေး မြေနေရာများကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ကိုးကွယ်ရာဘာသာသာသနာနှင့်ပတ်သက်၍ ခွဲခြားမှုများမထားရှိဘဲ ဘာသာတရားမှတစ်ဆင့် ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုများကို ဆောင်ကြဉ်းပေးနိုင်ရေး အားပေးလျက်ရှိပါကြောင်း။

လက်ရှိအချိန်တွင် နိုင်ငံတော်အနေဖြင့် ပါတီစုံ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိပြီး ဒီမိုကရေစီစနစ်ကို ကျင့်သုံးဆောင်ရွက်ရာတွင် စည်းကမ်းစနစ်တကျရှိသည့် ဒီမိုကရေစီဖြစ်ရန်လိုပြီး ဘာသာရေးအရ၊ နိုင်ငံရေးအရ ငြိမ်းချမ်းမှုရှိရန်လိုအပ်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍လည်း မိမိအနေဖြင့် ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပြီး ဖြစ်နိုင်သမျှသောနည်းလမ်းမျိုးစုံဖြင့် တိုင်းပြည်ငြိမ်းချမ်းမှုရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် အတူယှဉ်တွဲနေထိုင်ကြသည့် လူ့ဘောင်အဖွဲ့အစည်း တစ်ခုအတွင်း၌ ကြုံတွေ့လာသည့်ပြဿနာများကို ဒီမိုကရေစီနည်းလမ်းဖြစ်သည့် တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းနည်းလမ်းကသာ အောင်မြင်စေနိုင်မည်ဟုယုံကြည်ပါကြောင်း၊ နိုင်ငံရေးပြဿနာတစ်နည်းအားဖြင့် နိုင်ငံရေးအရတောင်းဆိုလိုမှုကို နိုင်ငံရေးနည်းလမ်းဖြင့်သာ ဖြေရှင်းရမည်ဖြစ်ပါကြောင်း၊ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ဖြင့် တောင်းဆို၍ရနိုင်မည်မဟုတ်ပါကြောင်း၊ ဘာသာရေးနှင့်ပတ်သက်၍ ကိုးကွယ်ရာ ဘာသာတိုင်းသည် မှန်ကန်သည့် အတွေးအခေါ်များပေးနိုင်ပါကြောင်း၊ ထို့ကြောင့်ဘာသာရေးဆိုင်ရာ ခေါင်းဆောင်နေရသူများအနေဖြင့်လည်း နိုင်ငံတော်ကြီးငြိမ်းချမ်းရေးအတွက် ပြည်သူများ၏ အတွေးအခေါ်များနှင့် စိတ်ဓာတ်များယဉ်ကျေးသိမ်မွေ့လာစေရေး၊ ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုကိုဆောင်ကြဉ်းပေးနိုင်ရေး ဘာသာတရားမှတစ်ဆင့် ဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံလိုပါကြောင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဆရာတော်ကြီးများ၏ လိုအပ်ချက်များကို မေးမြန်းပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်ဥက္ကဋ္ဌတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်ဥက္ကဋ္ဌ ကာဒီနယ်ချားလ်စ်ဘိုတို့ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၅

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအားညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။(၅၀၁)



ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများကို အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းတို့ ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၅

ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုထားကြောင်း သိရသည်။ (မိုး/ဇလ)

လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

# တီးတိန်မြို့နယ်အတွင်း ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်း ကျောင်းပေါင်း ၁၁၅ ကျောင်းနှင့် ကျောင်းသား၊ ကျောင်းသူ ၁၃၀၆၂ ဦး ပညာသင်ကြားပေးလျက်ရှိ

**တီးတိန် ဩဂုတ် ၅**

တီးတိန်မြို့နယ်တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်း အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်း ၁၁၅ ကျောင်းဖွင့်လှစ်ထားရှိပြီး ဆရာ၊ဆရာမ ၆၈၇ ဦးတို့က ကျောင်းသား၊ ကျောင်းသူ ၁၃၀၆၂ ဦးကို ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။



အဆိုပါကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှု၊ အစိုးရစက်မှုလက်မှုသိပ္ပံ(တီးတိန်)၌ လက်တွေ့သင်ကြားနေမှုများကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ကြည့်ရှုအားပေးပြီး နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ်လူငယ်များဖြစ်သော ကျောင်းသား၊ ကျောင်းသူများသည် ဗလငါးတန်နှင့် ပြည့်စုံရမည်ဖြစ်ကြောင်း၊ Grade-10 မှစ၍ စက်မှုပညာ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးများကို ရွေးချယ်သင်ကြားနိုင်အောင် နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးထားသဖြင့် မိမိတို့ဝါသနာပါသည့် ပညာရပ်များကို လေ့လာသင်ယူခွင့်ရရန် ကြိုးစားကြစေလိုကြောင်းပြောကြား၍ ကျောင်းသား၊ ကျောင်းသူများအတွက် မုန့်နှင့် အချိုရည်များ ပေးအပ်သည်။

ထို့ပြင် တီးတိန်မြို့ ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသည့် လူနာများကို အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ကိုယ်ဝန်ဆောင်မိခင်၊ မီးဖွားမိခင်များကို ထောက်ပံ့ငွေများပေးအပ်သည်။

တီးတိန်မြို့ ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံတွင် မြို့နယ်ဆရာဝန် အပါအဝင် ကျန်းမာရေးဝန်ထမ်း ၁၆၆ ဦးတို့က ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးလျက်ရှိပြီး ယခုနှစ် ဇန်နဝါရီလမှစ၍ ယနေ့ထိ လူနာပေါင်း ၁၂၆၆၅ ဦးကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၅**

အနာဂတ်မျိုးဆက်သစ် လူငယ်များ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ကြည့်ရှု၍ တွဲဖက်လေ့လာနိုင်ရန်၊ နိုင်ငံတော်၏ သမိုင်းကြောင်းနှင့် တပ်မတော်သမိုင်းဆိုင်ရာ အမွေအနှစ်များကို လေ့လာနိုင်ရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းစဉ်များနှင့် တပ်မတော်၏အမျိုးသားရေးတာဝန်ထမ်းဆောင်ခဲ့မှု သမိုင်းကြောင်းများကို သိရှိနားလည်စေရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှု၊ တပ်မတော်၏စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန်အတွက် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးမှုကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကြီးကြပ်သူ ဆရာ၊ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာကြရာ ဩဂုတ် ၄ ရက် တွင် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၊ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း (ကျည်တောင်)မှကျောင်းသား၊ကျောင်းသူများသည်လည်းကောင်း၊ယနေ့တွင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (စည်ပင်သာယာ)မှ ကျောင်းသား၊ကျောင်းသူများသည်လည်းကောင်း၊အုပ်ချုပ်သူ ဆရာ၊ ဆရာမများလိုက်ပါ၍ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြရာ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများသည် စစ်သမိုင်းပြတိုက်နှင့်တပ်မတော်မော်ကွန်းတိုက်မှူးရုံးပြခန်း၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးပြခန်း၊ လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးပြခန်း၊စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံးပြခန်း၊ ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံးပြခန်း၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံးပြခန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးပြခန်း၊ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံးပြခန်း၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ပြခန်း၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံးပြခန်း၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး ပြခန်း၊ သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးပြခန်း၊အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးပြခန်း၊လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့အရာရှိချုပ်ရုံးပြခန်း၊ တပ်မတော်(ရေ)ပြခန်းနှင့်တပ်မတော်(လေ)ပြခန်းတို့ကိုစိတ်ဝင်စားစွာလေ့လာကြည့်ရှုကြပြီး သိရှိလိုသည်များကိုမေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများသည် ပြင်ပပြကွက်များဖြစ်သည့် တပ်မတော်(ကြည်း)ပြကွက်၊ တပ်မတော်(ရေ) ပြကွက်၊ တပ်မတော်(လေ) ပြကွက်တို့ရှိ ခင်းကျင်းပြသထားမှုများကို စိတ်ဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြပြီး စုပေါင်းဓာတ်ပုံများရိုက်ကူးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)










ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကြည့်ရှုလေ့လာစဉ်။

## လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

**လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီးရှိပါတယ်။**

**(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ ပြည့် အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)**

## မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်) အကြီးစားပြုပြင်မှုများ ဆောင်ရွက်လျက်ရှိ



နေပြည်တော် ဩဂုတ် ၅

မန္တလေးငလျင် လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မြန်မာ့ကျောက်မျက် ရတနာပြတိုက် (နေပြည်တော်)ကို အကြီးစား ပြုပြင်တည်ဆောက်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)ရှေ့မျက်နှာစာကို Light Weight Block အုတ်စီခြင်း၊ အဆောက်အအုံ၏ ပင်မအတက်အဆင်း လှေကား အသစ်ပြုလုပ်ခြင်း၊ အမိုးသွပ်လဲလှယ်ခြင်း၊ မြေညီထပ်နှင့် ပထမထပ်များပြင်ဆင်ခြင်း၊ Basement ကြမ်းခင်းမြှင့်တင်ဆောင်ရွက်ခြင်း၊ Valt အခန်းများနှင့် ပြတိုက်အဝင်မုခ်ဦးတို့ကို မွမ်းမံပြင်ဆင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို ယနေ့ နံနက်ပိုင်းတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ဒုတိယဝန်ကြီး ဦးခင်လတ်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးရာ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် အဆောက်အအုံ တည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာ၊ ဒီဇိုင်းအင်ဂျင်နီယာတို့က ဦးစားပေးအဆင့်လိုက် တည်ဆောက်ပြီးစီးနိုင်မှု အခြေအနေ၊ ပြခန်းအလိုက် နေရာချထားမည့်အခြေအနေများကို ရှင်းလင်းတင်ပြမှုများအပေါ် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းနှင့်ကိုက်ညီရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**☆ ကျောဖုံးမှအဆက်**

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်လင်းမောင်၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ဖြစ်ပွားလေ့ရှိသည့် သဘာဝဘေး အန္တရာယ်များကို သက်သာလျော့ပါးစေရန်နှင့် သဘာဝဘေးဖြစ်ပွားပြီးချိန်တွင် ပြန်လည်ထူထောင်ရေးအတွက် ကြိုတင်စီမံထားရှိပြီးဖြစ်ပါကြောင်း၊ ယခုအခါ လေးမျက်နှာမြို့နယ် ငဝန်တာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံ နိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်ခြင်း ဖြစ်စဉ်နှင့်ပတ်သက်၍ ဖြစ်စဉ်ဖြစ်ပွားလျှင် ဖြစ်ပွားခြင်း တပ်မတော်နှင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ညီလက်ညီ ပူးပေါင်းပြီး အမြန်ဆုံးတုံ့ပြန်ဆောင်ရွက်ခဲ့ကြသည့်အတွက် လူအသေ အပျောက်တစ်စုံတစ်ရာမရှိဘဲ အောင်မြင်အောင်ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်သမ္မတကလည်း သဘာဝဘေးနှင့်ပတ်သက်၍ လိုအပ်ချက်များကို အကောင်းဆုံးနှင့် အမြန်ဆုံး ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ရောဝတီနှင့် ငဝန်မြစ်ရိုးတစ်လျှောက်ရှိ တာများကြံ့ခိုင်မှုအခြေအနေကို ကွင်းဆင်းစစ်ဆေးရန်၊ ရေကင်းများစနစ်တကျချထားဆောင်ရွက်ရန်နှင့် ထူးခြားမှုရှိပါက ပြည်သူလူထုကိုအသိပေးနိုင်သည့်စနစ် ထူထောင်ထားရှိရန်လိုအပ်ပါကြောင်း၊ ရေကြီးရေလျှံမှုကို ကာကွယ်နိုင်ရန်နှင့် မြစ်ရေတင်စီမံကိန်းများဆောင်ရွက်နိုင်ရန် မြစ်ကြောင်းများတွင် အနိမ့်တမံများလည်း တည်ဆောက်နိုင်ပါကြောင်း။

ရေကြီးရေလျှံမှုကြောင့် ပြန်လည်ပြင်ဆင်ရန်လိုအပ်သည့် လမ်းတံတားများ၊ လျှပ်စစ်ဓာတ်အား၊ ဆက်သွယ်ရေး၊ ကျောင်း၊ ဆေးရုံ၊ သောက်သုံးရေစနစ်များကို အမြန်ဆုံးပြန်လည်အသုံးပြုနိုင်ရေး ကဏ္ဍအလိုက် စီမံပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရေနစ်မြုပ်ပျက်စီးသွားသည့် လယ်ယာမြေများတွင် စပါးပြန်လည်စိုက်ပျိုးရန်နှင့် အချိန်မမီပါက အခြားသီးနှံများ အစားထိုးစိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် မျိုးစေ့၊ စိုက်ပျိုးရေးသွင်းအားစုများ၊ လိုအပ်သည့် ထောက်ပံ့ကူညီမှုများနှင့် နည်းပညာများကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရတို့က ပူးပေါင်းစီစဉ်ပေးသွားမည်ဖြစ်ကြောင်း။

ကျောင်းဖွင့်ရာသီ ဖြစ်သောကြောင့် ရေပြန်လည်ကျချိန်တွင် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး စီမံကူညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တာတမံများ၊ မြစ်ကမ်းများ၏ တောင့်တင်းခိုင်မာမှုနှင့် ကြံ့ခိုင်မှုတို့အတွက် ရေတိုအစီအမံများနှင့် ရေရှည်ဆောင်ရွက်မည့်အစီအမံများကို ဦးစားပေး လုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ယနေ့အစည်းအဝေးတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် လက်ရှိဆောင်ရွက်နေသည့် အခြေအနေ၊ တွေ့ကြုံရသည့်အခက်အခဲများ၊ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ဆွေးနွေးပေးကြရန်နှင့် မိမိတို့တိုင်းဒေသကြီးအတွင်းရှိ ကားလမ်း၊ ရထားလမ်းပိုင်းများကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များကို အမြန်ဆုံး ပြင်ဆင်ဆောင်ရွက်ရန်နှင့် ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် သက်ဆိုင်ရာဌာနများအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရောဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်တွင် ရေကြီးရေလျှံဖြစ်ပွားခဲ့မှု၊ ကူညီကယ်ဆယ်ရေး၊ စာသင်ကျောင်းများဖွင့်လှစ်နိုင်ရေး၊ ကျန်းမာရေး အထောက်အကူပြု ကုသမှုဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာသူများက ရေကြီးရေလျှံ ဖြစ်ပွားခဲ့မှု၊ အမြန်ဆုံးပြန်လည်ပြုပြင် ဆောင်ရွက်ခဲ့မှု၊ ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ ရေငန်ဝင်ရောက်လေ့ရှိသည့် လယ်ယာများတွင် ရေငန်တားတာများကို ဆောင်ရွက်နိုင်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက ပြန်လည်သုံးသပ်ဆွေးနွေး၍ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်း လိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ အဝင်ခရီးသည်များအနေဖြင့် သယ်ဆောင်လာသည့် မိုဘိုင်းလက်ကိုင်ဖုန်းများနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးကြေညာခြင်း

၁။ နယ်စပ်ဝင်ပေါက်များမှလည်းကောင်း၊ ပင်လယ်ရေကြောင်း ဝင်ပေါက်များမှလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ လည်းကောင်း ဝင်ရောက်လာသော မိုဘိုင်းလက်ကိုင်ဖုန်းများအား CEIR စနစ်တွင် မှတ်ပုံတင်၍ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာလေဆိပ် (ရန်ကုန်၊ နေပြည်တော်၊ မန္တလေး) များမှ ဝင်ရောက်လာသည့် ခရီးသည်များနှင့်အတူပါရှိလာသည့် (ခရီးသည်တစ်ဦးလျှင် လက်ရှိအသုံးပြုနေသည့် ဖုန်းအပါအဝင် မိုဘိုင်းလက်ကိုင်ဖုန်းနှစ်လုံးသာ သယ်ယူခွင့်ပြုပါသည်) မိုဘိုင်းလက်ကိုင်ဖုန်းများကိုသာ CEIR စနစ်တွင် မှတ်ပုံတင်ရန်အတွက် အောက်ဖော်ပြပါလုပ်ငန်းစဉ်များအား ဆောင်ရွက်ခွင့်ပြုမည်ဖြစ်သည်။

**ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်**

၂။ အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ ဝင်ရောက်လာသည့် ခရီးသည်များအနေဖြင့် CEIR စနစ်တွင် မှတ်ပုံတင်ထားခြင်းမရှိသေးသော မိုဘိုင်းလက်ကိုင်ဖုန်းများပါရှိလာပါက လေဆိပ်အကောက်ခွန် ကောင်တာတွင် Passenger Declaration Form (PD Form)ဖြင့် ကြေညာရမည်ဖြစ်ပါသည်။ ထိုသို့ကြေညာရာတွင် PD Form ၌ IMEI နံပါတ်အား မဖြစ်မနေထည့်သွင်းကြေညာရမည်။

၃။ မိုဘိုင်းလက်ကိုင်ဖုန်းများအား CEIR စနစ်တွင် မှတ်ပုံတင်နိုင်ရန်အတွက် CEIR OSS အဖွဲ့သို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လာရောက်၍ လျှောက်ထားနိုင်သည်-

(က) CEIR စနစ်တွင် မှတ်ပုံတင်ခွင့် လျှောက်လွှာ

( ခ ) Passport (မိတ္တူ) (ဓာတ်ပုံပါသောရှေ့စာမျက်နှာနှင့် လေဆိပ်လဝကမှ ရောက်ရှိရက်စွဲ ရိုက်နှိပ်ထားသော စာမျက်နှာ)

( ဂ ) Boarding Pass (မူရင်း၊ မိတ္တူ)

(ဃ) လေယာဉ်လက်မှတ် (မူရင်း၊ မိတ္တူ)

( င ) Passenger Declaration Form (PD Form) (မူရင်း)

၄။ လျှောက်ထားလာမှုသည် Passenger Declaration Form (PD Form) ကြေညာခဲ့သည့်ရက်မှ ရက်ပေါင်း (၃၀) အတွင်း လျှောက်ထား၍ ကျသင့်အခွန်ကို ပေးသွင်းရမည်။ ရက်ပေါင်း (၃၀) အတွင်း လျှောက်ထားနိုင်ခြင်းမရှိပါက CEIR စနစ်မှ ကျသင့်အခွန်အပြင် ဒဏ်ကြေးများ ကောက်ခံသွားမည် ဖြစ်ပါသည်။

၅။ ခရီးသည်တစ်ဦးလျှင် ပထမအကြိမ် PD Form ကြေညာသည့်နေ့မှ တစ်နှစ်အတွင်း မိုဘိုင်းလက်ကိုင်ဖုန်း နှစ်လုံးအထိသာ လျှောက်ထားနိုင်သည်။

**CEIR နှင့် EIR စနစ်စီမံကိန်းဦးစီးကော်မတီ**

# ပုသိမ်မြို့ အားကစားပြိုင်ပွဲရုံ(၂)၌ ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များကလှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများစုဆောင်းပြီး လိုအပ်သည့်နေရာများသို့ အမြန်ဆုံးပို့ဆောင်လှူဒါန်းလျက်ရှိ



ပုသိမ် ဩဂုတ် ၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အားကစားပြိုင်ပွဲရုံ(၂)၌ ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ်ရှိ ငဝန်တာ၏ အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်ကာ ရေဘေးသင့်ခဲ့ရသည့် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများကို ပုသိမ်မြို့ အားကစားပြိုင်ပွဲရုံ(၂)၌ စုဆောင်းထားရှိပြီး လိုအပ်သည့်နေရာများသို့ အမြန်ဆုံးပို့ဆောင်လှူဒါန်းလျက်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

အဆိုပါ ထောက်ပံ့ရေးပစ္စည်းများ စနစ်တကျထားရှိစေရေး၊ လိုအပ်သည့်နေရာများသို့ အမြန်ဆုံးပို့ဆောင်လှူဒါန်းနိုင်ရေးအတွက် စီမံဆောင်ရွက်နေမှုကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ပုသိမ်မြို့ ပြည်သူ့ဆေးရုံ၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အဖြစ် ပုသိမ်တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)၊ နည်းပညာတက္ကသိုလ်(ပုသိမ်)၊ ပုသိမ်ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား၊ကျောင်းသူ ၁၀၂ ဦးတို့က စုပေါင်းသွေးလှူဒါန်းမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး သွေးအလှူရှင်များအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ အခြေခံပညာကျောင်းများ၌ အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးလျက်ရှိ

လားရှိုး ဩဂုတ် ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ အခြေခံပညာကျောင်းများ၌ အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လားရှိုးမြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက လမင်းစီမံချက်ဖြင့် အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ပြုလုပ်ပေးနေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ကြည့်ရှုအားပေးပြီး ဆောင်ရွက်ပြီးစီးသော နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်တို့ကို ကျောင်းသား၊ ကျောင်းသူများထံ ပေးအပ်သည်။

ထို့ပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးတက္ကသိုလ် အကြီးစားပြုပြင်နေမှု၊ မိုးလုံလေလုံအားကစားရုံ၊ ကမ္ဘောဇ အမျိုးသားအဆောင်၊ လားရှိုးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ ပညာသင်ကြားနေမှု၊ လားရှိုးမြို့ မြို့တော်ခန်းမ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ခုတင် ၅၀၀ ဆံ့ လားရှိုး ပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူနေသော ပြည်သူများကို အာဟာရဖြည့်အစားအစာများ ပေးအပ်သည်။

အလားတူ လားရှိုးမြို့ ကောင်းခါးကျေးရွာ အကွက်ကျယ်စံပြကွက်ဧက ၃၀ တွင် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ခတ်မြေဩဇာကြဲပက်နေမှု၊ လားရှိုးမြို့ကို ဖြတ်သန်းစီးဆင်းနေသည့် ပင်မရေဆိုးမြောင်းမကြီး ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှု၊ လားရှိုးလေယာဉ်ကွင်း လေဆိပ်အဆောက်အအုံ ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် လေယာဉ်ပြေးလမ်းတို့ကို ကြည့်ရှုစစ်ဆေးပြီး သွပ်ပြားစက်ရုံ၌ သွပ်ပြားများထုတ်လုပ်နေမှုတို့ကို ကြည့်ရှုအားပေးသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် လားရှိုးမြို့ ရှမ်းစာပေနှင့်ယဉ်ကျေးမှုခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များနှင့်တွေ့ဆုံ၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မောင်မောင်သန်း(တောင်ကြီး)

❍ **လေးမျက်နှာမြို့နယ်မှ**

ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်ခြင်းကြောင့် ယနေ့ထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၇၂ ရွာ၊ ဟသ်ာတမြို့နယ် ၂၆ ရွာ၊ ရေကြည်မြို့နယ် ခြောက်ရွာနှင့် ကျုံပျော်မြို့နယ် နှစ်ရွာ စုစုပေါင်း ၁၀၆ ရွာတို့သို့ ရေဝင်ရောက်မှုများဖြစ်ပွားလျက်ရှိသည်။

အဆိုပါ ငဝန်တာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်ခြင်းကြောင့် လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၇၂ ရွာ၊ ဟသ်ာတမြို့နယ် ၂၆ ရွာ၊ ရေကြည်မြို့နယ် ခြောက်ရွာနှင့် ကျုံပျော်မြို့နယ် နှစ်ရွာ စုစုပေါင်း ၁၀၆ ရွာရှိ လူနေအိမ်များအတွင်းသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် ရေဘေးကူညီကယ်ဆယ်ရေးစခန်း ၁၃ ခု ဖွင့်လှစ်ထားရှိပြီး အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများစုပေါင်း၍ ရေဘေးသင့်ပြည်သူများကို ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ပစ္စည်းများကို ဘေးလွတ်ရာသို့ကူညီရွှေ့ပြောင်းခြင်းများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြစ်ရေတိုက်စားပြိုကျမှုမှကာကွယ်ရန် တာခြေထောက်ခြင်းအဖြစ် ကမ်းထိန်းအိတ်များချခြင်း၊ ရေရှိန်တားပြုလုပ်ခြင်း၊ ရေကာတာတာပေါင်မြေဖို့ခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

❑ **ပြည်ပပို့ကုန်သကြားမှ**

ဥက္ကံမျိုးပွားခြံတို့တွင် စိုက်ပျိုးကြပြီး နိုင်ငံခြားမျိုးများဖြစ်သည့် K95/84၊ KK-3၊ K2000/89 မျိုးစိတ်များနှင့် စိုက်ပျိုးရေးသုတေသနမှထုတ်လုပ်သည့် Dar-4 အထွက်ကောင်း ချက်ကြံမျိုးစိတ်တို့ကို မိုးသီးနှံအဖြစ်စိုက်ပျိုးထားကာ ယမန်နှစ်နိုဝင်ဘာလက စိုက်ပျိုးခဲ့သည့် ကြံခင်းများကို အောက်တိုဘာလကုန်ပိုင်းတွင် စတင်၍ရိတ်သိမ်းမည်ဖြစ်သည်။

ထို့အတူ တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်း စားကြံကိုစိုက်ပျိုးမှုများကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာစိုက်ပျိုးတဲ့ ကြံကနေ တင်လဲရည်ကို ပြည်တွင်းမှာအသုံးပြုပြီး သကြားကို ပြည်ပပို့တာဖြစ်တဲ့အတွက် နိုင်ငံခြားဝင်ငွေရပါတယ်။ တောင်သူတွေအတွက်လဲ ဈေးကောင်းရတဲ့သီးနှံဖြစ်တာကြောင့် အကျိုးအမြတ်လဲရှိနေပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ၂၀၂၆-၂၀၂၇ ခုနှစ်တွင် တိုင်းဒေသကြီးအတွင်း ချက်ကြံ ၃၃၈၁ ဧကနှင့် စားကြံ ၅၀၇ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်ခဲ့ပြီး ပြီးခဲ့သည့် ဇူလိုင်လကုန်ပိုင်းတွင် ချက်ကြံ ၃၄၃၆ ဧကနှင့် စားကြံ ၅၁၁ ဧက ကို လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့သည်။

စားကြံကို ရန်ကုန်မြို့တွင် ကြံရည်အဖြစ် ဆောင်းရာသီတွင် ရောင်းချလေ့ရှိပြီး ချက်ကြံကို တင်လဲရည်ထုတ်လုပ်၍ အဖျော်ယမကာနှင့် အခြားစားသောက်ကုန်ထုတ်လုပ်ရာ၌ အသုံးပြုကာ ချက်ကြံရည်ကိုကျိုချက်ရာမှ သကြားထုတ်လုပ်မှုဖြင့် ပြည်တွင်းသုံးစွဲမှုအပြင် ပြည်ပသို့ တင်ပို့လျက်ရှိကာ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကို ပြည်ပပို့ကုန်အဖြစ် တင်ပို့ကြောင်း သိရသည်။ **သစ္စာ(MNA)**

## တောင်ယာခုတ်ထွင် မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း၊

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်ခြင်း၊

(ဂ) မြေဆီဩဇာခန်းခြောက်ခြင်းနှင့် သီးနှံများအထွက်နှုန်းလျော့နည်းခြင်း၊

(ဃ) သစ်တောထွက်ပစ္စည်းများဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

**ရတနာသစ်တော ပြည့်သွေးကြော**

**သစ်တောရတနာ ထိန်းသိမ်းပါ။**

# မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ



**မန္တလေး ဩဂုတ် ၅**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော်တတိယပုံမှန်အစည်းအဝေးဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း ၇၁ ဦး တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၆ ဦး မေးမြန်းသည့် ကြယ်ပွင့်ပြ မေးခွန်း ၂၀ ကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်ပြီး လွှတ်တော်ဥက္ကဋ္ဌက "ဥပဒေကြမ်း ပြုစုရေးဆွဲရေးအဖွဲ့များ" ဖွဲ့စည်းရန်လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူရာ လွှတ်တော်ကသဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ထို့ပြင် "မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ဘဏ္ဍာနှစ်အလိုက် ပိုလျှံငွေများကို ဖြည့်စွက်ရန်ပုံငွေအဖြစ်အသုံးပြုရေးနှင့် အကြောင်းအမျိုးမျိုးကြောင့် ဝင်ငွေရရှိမှုနည်းသော မြို့နယ်စည်ပင်သာယာရေးအဖွဲ့များကို တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေမှ အထောက်အပံ့ပေးရေး" အဆိုကို ငါန်းဇွန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်သူ က တင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံ၍ အဆိုကို ဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏သဘောထားရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အဆိုနှင့်ပတ်သက်၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း ပေးသွင်းနိုင်ကြောင်းနှင့် ဆွေးနွေးမည့်နေ့ရက်ကို ကြေညာသည်။

မန္တလေးတိုင်းဒေသကြီး လွှတ်တော်တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကိုရပ်နားခဲ့ပြီး အစည်းအဝေး တတိယနေ့ကို ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)


၂၀၂၆-၂၀၂၇ ပညာသင်နှစ်

ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ

(၁၀-၈-၂၀၂၆) ရက်နေ့မှ (၁၄-၈-၂၀၂၆) ရက်နေ့ထိ

၁။ ကျောင်းအခြေပြု ကျန်းမာရေး အသိပညာမြှင့်တင်ရေးလုပ်ငန်း၊
၂။ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊
၃။ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊
၄။ ကျောင်းအခြေပြု ရောဂါကာကွယ်ရေးလုပ်ငန်း၊
၅။ ကာယပညာနှင့် အားကစားလုပ်ငန်း၊
၆။ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ် ကင်းဝေးရေးလုပ်ငန်း
၇။ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ကျောင်းမှပြည်သူတွင်းသို့ မှုမှန်လူနေမှုဘဝဟန်များ ရောက်ရှိရေးလုပ်ငန်း၊
၈။ နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်း၊
၉။ သင်တန်းနှင့် သုတေသနလုပ်ငန်း။


## ထူးခြားသည့် နေ့အပူချိန်များ

(၅- ၈ -၂၀၂၆)

| | | | | |
|---|---|---|---|---|
| ပြည် | ၃၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ကလေးဝ | ၃၃ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ငါးသိုင်းချောင်း | ၃၃ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ကိုကိုးကျွန်း | ၃၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၃၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟသ်ာတ | ၃၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြောင်းမြ | ၃၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ထားဝယ် | ၃၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်းရှိ တံတားအမှတ်(၇၃၉)နှင့် (၇၇၁)တို့ အသစ်တည်ဆောက်ပြီးစီး၍ ရထားများ ပုံမှန်အတိုင်းသတ်မှတ်မိုင်နှုန်းပြည့်ဖြင့် ပြေးဆွဲပေးလျက်ရှိ



**မန္တလေး ဩဂုတ် ၅**

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်းရှိ ကျောက်ဆည်ဘူတာနှင့် မင်းစုဘူတာကြား မိုင်တိုင်အမှတ်(၃၅၅/၁၂)နှင့်(၁၃)ရှိ တံတားအမှတ်(၇၃၉)နှင့် ကျောက်ဆည်ဘူတာနှင့် ဘဲလင်းဘူတာကြား မိုင်တိုင်အမှတ်(၃၆၂/၂၂)နှင့်(၂၃)ရှိ တံတားအမှတ်(၇၇၁) တို့ကို အသစ်တည်ဆောက်ပြီးစီး၍ ဩဂုတ် ၄ ရက်မှစတင်၍ ရထားများ ပုံမှန်အတိုင်း သတ်မှတ်မိုင်နှုန်းပြည့်ဖြင့် ဖြတ်သန်းမောင်းနှင် ပြေးဆွဲပေးလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

အဆိုပါတံတားများကို သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အမြန်ဆုံးပြီးစီးရေးအတွက်မြန်မာ့မီးရထားဝန်ထမ်းများက အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ တံတားများကိုယာယီပြုပြင်၍ ခွင့်ပြုမိုင်နှုန်း ကန့်သတ်ချက်ဖြင့် ရထားများဖြတ်သန်းပြေးဆွဲပေးခဲ့ပြီး အဆိုပါနေရာများ၌ တံတားအသစ်များတည်ဆောက်၍ အစားထိုးအသုံးပြုနိုင်ရန်စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ တံတားနှစ်စင်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်နှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေများဖြင့် အမိုးပိတ်ကွန်ကရစ်တံတား (Box Culvert) အမျိုးအစားတံတားများအဖြစ် အသစ်တည်ဆောက်ပြီးစီး၍ ရထားများဖြင့် စမ်းသပ်မောင်းနှင်ခဲ့ရာ တံတားအသစ်များပေါ်တွင် သတ်မှတ်မိုင်နှုန်းအတိုင်း ဖြတ်သန်းပြေးဆွဲနိုင်ပြီ ဖြစ်သည့်အတွက် ရထားများ ပုံမှန်အတိုင်း ဖြတ်သန်းမောင်းနှင်ပြေးဆွဲပေးလျက် ရှိကြောင်း သိရသည်။

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများနှင့် ကုန်စည်ပို့ဆောင်သူများ အဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းနှင့် တံတားများပြင်ဆင်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်းများကို လူအင်အား၊ ပစ္စည်းအင်အား၊ ထိရောက်သော ထောက်ပံ့ပို့ဆောင်ရေးအစီအစဉ်တို့ဖြင့် စနစ်တကျစီမံကြီးကြပ်ဆောင်ရွက်ခဲ့မှုတို့ကြောင့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ရန်ကုန်မှမန္တလေးထိ လူစီးရထားများ၊ ကုန်ရထားများ အချိန်မှန်ကန်စွာဖြင့် ပုံမှန်အတိုင်း ပြေးဆွဲပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## ၅-၈-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၁.၅ ~ ၃၆၆၈ | ၅၅၈ ~ ၅၅၈.၇ | ၁၂၅.၆ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၀,၅၃၃,၈၇၅.၆၃ | ၄,၇၄၉,၈၇၂.၅၅ | ၄,၉၃၅,၅၆၀.၃၈ | - |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေသြဇာ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ထုပ်ပိုးမှုပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း၊ စားသုံးကုန်စည်၊ ကား၊ ဆိုင်ကယ်အပိုပစ္စည်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှဝင်ရောက်ငွေကို စားသုံးဆီကဏ္ဍနှင့် CMP ကဏ္ဍတို့သို့ ရောင်းချပေးခဲ့ပါသည်။






## ၂၀၂၆ ခုနှစ် ဩဂုတ် ၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၆၉၅၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ




# ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးဂိတ်တွင် မော်တော်ယာဉ်များကို ခေတ်မီ x-Ray စက်ကြီးများ၊ Mobile x-Ray စက်များဖြင့် နေ့စဉ်စစ်ဆေးဆောင်ရွက်လျက်ရှိ

ပဲခူး ဩဂုတ် ၅

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးဂိတ်ရှိ ပို့ကုန်စစ်ဆေးရေးဂိတ်နှင့် သွင်းကုန် စစ်ဆေးရေးဂိတ်များတွင် မော်တော်ယာဉ်များကို ခေတ်မီ x–Ray စက်ကြီးများ၊ Mobile x–Ray စက်များဖြင့် နေ့စဉ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ မော်တော်ယာဉ်များကိုစက်များဖြင့် စစ်ဆေးဆောင်ရွက်မှုကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေများပေးအပ်ကြသည်။

ထို့ပြင် ဒိုက်ဦးမြို့ ဒေသခံတောင်သူများအတွက် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို ဒိုက်ဦးမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ သွားရောက်တွေ့ဆုံပေးအပ်သည်။

တွေ့ဆုံစဉ် စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ တစ်ဧကစိုက်ပျိုးစရိတ်သက်သာစေရေး သဘာဝမြေဩဇာနှင့်ရွက်ဖျန်းမြေဩဇာထုတ်လုပ်သုံးစွဲနိုင်ရေးတို့ကိုလည်း ဆွေးနွေးပြောကြားသည်။

ထို့အတူ ဝေါမြို့နယ် အဗျားဘိုတဲကျေးရွာအုပ်စု၌ တစ်ကွင်းတစ်ဆက်တည်း အကွက်ကျယ် စံပြကွက်ဧက ၃၅၀ တန်ဖိုးမြင့် တောင်ပျံပေါ်ဆန်းစပါးစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှု၊ သဘာဝကွင်းစာဖြင့် ဥစားဘဲအကောင် ၃၀၀၀ မွေးမြူထားရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာလုပ်ငန်းလုပ်ကိုင်နေသည့် အဗျားဘိုတဲကျေးရွာရှိ ဦးသက်နိုင်ဦးနှင့် ဒေါ်ခင်သန်းနုတို့၏ ဒေသထွက် ငါးရံ့ခြောက်အရောင်းဆိုင်တို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၅

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ဘောလုံးအားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော လားရှိုးတပ်နယ် (ခ)အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဩဂုတ် ၄ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

- (က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ဌာနချုပ်ရုံး (နေပြည်တော်)
  - (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁
- (ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  - (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂
- (ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
  - (၁) ၀၉-၃၄၉၀၃၅၃၄
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၃၄
- (ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
  - (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈
- (င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
  - (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀
- (စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
  - (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
  - (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၈၉၀၉၃၇၅၇၄
- (ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  - (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁
- (ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  - (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈
- (ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  - (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉
- (ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  - (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀
- (ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  - (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁
- (ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  - (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂
- (ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  - (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃
- (ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  - (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄
- (ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  - (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅
- (တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ဧရာဝတီတိုင်းဒေသကြီး)
  - (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**




မြန်မာနိုင်ငံအတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်နေသည့် ပြည်ပနိုင်ငံသား ၄၁ ဦးကို တာချီလိတ်မြို့နယ်အတွင်း ဖမ်းဆီးရမိမှုပြမြေပုံ။



တာချီလိတ်မြို့နယ်အတွင်း တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားများ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

❖ **တာချီလိတ်မြို့နယ်မှ**

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)အုပ်စု ဝှေလေလန် ပူးပေါင်းစစ်ဆေးရေးဂိတ်အနီး ရှောင်ကွင်းလမ်းကို ယနေ့ နံနက် ၄ နာရီခန့်တွင် ရှောင်တခင်စစ်ဆေးခဲ့ရာ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား အမျိုးသားနှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိသည့် တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသော တရုတ်နိုင်ငံသား အမျိုးသား နှစ်ဦးကို စစ်ဆေးမေးမြန်းချက်အရ ဝမ်ပုံကျေးရွာအနီးတွင် တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်၍ ခိုအောင်းနေထိုင်သော တရုတ်နိုင်ငံသားများရှိကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များသည် တရားမဝင်နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသူများကို ဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ် ဝမ်ပုံကျေးရွာ၏တောင်ဘက် မီတာ ၄၆၀၀ ခန့်အကွာတွင် တရုတ်နိုင်ငံသား အမျိုးသား ၁၉ ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ဦးရေ ၂၀ ကိုလည်းကောင်း၊ အဆိုပါနေရာ၏ အရှေ့မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာတွင် တရုတ်နိုင်ငံသား အမျိုးသား ၁၉ ဦးကိုလည်းကောင်း ထပ်မံဖမ်းဆီး ထိန်းသိမ်းနိုင်ခဲ့သဖြင့် တရုတ်နိုင်ငံသား အမျိုးသား ဦးရေ ၄၀၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ၄၁ ဦးကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

ထိုသို့ မြန်မာနိုင်ငံအတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော်၍ ဝင်ရောက်လာသော တရုတ်နိုင်ငံသား ၄၁ ဦးကို သက်ဆိုင်ရာ၌ ထိန်းသိမ်းထားရှိပြီး ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)အရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

◆ **နေရာကွက်၍ မိုးကြီးနိုင်မှ**

ဩဂုတ် ၈ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Chit Moe Khant" Facebook အကောင့် ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁)ရပ်ကွက်နေ ချစ်မိုးခန့်ကို ညနေ ၅ နာရီ မိနစ် ၄၀ တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

● **ပိုက်ကျော်ခြင်းပြိုင်ပွဲမှ**

၃၉ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသား လေးယောက်တွဲပြိုင်ပွဲ အုပ်စုပထမပွဲစဉ်အဖြစ် မြန်မာအသင်းသည် မလေးရှားအသင်းနှင့် စတင်ကစားခဲ့ရာ နှစ်သင်းစလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများရှိခဲ့ပြီး မြန်မာအသင်းက ပထမပွဲငယ်တွင် ၁၇ မှတ် ၁၆ မှတ်ဖြင့်လည်းကောင်း၊ ဒုတိယပွဲငယ်တွင် ၁၅ မှတ် ရှစ်မှတ်ဖြင့် နှစ်ပွဲပြတ်အနိုင်ရရှိခဲ့သည်။

ထို့နောက် မြန်မာအသင်းသည် အုပ်စုဒုတိယပွဲစဉ်အဖြစ် တောင်ကိုရီးယားအသင်းနှင့် ဆက်လက်ကစားခဲ့ရာ မြန်မာအသင်းက တောင်ကိုရီးယားအသင်းကို ပထမပွဲငယ်တွင် ၁၅ မှတ် ရှစ်မှတ်၊ ဒုတိယပွဲငယ်တွင် ၁၇ မှတ် ခုနစ်မှတ်ဖြင့် နှစ်ပွဲပြတ် အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲအုပ်စုပွဲစဉ်အဖြစ် မြန်မာအမျိုးသမီးအသင်းသည် အိန္ဒိယအမျိုးသမီးအသင်းနှင့် ကစားခဲ့ရာ ပထမပွဲငယ်တွင် ၁၅မှတ် ရှစ်မှတ်၊ ဒုတိယပွဲငယ်တွင် ၁၅ မှတ် ၁၀ မှတ်ဖြင့်အနိုင်ရရှိခဲ့သကဲ့သို့ အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲ အုပ်စုပွဲစဉ်တွင်လည်း အိန္ဒိယအမျိုးသမီးအသင်းနှင့်ပင် ကစားခဲ့ရာ ပထမပွဲငယ်တွင် ၁၅ မှတ် လေးမှတ်၊ ဒုတိယပွဲငယ်တွင် ၁၅ မှတ် ရှစ်မှတ်ဖြင့် နှစ်ပွဲပြတ် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းသည် ၃၉ ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ယနေ့ပွဲစဉ်များအပြီး အမျိုးသား ကွင်းသွင်းပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခု၊ အမျိုးသမီး ကွင်းသွင်းပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခု စုစုပေါင်း ငွေတံဆိပ် နှစ်ဆုရရှိထားပြီး ဩဂုတ် ၆ ရက်တွင် ကျင်းပမည့် ပြိုင်ပွဲများတွင်လည်း ဆက်လက်ဝင်ရောက် ကစားသွားမည် ဖြစ်ကြောင်း သိရသည်။ STA

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# ဂွာတီမာလာနိုင်ငံတွင် လှုပ်ရှားမှုအမြင့်ဆုံး မီးတောင်များအနက် တစ်ခုဖြစ်သည့် ဖူဂိုမီးတောင်ပေါက်ကွဲမှု ပိုမိုပြင်းထန်နေ



**ဂွာတီမာလာစီးတီး ဩဂုတ် ၅**

ဂွာတီမာလာနိုင်ငံတွင် လှုပ်ရှားမှုအမြင့်ဆုံး မီးတောင်များအနက် တစ်ခုဖြစ်သည့် ဖူဂိုမီးတောင်၏ ပေါက်ကွဲမှုမှာ ပိုမိုပြင်းထန်နေကြောင်း အမျိုးသားလျောင်ဗေဒ၊ မီးတောင်ဗေဒ၊ မိုးလေဝသနှင့်ဇလဗေဒဌာန(INSIVUMEH)၏ မီးတောင်ဗေဒ အာဏာပိုင်များက ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အမျိုးသား ငလျင်ဗေဒ၊ မီးတောင်ဗေဒ၊ မိုးလေဝသနှင့် ဇလဗေဒဌာန (INSIVUMEH)၏ ထုတ်ပြန်ချက်အရ မီးတောင်ပေါက်ကွဲမှုသည် ယနေ့ဒေသစံတော်ချိန် နံနက် ၁ နာရီ ၁၅ မိနစ်ခန့်မှ စတင်ပြင်းထန်လာခဲ့ပြီး မီးတောင်၏ အရှေ့တောင်ဘက်ရှိ ချောက်ကမ်းပါးများအတွင်းသို့ ပူပြင်းသော မီးတောင်ချော်ရည်များ စတင်စီးဆင်းလာခဲ့သောကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လိမ္မော်ရောင် သတိပေးချက်ကိုထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါ မီးတောင်လှုပ်ရှားပေါက်ကွဲရာမှ ဓာတ်ငွေ့၊ ပြာမှုန့်နှင့်ချော်ရည်များ လေထုထဲသို့ ထုတ်လွှတ်နေသည့်အပြင် ပြင်းထန်သော မြေငလျင်လှုပ်ခတ်မှုနှင့် ပေါက်ကွဲသံများလည်း ဆက်တိုက် ဖြစ်ပေါ်နေကြောင်း၊ ဂွာတီမာလာနိုင်ငံ၏ သဘာဝဘေးအန္တရာယ် လျှော့ချရေးဆိုင်ရာ အမျိုးသား ညှိနှိုင်းရေးအဖွဲ့ (CONRED) က မီးတောင်အနီးရှိ ရပ်ရွာများနှင့် မြို့နယ်များတွင် နေထိုင်သူဒေသခံများကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းရေးအစီအမံများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# တောင်ကိုရီးယားနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်မှုကြောင့် သေဆုံးသူ ၁၉ ဦးထိရှိလာ

**ဆိုးလ် ဩဂုတ် ၅**

တောင်ကိုရီးယားနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်မှုကြောင့် သေဆုံးသူ ၁၉ ဦးထိရှိလာကြောင်း ယနေ့သတင်းများအရ သိရသည်။

တောင်ကိုရီးယားနိုင်ငံတွင် ဩဂုတ် ၄ ရက်က အပူချိန်မြင့်တက်မှုအရေးပေါ်အခြေအနေ သတ်မှတ်ခဲ့ပြီး အပူချိန်မြင့်တက်မှုနှင့် ဆက်စပ်ပြီး သေဆုံးသူ ၁၉ ဦးထိ မြင့်တက်လာကြောင်း၊ အပူချိန်မြင့်တက်မှုသည် ကျန်းမာရေးကို ခြိမ်းခြောက်နေသဖြင့် တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်က အရေးပေါ် အစည်းအဝေးတစ်ရပ်ပြုလုပ်ကာ ပြည်သူများဘေးကင်းရေးအတွက်ပြင်ဆင်ဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြောင်း သမ္မတရုံးက ထုတ်ပြန်ခဲ့သည်။

"တောင်ကိုရီးယားနိုင်ငံမှာ ပုံမှန်မဟုတ်တဲ့ ရာသီဥတုဖြစ်ပေါ်နေပါတယ်။ အပူချိန်လွန်ကဲနေပြီးတော့ အပူချိန်မြင့်တက်မှုဟာ ကာလရှည်ကြာသွားနိုင်ပါတယ်" ဟု တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်က ပြောကြားခဲ့သည်။

အပူချိန်မှာ ၄၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်း ၁၂၂ နှစ်အတွင်း အပူချိန် အမြင့်ဆုံးမြင့်တက်မှုတစ်ရပ်ဖြစ်ကြောင်း တောင်ကိုရီးယား မိုးလေဝသအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# အီသီယိုးပီးယားနိုင်ငံ အမ်ဟာရာနယ်မြေတွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုကျမှုကြောင့် ဒေသခံ ၁၄ ဦးထက်မနည်း သေဆုံးမှုဖြစ်ပွားခဲ့

**အဒစ်အဘာဘာ ဩဂုတ် ၅**

အီသီယိုးပီးယားနိုင်ငံ အမ်ဟာရာနယ်မြေတွင် မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများကြောင့် မြေပြိုကျမှုဖြစ်ပေါ်ခဲ့ကာ ဒေသခံ ၁၄ ဦးထက်မနည်းသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မြေပြိုကျမှုကြောင့် အမ်ဟာရာနယ်မြေမှဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေပြီး ယာယီကယ်ဆယ်ရေးစခန်းများတွင် နေရာချပေးထားကြောင်း၊ စာသင်ကျောင်းများကိုလည်း ယာယီပိတ်ထားရပြီး ပျောက်ဆုံးနေသူများ ရှိနေဆဲဖြစ်ကာ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူများလည်းရှိခဲ့ပြီး ကနဦးသတင်းထုတ်ပြန်ချက်အရ ထိခိုက်ဒဏ်ရာရရှိသူခုနစ်ဦးရှိနေပြီး ကယ်ဆယ်ရေးဝန်ထမ်းများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေဆဲဖြစ်သော်လည်း နေရာတချို့တွင် မြေပြိုကျမှုများ ထပ်မံဖြစ်ပေါ်နိုင်သည့်အတွက် ၎င်းဧရိယာများတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ယာယီရပ်ဆိုင်းထားကြောင်း သိရသည်။



"အမ်ဟာရာနယ်မြေမှာ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးတော့ တောင်ကျရေတွေကြောင့် မြေပြိုကျမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ မြေပြိုကျမှုကြောင့် လမ်းပိတ်ဆို့မှုတွေဖြစ်ပေါ်နေပြီး လမ်းတချို့ကို ယာယီပိတ်ထားပါတယ်။ မြေပြိုကျမှုကြောင့် သေဆုံးသူ ၁၄ ယောက်ထက်မနည်းရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ခုနစ်ယောက်ရှိခဲ့ပါတယ်။ ပျောက်ဆုံးနေသူတွေလဲ ရှိနေပါသေးတယ်" ဟု အီသီယိုးပီးယား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# အီတလီနိုင်ငံတွင် အပူလှိုင်းပြင်းထန်လာသဖြင့် မြို့ကြီး ၂၇ မြို့ကို အနီရောင်အဆင့် အပူချိန်သတိပေးချက် ထုတ်ပြန်ထား

**ရောမ ဩဂုတ် ၅**

အီတလီနိုင်ငံတွင် အပူလှိုင်းပြင်းထန်လာသဖြင့် နိုင်ငံအနှံ့ရှိ မြို့ကြီး ၂၇ မြို့ကို အနီရောင်အဆင့် အပူချိန်သတိပေးချက် ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

အမြင့်ဆုံးအပူချိန် သတိပေးချက်ထုတ်ပြန်ထားသည့် အဓိကမြို့ကြီး ၂၇ မြို့မှာ အန်ကိုနာ၊ ဘာရီ၊ ဘိုလော်ညာ၊ ဘိုလ်ဇာနို၊ ဘရက်ရှာ၊ ကာလီယာရီ၊ ကမ်ပိုဘာဆို၊ ကာတာနီးယား၊ ချီဗီတာဗက်ကီယာ၊ ဖလော်ရင့်စ်၊ ဖရိုစီနိုနီ၊ ဂျီနိုအာ၊ လာတီနာ၊ မက်ဆီနာ၊ မီလန်၊ နေပယ်၊ ပါလာမို၊ ပီရူဂျာ၊ ပက်စ်ကာရာ၊ ရက်ဂျီယို ကာလာဘရီယာ၊ ရီယက်တီ၊ ရောမ၊ တူရင်၊ ထရီယက်စ်တီ၊ ဗင်းနစ်၊ ဗေရိုနာ နှင့် ဗီတာဘိုမြို့တို့ဖြစ်ကြောင်း သိရသည်။

အနီရောင်သတိပေးချက်အရ ပြင်းထန်သော အပူချိန်သည် ကာလရှည်ကြာ ဖြစ်ပေါ်နိုင်ပြီး လူငယ်များနှင့် ကျန်းမာရေးကောင်းမွန်သူများ အပါအဝင် နိုင်ငံတွင်းနေ ပြည်သူအားလုံး၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အခြေအနေဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသဆိုင်ရာ အာဏာပိုင်များကလည်း ပြည်သူများကို နံနက် ၁၁ နာရီမှ ညနေ ၆ နာရီအတွင်း ပြင်ပထွက်ခြင်းနှင့် နေရောင်ခြည်တိုက်ရိုက်ထိတွေ့ခြင်းကို ရှောင်ကြဉ်ရန်၊ တတ်နိုင်သမျှ အိမ်တွင်း၌ နေထိုင်ရန်နှင့်ရေဓာတ်ပြည့်ဝစေရန်အတွက် ရေများများ သောက်သုံးကြရန် တိုက်တွန်းထားကြောင်း သိရသည်။

လက်ရှိတွင် အီတလီနိုင်ငံ မိုးလေဝသပညာရှင်များ၏ ခန့်မှန်းချက်အရ မြောက်အာဖရိကမှ အပူဖိအားမြင့်လေထုသည် မြေထဲပင်လယ်ဒေသတွင် ပိုမိုအားကောင်းလာကာ ဥရောပဒေသအနှံ့သို့ ပျံ့နှံ့နေခြင်းကြောင့် ယခုလို အပူလှိုင်း ပိုမိုပြင်းထန်လာခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ



# မော်ရိုကိုနိုင်ငံတွင် စွန့်ပစ်ပစ္စည်းများဖြင့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်သွားမည်

**ရာဘတ် ဩဂုတ် ၅**

မော်ရိုကိုနိုင်ငံတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများကို အထောက်အကူပြုစေရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်သွားနိုင်ရန်အတွက် စွန့်ပစ်ပစ္စည်းများဖြင့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း မော်ရိုကိုအစိုးရက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကဏ္ဍတွင် ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို လျှော့ချနိုင်ရေးနှင့် လိုအပ်ချက် မြင့်မားနေသည့် လျှပ်စစ်စွမ်းအင်ပမာဏလုံလောက်မှုရှိစေရေးအတွက် လောင်စာကုန်ကျစရိတ် နည်းပါးသည့် စွန့်ပစ်ပစ္စည်းများဖြင့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရေးစီမံချက်ကို ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ စီမံချက်ကို ကာဆာဘလန်ကာဒေသတွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစီမံချက်ကို အထောက်အကူပြုစေရန် အဓိက ဦးစားပေးဖြစ်ကြောင်း သိရသည်။

"သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေကို အရှိန်မြှင့်တင် ဆောင်ရွက်သွားဖို့နဲ့ ရုပ်ကြွင်းလောင်စာ သုံးစွဲမှုကို လျှော့ချနိုင်ဖို့အတွက် စွန့်ပစ်ပစ္စည်းတွေကနေ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ဖို့အတွက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စွန့်ပစ်ပစ္စည်းတွေကိုလဲ စည်းကမ်းမဲ့စွာ စွန့်ပစ်နေတဲ့အတွက် အချို့နေရာတွေမှာဆိုရင် ဖို့မြေတွေ၊ အမှိုက်ပုံတွေ တော်တော်လေးကို ကြီးနေပါတယ်။ မီသိန်းဓာတ်ငွေ့ထုတ်လွှင့်မှုကို လျှော့ချနိုင်ဖို့အတွက် စွန့်ပစ်ပစ္စည်းတွေကို အကျိုးရှိရှိ ပြန်လည်အသုံးချတာဟာ တော်တော်လေးကို အကျိုးရှိစေမှာပါ" ဟု စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲရေးဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# စိတ်အနာဖေး

## ယွန်းနှင်းဆီခိုင်



(၁)

ခေတ်မီလှပစွာဆောက်လုပ်ထားသော တိုက်ကြီးတစ်လုံး၏ ဆင်ဝင်အောက်သို့ ကားကိုထိုးရပ်နားပြီးနောက် မိမိကိုယ်ကိုယုံကြည်မှုအပြည့်ဖြင့် ကျွန်တော် ကားပေါ်မှဆင်းလိုက်သည်။ နည်းပညာဆော့ဝဲ (Software) ကုမ္ပဏီတစ်ခုကို ပိုင်ဆိုင်ထားပြီဖြစ်သည့်အတွက် အသက်သုံးဆယ်ကျော်သာရှိသေးသော ကျွန်တော့်ကို လူအများစုက လေးလေးစားစားနှင့် အရေးပေးဆက်ဆံကြသည်။ ဦးကျော်စွာဝင်းဆိုသည့် အမည်နာမနောက်တွင် ဘွဲ့ထူးဂုဏ်ထူးများအပြင် ကုမ္ပဏီ၏အရှိန်အဝါကလည်း ဂုဏ်သိက္ခာရှိစွာ တွဲလျက်ရှိနေပြီဖြစ်သည်။

"မနက်ဖြန် အိမ်သစ်တက် မင်္ဂလာအတွက် အားလုံး ပြည့်ပြည့်စုံစုံ စီစဉ်ပြီးပါပြီ ဆရာ"

ကျွန်တော့် မန်နေဂျာက အနားသို့လာရပ်ကာ တင်ပြနေခြင်းဖြစ်သည်။ မနက်ဖြန်တွင် အိမ်သစ်တက် မင်္ဂလာဆွမ်းကျွေး အလှူပြုလုပ်မည်ဖြစ်ပြီး မိတ်ဆွေတချို့ကိုလည်း ဖိတ်ကြားထားသည်။ စီးပွားရေးဘက်တွင် အခြေကျအောင်မြင်အောင်ကြိုးစားနေခဲ့သည့် ကျွန်တော့်တွင် လက်ထပ်ရန်ထိရည်ရွယ်ထားသော ချစ်သူမိန်းကလေးရှိသော်လည်း ယခုထက်ထိ လက်မထပ်ရသေးပေ။ ချစ်သူကလည်း ဂုဏ်ရည်တူ ပညာတတ် အမျိုးသမီးကောင်းလေးဖြစ်ပြီး နောက်နှစ်ထဲတွင် မင်္ဂလာပွဲ ကျင်းပရန် နှစ်ဦးသား တိုင်ပင်ထားပြီးဖြစ်သည်။

ကျွန်တော့်ဘဝသည် လက်ရှိတွင် အောင်မြင်ပြည့်စုံနေသော်လည်း ငယ်ဘဝများမှာမူ ဆင်းရဲနွမ်းပါးခဲ့ပါသည်။ ငယ်ဘဝအကြောင်း ပြန်တွေးသည့်အခါ စိတ်ထိခိုက်နာကျင်စရာများနှင့်သာ ပြည့်နှက်နေတတ်သည်။ ယနေ့အချိန်၊ ယခုနေရာသို့ ရောက်ရန် ကျွန်တော်မည်မျှထိ အပင်ပန်းခံ ကြိုးစားခဲ့ရသည်ကို ကျွန်တော်သာ အသိဆုံးဖြစ်သည်။ ကျွန်တော့် ပစ္စုပ္ပန်သည် သာယာလှပသလောက် အတိတ်တို့မှာမူ ပြန်ပြောင်းမတွေးချင်လောက်အောင် သိမ်ငယ်မှုများဖြင့် ပြည့်နှက်နေခဲ့သည်။

သို့သော်လည်း အတိတ်တို့က ကျွန်တော်နှင့် ဝေးကွာသွေဖည်မသွားခဲ့ပါ။ ကျွန်တော်ကိုယ်တိုင်က ထိုအတိတ်များကို မကြာခဏတူးဆွကြည့်ရင်းဖြစ်တည်မှုအပေါ် ကျေနပ်မနေသေးဘဲ ပိုမိုမြင့်မားသည့် ဘဝတစ်ခုဆီရောက်ရန် အမြဲကြိုးစားနေခဲ့သည်။ ယခုတော့ လူများလေးစားအားကျရသည့် သူဌေးကြီး ဦးကျော်စွာဝင်းဆိုသည့် ဖြစ်တည်မှုက ကြိုးစားခဲ့သမျှ အရာထင်ခဲ့လေပြီ။

ငယ်ဘဝ အချိန်ကာလတစ်ခုတွင် ကျွန်တော့်ကို "ငကျော်၊ ဖိုးကျော်" ဟုခေါ်ကာ အမြဲတမ်း ချိုးနှိမ်ခဲ့သည့်အရင်းနီးဆုံး ဆွေမျိုးသားချင်းတစ်ဦးကို မနက်ဖြန် အိမ်သစ်တက်ပွဲသို့ ကြွရောက်ပေးပါရန် ကျွန်တော် ဖိတ်ခေါ်ချင်လွန်း၍ မနေ့ကတည်းက ကိုယ်တိုင်သွားရောက် ဖိတ်ကြားခဲ့ပြီးဖြစ်သည်။ ထိုသူမှာ အခြားသူမဟုတ်၊ ကျွန်တော့်ဖခင်၏ ညီမအရင်းဖြစ်သူ ကျွန်တော့် အဒေါ်သာဖြစ်တော့သည်။

ကျွန်တော့်ဖခင်တွင် မောင်နှမနှစ်ယောက်သာရှိသည်။ မိခင်တွင် ညီအစ်မနှစ်ယောက်ရှိသော်လည်း ဖခင်နှင့် လက်ထပ်ခဲ့သည့်အတွက် မိဘများက သဘောမတူဘဲ မိခင်ကို ဖယ်ကြဉ်စွန့်ပစ်ထားခဲ့ကြသည်။ မိခင်မှာ နှလုံးရောဂါကြောင့် ကျန်းမာရေးမကောင်းဘဲ ကျွန်တော် ငါးနှစ်သားအရွယ်မှာပင် ကွယ်လွန်ခဲ့သည်။ ကျွန်တော့် ဘဝသည် ဤမျှနှင့် ကံဆိုးမှုက မပြီးဆုံးသေးပါ။ မိခင်ဆုံးပါးပြီး နှစ်နှစ်ခန့်မှာပင် ဖခင်ဖြစ်သူက ကားမတော်တဆမှုဖြစ်ပြီး တိမ်းပါးခဲ့ပြန်သည်။ ထို့ကြောင့် ခိုကိုးရာမဲ့သည့် ကျွန်တော်သည် ဖခင်၏ညီမထံတွင် ခိုလှုံခဲ့ရတော့သည်။

အဒေါ်၏ ခင်ပွန်းဖြစ်သူ ဦးလေးက ခေါ်ယူစောင့်ရှောက်ခဲ့၍ ကျွန်တော် လူလားမြောက်ခဲ့ရသည်။ သို့သော်လည်း ကျွန်တော့် ငယ်ဘဝနေ့ရက်များမှာ ပြန်တွေးကြည့်တိုင်း စိတ်အနာတရများစွာ ကျန်ရစ်နေခဲ့သည်။ ဦးလေးဦးဝင်းမောင်က ကျွန်တော့်အပေါ် ကောင်းမွန်စွာ ဆက်ဆံသော်လည်း အဒေါ်ကမူ အမြဲချိုးနှိမ်ဆက်ဆံခဲ့သည်။ သူ၏သားသမီးများကို အမြဲပါစားပေးပြီး ကျွန်တော့်အပေါ် ဖိနှိပ်ထားခဲ့သူဖြစ်သည်။ ဦးလေးဖြစ်သူက သက်ညှာပေး၍သာ ကျွန်တော်အသက်ရှူဝခဲ့ရသည့် နေ့ရက်များကို ဘယ်သောအခါမှ မေ့မရနိုင်ခဲ့ပေ။

အထက်တန်း အောင်မြင်ပြီးနောက် ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်ရန် ဆုံးဖြတ်ကာ မရဲတရဲစိတ်ဖြင့် ဘဝကိုလျှောက်လှမ်းခဲ့သည်။ ထမင်းငတ်ဖူးသလို၊ လူတချို့၏ နှိမ်ချမှုများကြားတွင်လည်း ခေါင်းငုံ့ကာ မခံချင်စိတ်ဖြင့် ကြိုးစားခဲ့သည်။ ယနေ့အချိန်မှာတော့ ကျွန်တော်သည် အညတရကျော်စွာဝင်းမဟုတ်တော့ဘဲ လုပ်ငန်းရှင်သူဌေးကြီး ဦးကျော်စွာဝင်း ဖြစ်လာခဲ့လေပြီ။

ဦးလေးဦးဝင်းမောင်သည် ကျွန်တော် သူတို့အိမ်မှထွက်လာပြီး နှစ်နှစ်ခန့်မှာပင် သွေးတိုးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ ဦးလေးကွယ်လွန်ချိန်က နာရေးငွေကူညီခဲ့ပြီး အကူအညီလိုလျှင် ဆက်သွယ်ရန် ကျွန်တော့်ဖုန်းနံပါတ်ကို ပေးခဲ့သော်လည်း အဒေါ်က မည်သည့်အခါမျှ ဖုန်းမခေါ်ခဲ့ပေ။ ကျွန်တော်က အဆင်ပြေနေပြီး အဒေါ်၏သားနှစ်ယောက် အသုံးမကျဖြစ်နေသည့်အပေါ် ခံပြင်းနေပုံရသည်။ ဦးလေးသက်ရှိထင်ရှားရှိနေပါက ကျေးဇူးဆပ်ချင်မိသည်မှာ စိတ်ရင်းအမှန်ပင်။ အဒေါ်နှင့် မျက်နှာချင်းဆိုင်ဆုံရသည့်အခါ စိတ်ထဲက နာကြည်းမှုများက အနာဖေးကိုအပ်ဖြင့် ဆွသလို နာကျင်ရသည်။ ထို့ကြောင့်လည်း ဆယ်စုနှစ်တစ်ခုကြာသည်ထိ အဒေါ်နှင့် ကျွန်တော်မျက်နှာချင်းဆိုင် မဆုံဖြစ်ခဲ့ပေ။

ယခုတော့ ကျွန်တော်သည် အောင်မြင်သော စီးပွားရေးသမားဖြစ်လာသလို ဥစ္စာဓနလည်း ကြွယ်ဝချမ်းသာ၍ လူအများ အားကျခံရသူဖြစ်နေပြီ။ တော်ရုံချမ်းသာရုံဖြင့် မဆောက်နိုင်သော ခေတ်မီတိုက်ကြီး၏ အိမ်သစ်တက်ပွဲသို့ အဒေါ်ကို ဖိတ်ကြားပါမည်။ တစ်သက်လုံး အဒေါ် ချိုးနှိမ်ထားခဲ့သော 'ငကျော်'ဆိုသည့် ကျွန်တော့်ဂုဏ်ပုဒ်က မည်မျှအဆင့်အတန်းမြင့်ပြီး ဂုဏ်သိက္ခာရှိကြောင်း ပြသချင်မိသည်။ သဘောထားသေးသိမ်ခြင်း မဟုတ်သော်လည်း ကျွန်တော့်ဆန္ဒများ ရင့်ကျက်မနေသည်ကို တော့ ဝန်ခံရမည်။ သို့သော်လည်း ချိုးနှိမ်ခံရသည့်ကြားမှ ကျွန်တော်မည်မျှ ကြိုးစားခဲ့ရပြီး မည်မျှမြင့်မားသွားပြီဖြစ်ကြောင်း အဒေါ်သိမြင်သွားပါက နှစ်ပေါင်းများစွာရင်ထဲတွင် အစိုင်အခဲဖြစ်နေသော နာကျင်မှုများ ပြေလျော့သွားမည်ဟု မျှော်လင့်နေမိသည်။ မနက်ဖြန်ဆိုသည့်နေ့သည် စိတ်လှုပ်ရှားမှုများစွာဖြင့် ကျွန်တော့်ကိုရင်ခုန်စေခဲ့လေပြီ။

(၂)

"အမေ... အမေ..."

အိမ်ရှေ့မှ ခေါ်သံကြောင့် စက်ချုပ်နေရာမှ ထကာ အိမ်ရှေ့သို့ ဒေါ်ခင်လေး လှမ်းကြည့်လိုက်သည်။ ခြံဝင်းတံခါးက အတွင်းဘက်မှ သော့ခတ်ထားသဖြင့် ဖွင့်မရသောကြောင့် သမီးငယ် ကြည်ပြာလှမ်းခေါ်နေခြင်းဖြစ်သည်။ ကြည်ပြာက ဒေါ်ခင်လေး၏ အငယ်ဆုံးသမီးဖြစ်ပြီး အနောက်လမ်းမှ ဒေါ်မြင့်မာ၏ သားအငယ်နှင့် အိမ်ထောင်ကျနေသူဖြစ်သည်။ ယောက္ခမအိမ်တွင်နေရသော်လည်း မိခင်ထံ တစ်နေ့နှစ်ကြိမ်ခန့်လာတတ်သည်။ လာသည့်အကြောင်းရင်းမှာ ဟင်းလာပို့ခြင်းဖြစ်ပြီး အငယ်ဆုံး သမီးဆိုသော်လည်း သိတတ်သူဟုဆိုရမည်။

အကြီးကောင် သန်းဦးနှင့် အလတ်ကောင် သိန်းထူးတို့မှာမူ ရန်ကုန်တစ်မြို့တည်းနေသော်လည်း မိဘအိမ်သို့ တစ်နှစ်နေမှ တစ်ခါမရောက်တတ်ကြပေ။ မိခင်ကို ပံ့ပိုးဖို့နေနေသာသာ သူတို့ကိုယ်တိုင်ပင် အမြဲလိုလိုကျပ်တည်းနေကြသည်။ သားနှစ်ယောက်စလုံး လက်ကြောမတင်းသလို ဇနီးမယားများကလည်း အချိုးမပြေကြပေ။ ယောကျ်ားက ကစော်သမား၊ မိန်းမက လောင်းကစားသမားများဖြစ်နေကြသဖြင့် စီးပွားရေးက မည်သို့မျှအဆင်မပြေ။ သို့သော်လည်း မိခင်ကို ဒုက္ခလာမပေးကြသည်ကိုပင် ကျေးဇူးတင်ရမလိုဖြစ်နေသည်။

ခင်ပွန်းရှိစဉ်က ပေ ၂၀ ခြံဝင်းနှင့်နေခဲ့ရသော်လည်း ခင်ပွန်းဆုံးပါးပြီးနောက် မလုပ်တတ် မကိုင်တတ်နှင့် အကြွေးများတင်ခဲ့ရာ ၁၀ ပေပိုင်း၍ ရောင်းချခဲ့ရသည်။ ခြံတစ်ခြမ်းရောင်းရစဉ်က သားနှစ်ယောက်ကို အရင်းအနှီးထုတ်ပေးခဲ့သလို သမီးငယ်ကိုလည်း ရွှေထည်လေးများ ဆင်ပေးခဲ့သည်။ ဒေါ်ခင်လေးတွင် လောဘမရှိပါ။ ၁၀ ပေအိမ်လေးတွင် စက်ချုပ်ရင်း မိမိလုပ်နိုင်သည့်အရွယ်ထိ ရှာဖွေစားသောက်ရလျှင် ကျေနပ်သည်။ ရောင့်ရဲတင်းတိမ်လွန်း၍တော့မဟုတ်ပေ။ လိမ္မာသောသမီးငယ်မှာလည်း ယောကျ်ားရာကျွေးသည်ကို စားနေရသည့်အိမ်ရှင်မဖြစ်၍ ဟင်းစားပို့ရုံလောက်သာ ဖြည့်ဆည်းနိုင်ရှာသည်။ အားကိုးမရသည့် သားနှစ်ယောက်ကိုလည်း မျှော်လင့်မနေတော့သည်မှာ စိတ်သက်သာရာရစေသည့်အတွက် ဖြစ်သမျှအကြောင်း အကောင်းဟုသာ သဘောပိုက်ထားလိုက်သည်။

အစ်ကိုနှင့်ယောက်မဖြစ်သူ ကွယ်လွန်သွားသဖြင့် တူဖြစ်သူ ကျော်စွာဝင်းကို ငယ်စဉ်က ခေါ်ယူစောင့်ရှောက်ခဲ့ရသည်။ ခင်ပွန်းသည်က လိုလိုလားလား လက်ခံခဲ့ခြင်းမဟုတ်။ သားသမီး သုံးယောက်ရှိနေ၍ နောက်ထပ်ကလေးတစ်ယောက်ကို စောင့်ရှောက်ရန် ဝန်ထုပ်ဝန်ပိုးမဖြစ်လိုခဲ့ပေ။ သို့သော်လည်း ခင်ပွန်းသည်က ထိုသဘောထားကို အပြင်လူသိအောင် မပြောဘဲ ဒေါ်ခင်လေးကိုသာ တိုးတိုးတိတ်တိတ် ပြော၍ ငြင်းဆန်ခဲ့သည်။

အမိအဖမဲ့နေသောတူကို ဒေါ်ခင်လေးက မစောင့်ရှောက်လျှင် မည်သူစောင့်ရှောက်ပါမည်နည်း။ နောက်ဆုံးတွင် တစ်ဖက်တစ်လမ်းက စက်ချုပ်၍ အပိုဝင်ငွေရှာပါမည်။ အိမ်မှုတာဝန်များ မလစ်ဟင်းစေရပါဟု ကတိကဝတ်ပြုကာ တူဖြစ်သူကို ခေါ်ယူစောင့်ရှောက်ခဲ့ရသည်။ ပတ်ဝန်းကျင်နှင့် တူဖြစ်သူ၏အမြင်တွင် ဦးလေးဖြစ်သူက စိတ်ထားကောင်း၍ လက်ခံခဲ့သည်ဟု ထင်မြင်ခဲ့ကြသည်။ သားနှစ်ယောက်မှာ ငယ်စဉ်ကတည်းက ဆုံးမရခက်ခဲပြီး စရိုက်ဆိုးကြသည်။ အဖေဖြစ်သူက ပါစားပေးထားသဖြင့် ဒေါ်ခင်လေးကိုပင် ပမာမခန့်လုပ်တတ်ကြသည်။ ကျော်စွာဝင်းက သိန်းထူးနှင့် ရွယ်တူဖြစ်သဖြင့် ငယ်စဉ်က အတူဆော့ရင်း ငြင်းခုံရန်ဖြစ်တတ်သည်။ ကျော်စွာဝင်းမှာ အိမ်တွင်ခိုကပ်သူဖြစ်နေသဖြင့် ခင်ပွန်းသည် မငြိုငြင်စေရန် ကျော်စွာဝင်းမှန်နေသည့်တိုင် ကျော်စွာဝင်းကိုသာဖိ၍ ဆူလိုက်ရခြင်းမျိုးရှိသည်။ ခင်ပွန်းသည်ကွယ်ရာမှာတော့ ကျော်စွာဝင်းကို တိုးတိုးတိတ်တိတ် ချော့မော့ဆုံးမရသည်။

စာမျက်နှာ ၂၅ သို့ á

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**ကျွန်းလှ ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၂၄၇ ဧကစိုက်ပျိုးရန်လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ မြေပဲ ၇၂၄၇ ဧကေ စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာ ကေအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။ (၂၀၆)

á စာမျက်နှာ ၂၄ မှအဆက်

ကျော်စွာဝင်းကိုယ်တိုင်ကလည်း အကြောတင်းပြီး ဂျစ်ကန်ကန်နိုင်လှသဖြင့် လူချစ်အောင်မနေတတ်ခဲ့။ ခင်ပွန်းသည်၏ မျက်စိစပါးမွေးစူးနေမှုကို ပြေလျော့စေရန် ဒေါ်ခင်လေးက ကျော်စွာဝင်းကို တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုးနှင့် ရိုက်နှက်ဆုံးမပြရသည်။ ဒေါ်ခင်လေးက တူဖြစ်သူအပေါ် မျက်နှာသာမပေးဘဲ ဆက်ဆံပြမှ ခင်ပွန်းဖြစ်သူက ကျေနပ်ကာ ဘာမှမပြောတော့ခြင်းဖြစ်သည်။

ထို့ကြောင့် ပတ်ဝန်းကျင်နှင့် တူဖြစ်သူ၏ အမြင်တွင် ဒေါ်ခင်လေးက စိတ်ထားမကောင်းသူ၊ ဦးလေးဖြစ်သူက စိတ်ထားကောင်းသူဖြစ်ခဲ့ရသည်။ ဘယ်သူတွေ ဘယ်လိုပင် ထင်ကြပါစေ ဒေါ်ခင်လေး၏ ကျော်စွာဝင်းအပေါ်ထားရှိသည့် စေတနာ၊ မေတ္တာကတော့ မှန်ကန်ခဲ့ပါသည်။

နောက်ဆုံးတွင် ကျော်စွာဝင်း အထက်တန်းအောင်မြင်ပြီး ကိုယ့်ဘဝကိုယ်လျှောက်လှမ်းနိုင်သူဖြစ်လာခဲ့သည်။ သူ၏ ကြိုးစားမှုကြောင့် ဘွဲ့ရပညာတတ်ဖြစ်လာကာ အလုပ်ကောင်းကောင်းရသည့် သတင်းများကိုကြားရသည်။ ခင်ပွန်းသည် ဆုံးပါးစဉ်ကလည်း ကျော်စွာဝင်း ရောက်လာပြီး နာရေးငွေကူညီခဲ့သလို ဖုန်းနံပါတ်လည်း ပေးခဲ့သည်။ သို့သော် ကျော်စွာဝင်းပေးခဲ့သည့် ဖုန်းနံပါတ်ကို ဒေါ်ခင်လေး မည်သည့်အခါမျှ မဆက်သွယ်ခဲ့ပေ။ ကျော်စွာဝင်း၏ စကားအသွားအလာနှင့် အကြည့်များတွင် မာနနှင့်အာဃာတ အရိပ်အယောင်များ မြင်ခဲ့ရသောကြောင့်ဖြစ်သည်။ မှန်သောသစ္စာဆိုရလျှင် ကျော်စွာဝင်းကို ကျေးဇူးအတင်ခံချင်၍ ပြုစုခဲ့ခြင်းမဟုတ်သလို ပြန်ရလိုစိတ်လည်း မရှိခဲ့ပေ။

မည်သို့ပင်ဖြစ်စေ တူဖြစ်သူ အဆင်ပြေနေသည်ကို ဒေါ်ခင်လေး ဝမ်းသာမိပါသည်။ ကိုယ်တိုင် တွန်းအားပေးခဲ့ရသည့် လူငယ်တစ်ယောက်၏အောင်မြင်မှုသည် မိမိ၏အောင်မြင်မှုဟုသာ မှတ်ယူထားလိုက်သည်။ ကျော်စွာဝင်းက ပြီးခဲ့သည့်နှစ်ရက်က ရောက်လာပြီး အိမ်တက်အလှူသို့ ဖိတ်ကြားခဲ့သည်။ ကားအကောင်းစားကြီးနှင့် ရောက်လာသည့် သူ့အသွင်အပြင်ကိုကြည့်ရုံနှင့် အတော်လေး ချမ်းသာနေပြီမှန်း ခန့်မှန်းမိသည်။ ဒေါ်ခင်လေး ပီတိဖြစ်ရပါသည်။ ဖိတ်ကြားသည့် အိမ်သစ်တက်ပွဲသို့ အရောက်သွားပါမည်။ မထင်မှတ်ထားသောအခြေအနေဖြင့် တူဖြစ်သူက ဧည့်ခံခဲ့ပါကလည်း ပြုံးပြုံးကြီးသာ လက်ခံရန်ဆုံးဖြတ်ထားလိုက်သည်။

(၃)

"လာ... ဒေါ်လေး၊ လာမှလာပါ့မလားလို့ စောင့်နေတာ"

ကျော်စွာဝင်းက အချိုသာဆုံးအပြုံးဖြင့် ခရီးဦးကြိုပြုသည်။ ထင်ထားသည်ထက်ပင် ခမ်းနားထည်ဝါလှသည်။ တန်ဖိုးကြီးအစားအသောက်များဖြင့် တည်ခင်းဧည့်ခံသလို ဧည့်သည်များမှာလည်း ဂုဏ်သရေရှိ လူကြီးမင်းများဖြစ်ကြသည်။ ဒေါ်ခင်လေး ထင်ထားသလိုပင် ကျော်စွာဝင်းက ဧည့်သည်များကို ကျေးဇူးတင်စကားပြောရင်း သူ၏ အောင်မြင်မှုအတွက် တွန်းအားပေးခဲ့သူမှာ ဒေါ်ခင်လေးဖြစ်ကြောင်း နိဒါန်းပျိုးလာသည်။

"ကျေးဇူးတင်ပါတယ် ဒေါ်လေး။ ကျွန်တော့်ကို ဒေါ်လေးမွေးထားတဲ့သားသမီးတွေနဲ့ ယှဉ်ပြီး အမြဲချိုးနှိမ်ခဲ့လို့။ ဘာမှမဟုတ်တဲ့ ကိစ္စလေးတွေကအစ နှုတ်အားဖြင့်ရော ကိုယ်ထိလက်ရောက်ပါ ရိုက်နှက်ခဲ့လို့။ ငါ့အဒေါ်က ငါ့ကို အမြဲစိတ်ဒဏ်ရာပေးတယ်၊ ချိုးနှိမ်တယ်ဆိုတဲ့ စိတ်နဲ့ပဲ ကျွန်တော် ကြိုးစားခဲ့ရတာ။ တစ်နေ့ကျရင် ဒေါ်လေးရှေ့မှာ လက်မထောင်ပြနိုင်ဖို့ ကျွန်တော်အားခဲခဲ့တယ်။ အခုတော့ ကျွန်တော် လက်မထောင်နိုင်ခဲ့ပြီ။ အရာအားလုံးအတွက် ကျေးဇူးတင်ပါတယ်ဒေါ်လေး"

ရုတ်တရက် စကားပြောသံများ တိတ်ဆိတ်သွားသည်။ လူတချို့က ဒေါ်ခင်လေးကို ကြည့်နေကြသည်။ ကျော်စွာဝင်းကတော့ ဒေါ်ခင်လေးကိုကြည့်ကာ ပြုံးနေသည်။ ဒေါ်ခင်လေး ကျေနပ်ပါသည်။ နှစ်ပေါင်းများစွာ အစိုင်အခဲဖြစ်နေသောစိတ်ဖြင့် ကျော်စွာဝင်း ကြိုးစားခဲ့ရသည်ကိုသိသည်။ မည်သို့သောစိတ်ဖြင့်ပင် ရှင်သန်စေကာမူ အောင်မြင်မှုနှင့် ထိုက်တန်သော လူသားတစ်ဦးအဖြစ် လောကကြီးတွင် လက်မထောင်နိုင်ခဲ့ပြီ။ ရှက်ရွံ့သိမ်ငယ်နေရန်မလိုပါ၊ ဒေါ်ခင်လေး၏ စေတနာက မှန်ကန်ခဲ့သည် မဟုတ်ပါလား။

အပြန်တွင် ကျော်စွာဝင်းက ခြံဝထိ လိုက်ပို့ရင်း အထုပ်တစ်ထုပ်ကို လက်ကဆွဲယူလာသည်။

"ဒါက ကျေးဇူးဆပ်တာပါ ဒေါ်လေး။ ကျွန်တော့် ဝန်ထမ်းက ကားနဲ့ လိုက်ပို့ပေးပါလိမ့်မယ်။ ဒီအထုပ်ထဲမှာ သိန်းငါးရာပါတယ်။ သိန်းငါးရာနဲ့ ကျေးဇူးကြွေးက တန်ပါတယ်နော်"

ဒေါ်ခင်လေး နောက်တစ်ကြိမ် ပြုံးလိုက်မိပြန်သည်။ တစ်စုံတစ်ရာပြန်ရလိုမှုဖြင့် စောင့်ရှောက်ခဲ့ခြင်း မဟုတ်လေသဖြင့်-

"ကျေးဇူးတင်ပါတယ် ဖိုးကျော်။ ဒါပေမဲ့ ဒေါ်လေးမယူပါဘူး။ ဒေါ်လေးကို မင်းကျေးဇူးဆပ်ပြီးပြီလေ။ ဒီနေ့ ဒီလိုအခြေအနေမျိုးနဲ့ မင်းတည်ရှိနေတာက ငါ့ကို ကျေးဇူးဆပ်ခဲ့တာပါပဲ။ ကျေနပ်ပါတယ်။ စိတ်ရင်းနဲ့ပါ။ ငါ့တူလေး ဒီထက်မက အောင်မြင်တိုးတက်ပါစေ၊ စိတ်ချမ်းသာ ကိုယ်ကျန်းမာရှိပါစေ။ ဒေါ်လေးကို လိုက်မပို့ပါနဲ့၊ ဒေါ်လေး ဘာသာ လိုင်းကားနဲ့ပဲ ပြန်ပါ့မယ်။ အထဲဝင်တော့လေ... ဧည့်သည်တွေကို ဧည့်ခံရအုံးမှာပေ့ါ။ ကဲ... ဒေါ်လေး သွားပြီနော်"

ဒေါ်ခင်လေးသည် ကျော်စွာဝင်းအနားမှ တည်ငြိမ်သော ခြေလှမ်းများဖြင့် ထွက်လာခဲ့သည်။ တစ်ခါတစ်ရံတွင် စေတနာမေတ္တာတို့သည် ချိုမြိန်စွာ စီးဆင်းချင်မှ စီးဆင်းပါလိမ့်မည်။ ပေးသူနှင့် ယူသူ နားလည်မှုလွဲနိုင်သော်လည်း ဒေါ်ခင်လေးကတော့ ကျော်စွာဝင်းရင်ထဲမှ ဆူးလေးတစ်ချောင်းကို နုတ်ပေးခဲ့လိုက်ပြီ ဖြစ်သည်။ မေတ္တာစေတနာ မှန်ကန်ခဲ့သည့်အတွက် အနာဖေးတက်ကာ မနေ့အမြန် စိတ်အနာတရများ ကျက်ပါစေဟုသာ ဆုတောင်းပေးခဲ့လိုက်ပါတော့သည်။

## ပထမခြေလှမ်း

– တို့ငယ်စဉ် လျှောက်သောလမ်းမှာဖြင့်
စလှမ်းခဲ့ တစ်လှမ်းသာ
ပထမပါ၊
ပန်းတိုင်သို့ ရည်ညွှန်းကာ
ဖွဲ့နှစ်စွာ မာန်ဟုန်တင်း၊
ခြေတစ်လှမ်းပင် တန်ဖိုးကြီးလို့
ဆက်ပြီးလျှောက်နင်း။

– ပန်းတိုင်ကို မရောက်မချင်း
တို့ရှိုင်းပင်း ဆက်လျှောက်မယ်
ထာဝစဉ်ကွယ်၊
ကုဋေတစ်သန်း အဖိုးတန်တယ်
ခြေတစ်လှမ်းရယ် မှတ်စေသား၊
အားမာန်ချီ ခရီးဆက်လို့
မပျက်ကြိုးစား။

– ပျင်းစိတ်ကို မောင်းထုတ်ထား
လုံ့လကား မြှင့်တင်ကာ
ရှေ့ဆက်လျှောက်ပါ၊
ပထမ ခြေတစ်လှမ်းသာ
အရာရာ ဖြတ်ကျော်ထား၊
ပန်းတိုင်ဆီ အရောက်လှမ်းလို့
(အိုကွယ်)
ကြိုးပမ်းစေသား။ ။

ဇဂျမ်းရွာကျောင်းအိုသား

# မင်းဘူးမြို့နယ် ချောင်းကောက်ကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဖွင့်

**မင်းဘူး ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက ချောင်းကောက်ကျေးရွာ ဘက်စုံသုံးခန်းမဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိန်ရွှေမင်း၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဝင်းမြင့်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော တာဝန်ရှိသူများက သင်တန်းသူများထံ သင်ထောက်ကူပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။


အဆိုပါသင်တန်းသို့ ချောင်းကောက်ကျေးရွာမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် အခြေခံစက်ချုပ်နည်းအမျိုးမျိုးကို စာတွေ့လက်တွေ့ဖြင့် ဩဂုတ် ၄ ရက်မှစက်တင်ဘာ ၁၆ ရက်ထိ အခမဲ့သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က ပြောပြ၍ သိရသည်။ **ဇင်မာ**

# အံ့ဖွယ်ထူးခြားသတ္တဝါများ

ခိုင်ဇင်

သဘာဝလောကကြီးဟာ အံ့သြဖွယ်ရာတွေနဲ့ ပြည့်နှက်နေတဲ့ သက်ရှိပြတိုက်ကြီးတစ်ခုနဲ့တူပါတယ်။ လူသားတို့ နေ့စဉ်မြင်တွေ့နေရတဲ့သတ္တဝါတွေရဲ့နောက်ကွယ်မှာ မသိ၊ မတွေ့၊ မမြင်ဖူးတဲ့ မျိုးစိတ်သန်းပေါင်းများစွာက ၎င်းတို့ရဲ့ ထူးခြားတဲ့ကိုယ်ခန္ဓာဖွဲ့စည်းပုံ၊ အမူအကျင့်၊ ရှင်သန်နိုင်စွမ်းတွေနဲ့ သဘာဝရဲ့အံ့ဖွယ်ဖန်တီးမှုကို ထင်ဟပ်ပြသလျက်ရှိပါတယ်။ အချို့သတ္တဝါတွေဟာ အရွက်တစ်ရွက်လို အသွင်ယူနိုင်ကြပြီး အချို့က မြေအောက်မှာ လျင်မြန်စွာပုန်းကွယ်နိုင်သလို အချို့က သစ်ပင်တစ်ပင်ကနေတစ်ပင်ကို လျှောပျံသွားလာနိုင်ကြပါတယ်။ ဒီလိုစွမ်းရည်တွေဟာ နှစ်သန်းပေါင်းများစွာကြာ ဆင့်ကဲပြောင်းလဲမှုရဲ့ရလဒ်ဖြစ်ပြီး သဘာဝနဲ့အံဝင်ခွင်ကျဖြစ်စွာရှင်သန်နိုင်ဖို့ ရရှိလာတဲ့ အဖိုးတန်လက်ဆောင်တွေပဲဖြစ်ပါတယ်။ ဒီဆောင်းပါးမှာ လူသိနည်းပေမဲ့ ထူးခြားဆန်းပြားပြီး စိတ်ဝင်စားဖွယ်ကောင်းတဲ့ သတ္တဝါတွေအကြောင်းကို ဖော်ပြပေးသွားမှာဖြစ်ပါတယ်။

**အရွက်ပုံရေနဂါး (Leafy Sea Dragon)**



အရွက်ပုံရေနဂါးဟာ ဩစတြေးလျနိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းရေပြင်တွေမှာသာတွေ့ရတတ်တဲ့ ရှားပါးပင်လယ်သတ္တဝါတစ်မျိုးဖြစ်ပြီး ပင်လယ်ရေမြင်းနဲ့မျိုးရင်းတူပါတယ်။ သူ့ရဲ့ကိုယ်ခန္ဓာတစ်လျှောက်မှာ သစ်ရွက်ပုံသဏ္ဌာန် အတွယ်အဆက်များစွာရှိနေတာကြောင့် ပင်လယ်မြက်တွေ၊ ရေညှိတွေကြားမှာ ရန်သူရဲ့အမြင်ကို လှည့်စားပြီး လုံးဝရောနှောနေနိုင်ပါတယ်။ ရေစီးနဲ့အတူ တဖြည်းဖြည်းလှုပ်ရှားနေတဲ့အခါ ရေညှိတစ်ပင်မျောပါလာသလို တွေ့ရပါတယ်။

အရွက်ပုံရေနဂါးဟာ ရေကူးမြန်တဲ့သတ္တဝါမဟုတ်ဘဲ ခန္ဓာကိုယ်ဘေးရှိ သေးငယ်တဲ့ရေယက်တွေကိုအသုံးပြုပြီး ငြိမ့်ညောင်းစွာရွေ့လျားပါတယ်။ ပုစွန်ငယ်၊ ပင်လယ်ပိုးကောင်ငယ်၊ ရေမျောသက်ရှိတွေကို ရှည်လျားတဲ့နှုတ်သီးနဲ့ စုပ်ယူစားသောက်လေ့ရှိပါတယ်။ ထူးခြားချက်ကတော့ အရွက်ပုံရေနဂါးဥတွေကို မိခင်က မထိန်းသိမ်းဘဲ ဖခင်က အမြီးအောက်ရှိ အထူးအိတ်ထဲထည့်သယ်ဆောင်ကာ သားပေါက်တဲ့ထိ ပြုစုစောင့်ရှောက်ပေးတာပဲဖြစ်ပါတယ်။ ဒီအပြုအမူဟာ ပင်လယ်သတ္တဝါတွေကြား ရှားပါးတဲ့မိဘစောင့်ရှောက်မှုပုံစံတစ်ရပ်ဖြစ်ပါတယ်။

**ပန်းရောင်နတ်သမီးသင်းခွေချပ် (Pink Fairy Armadillo)**



ပန်းရောင်နတ်သမီး သင်းခွေချပ်ဟာ ကမ္ဘာပေါ်ရှိ သင်းခွေချပ်မျိုးစိတ်တွေထဲက အသေးငယ်ဆုံးမျိုးစိတ်ဖြစ်ပါတယ်။ အရွယ်ရောက်ပြီး ပန်းရောင်နတ်သမီးသင်းခွေချပ်အရွယ်အစားဟာ လူတစ်ယောက်ရဲ့ လက်ဖဝါးလောက်သာရှိပါတယ်။ အာဂျင်တီးနားနိုင်ငံရဲ့ သဲမြေနဲ့ မြက်ခင်းဒေသတွေမှာ အများဆုံးနေထိုင်ကျက်စားကြပါတယ်။ ပန်းရောင်သန်းတဲ့ကျောခွံနဲ့ နူးညံ့တဲ့အဖြူရောင်အမွေးတွေကြောင့် ထူးခြားတဲ့အသွင်အပြင်ကို ပိုင်ဆိုင်ထားပါတယ်။

သူ့ရဲ့ရှေ့ခြေတွေမှာ ချွန်ထက်သန်မာတဲ့ လက်သည်းတွေရှိတာကြောင့် သဲမြေကို လျင်မြန်စွာတူးဖော်နိုင်ပြီး အန္တရာယ်ကြုံတဲ့အခါ စက္ကန့်ပိုင်းအတွင်း မြေအောက်ကို ဝင်ရောက်ပုန်းကွယ်နိုင်ပါတယ်။ ညဘက်မှာသာ အစာရှာထွက်လေ့ရှိပြီး ပုရွက်ဆိတ်၊ ပိုးမွှား၊ ပိုးလောင်းနဲ့အပင်အမြစ်တွေကို စားသုံးပါတယ်။ နေထိုင်ရာဒေသတွေ ပျက်စီးလာတာနဲ့ ရာသီဥတုပြောင်းလဲမှုတို့ကြောင့် သူတို့ကိုတွေ့ရှိဖို့ ခက်ခဲလာပြီး ထိန်းသိမ်းစောင့်ရှောက်ဖို့လိုအပ်တဲ့ ရှားပါးသတ္တဝါတစ်မျိုးဖြစ်ပါတယ်။

**လည်ဆံရှည်ဝံပုလွေ (Maned Wolf)**



လည်ဆံရှည်ဝံပုလွေဟာ တောင်အမေရိကရှိ ဘရာဇီး၊ ပါရာဂွေး၊ ဘိုလီးဗီးယားနဲ့ အာဂျင်တီးနားနိုင်ငံတချို့ရဲ့ မြက်ခင်းပြင်တွေမှာနေထိုင်တဲ့ ခွေးမျိုးရင်းဝင်သတ္တဝါဖြစ်ပါတယ်။ ဝံပုလွေလို့အမည်တွင်ပေမဲ့ အခြားဝံပုလွေတွေလို အုပ်စုဖွဲ့မနေထိုင်ဘဲ တစ်ကောင်တည်းသီးခြားနေထိုင်တတ်ပါတယ်။ အနီရောင်သန်းတဲ့ အမွေး၊ လည်ဆံရှည်တွေနဲ့ ရှည်လျားတဲ့ ခြေတံ၊ လက်တံတွေကြောင့် မြက်ရှည်တွေကြားမှာ လှုပ်ရှားသွားလာတဲ့အခါ အလွန်မျက်စိပသာဒဖြစ်ပါတယ်။

လည်ဆံရှည်ဝံပုလွေဟာ အသားစားတဲ့အပြင် အသီးအနှံတွေကိုလဲ စားသုံးပါတယ်။ ကြွက်၊ ယုန်၊ ငှက်ငယ်၊ ဖားတို့ကို ဖမ်းယူစားသလို Wolf Apple လို့လူသိများတဲ့ ပန်းသီးကိုလဲ အထူးနှစ်သက်ပါတယ်။

**ဆွန်ဒါကိုလူဂို (Sunda Colugo)**



ဆွန်ဒါကိုလူဂိုဟာ အရှေ့တောင်အာရှရှိ အပူပိုင်းတောအုပ်တွေမှာ နေထိုင်တဲ့ ညဘက်ထွက်အစာစားလေ့ရှိပြီး လျှောပျံတတ်တဲ့နို့တိုက်သတ္တဝါဖြစ်ပါတယ်။ သူ့ရဲ့ လက်၊ ခြေ၊ လက်ချောင်းနဲ့ အမြီးတို့ကို ဆက်သွယ်ထားတဲ့ ပါးလွှာတဲ့အရေပြားဟာ သဘာဝရဲ့အံ့ဖွယ်ဖန်တီးမှုတစ်ခုဖြစ်ပါတယ်။ အဲဒီအရေပြားကိုဖြန့်ကားပြီး မီတာ ၁၀၀ ကျော်ဝေးတဲ့ သစ်ပင်တစ်ပင်ကနေတစ်ပင်ကို ဝဲကာပျံနိုင်ပါတယ်။ ဆွန်ဒါကိုလူဂိုဟာ သစ်ရွက်၊ အညွန့်၊ ပန်းနဲ့ အသီးတချို့ကို အဓိကစားသုံးပြီး သစ်ပင်ပေါ်မှာသာ အများဆုံးနေတတ်ကြပါတယ်။ နေ့ဘက်မှာ သစ်ပင်ကိုယ်ထည်နဲ့ကပ်လျက် ငြိမ်သက်စွာအနားယူတတ်ကြပြီး သူ့ရဲ့အညိုရောင်အရောင်အသွေးကြောင့် သစ်ခေါက်နဲ့ပင် ခွဲခြားရခက်ကာ ရန်သူအလွယ်တကူမမြင်နိုင်ပါ။ ဆွန်ဒါကိုလူဂိုတို့ရဲ့ ထူးခြားတဲ့အပြုအမူတစ်ခုကတော့ မိခင်က သားငယ်ကို ဝမ်းဗိုက်ရှိအရေပြားဖြင့် ဖုံးအုပ်သယ်ဆောင်ပြီး သစ်ပင်တွေကြား လျှောပျံသွားလာနိုင်တာပဲဖြစ်ပါတယ်။

**ဂီရီနုသမင်(Gerenuk)**



ဂီရီနုသမင်ဟာ အာဖရိကအရှေ့ပိုင်းရှိ ခြောက်သွေ့တဲ့မြက်ခင်းပြင်နဲ့ ချုံနွယ်တောတွေမှာ နေထိုင်ကျက်စားတဲ့ သမင်မျိုးစိတ်ဖြစ်ပါတယ်။ လည်ပင်းရှည်သမင်လို့လဲ ခေါ်ဆိုကြပါတယ်။ အခြားသမင်တွေနဲ့မတူဘဲ အနောက်ခြေနှစ်ချောင်းပေါ်မှာ မတ်တတ်ရပ်နိုင်တဲ့စွမ်းရည်ရှိပါတယ်။ မတ်တတ်ရပ်အနေအထားနဲ့ပဲ အမြင့်ရှိ သစ်ရွက်တွေကို အလွယ်တကူလှမ်းစားနိုင်ပါတယ်။ လည်ပင်းရှည်တာနဲ့ ခြေတံရှည်တာတို့ဟာ သူ့ရဲ့အသက်ရှင်သန်ရေးအတွက် သဘာဝက ပေးအပ်ထားတဲ့ ထူးခြားတဲ့လက်ဆောင်ဖြစ်ပါတယ်။ ဂီရီနုဟာ မကြာခဏရေသောက်ဖို့မလိုအပ်ပါဘူး။ သူတို့စားလိုက်တဲ့အရွက်က ရရှိတဲ့အစိုဓာတ်ကို ရေဓာတ်အနေနဲ့ ပြန်လည်ဖြည့်တင်းနိုင်တာဖြစ်ပါတယ်။ အဲဒီစွမ်းရည်ကြောင့် မိုးနည်းရေရှားဒေသတွေမှာပဲ ကောင်းစွာရှင်သန်နိုင်ပါတယ်။ ဒါပေမဲ့ လူတို့ရဲ့နေထိုင်ရာချဲ့ထွင်မှု၊ ကျက်စားရာဒေသတွေ လျော့နည်းလာမှုနဲ့ တရားမဝင်အမဲလိုက်ခံရမှုတို့ကြောင့် ကောင်ရေကျဆင်းလျက်ရှိပြီး ထိန်းသိမ်းရေးလုပ်ငန်းတွေဆောင်ရွက်ဖို့ လိုအပ်နေတဲ့ မျိုးစိတ်ပဲဖြစ်ပါတယ်။

ကမ္ဘာပေါ်ရှိသက်ရှိမျိုးစိတ်တိုင်းမှာပိုင်ဆိုင်ထားတဲ့ ထူးခြားတဲ့အလှတရားတွေကို လူသားတွေက တန်ဖိုးထားတတ်လာပြီး သူတို့ မျိုးသုဉ်းရှားပါးမသွားစေဖို့ သူတို့နေထိုင်ရာဂေဟာစနစ်တွေကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်လျက်ရှိပါတယ်။ ဒါကြောင့် သဘာဝတရားနဲ့သတ္တဝါမျိုးစိတ်တွေကို ကာကွယ်စောင့်ရှောက်တာဟာ သတ္တဝါတွေရဲ့ အနာဂတ်ကိုသာမက လူသားတို့ရဲ့အနာဂတ်ကိုပါ ကာကွယ်စောင့်ရှောက်တာပဲဖြစ်ပါတယ်ဆိုတာကို သတိပြုမိစေဖို့ ရေးသားလိုက်ရပါတယ်။


**ကိုးကား**

- International Union for Conservation of Nature (IUCN) Red List
- https://www.iucnredlist.org
- Animal Diversity Web, University of Michigan
- https://animaldiversity.org

# ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ကနီ သြဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကနီမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၂၆၆၀ ကေ စိုက်ပျိုးရန်လျာထားပြီး မေလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကေ ၁၂၉၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကနီမြို့နယ်မှာ ပဲတီစိမ်း ၁၂၆၆၀ ကေ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့မှာတော့ ကေ ၁၂၉၈၀ ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ ပိုးမွှားရောဂါကင်းစင်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြသည်။

ကနီမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြ၍ သိရသည်။ (၂၀၆)

# ရပ်စောက်မြို့နယ် ကျောက်တောခေတ်မီစံပြကျေးရွာ၌ RBFစီမံကိန်းဖြင့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး

**ရပ်စောက် သြဂုတ် ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်တောကျေးရွာအုပ်စု ကျောက်တောခေတ်မီစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF)စီမံကိန်းရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို သြဂုတ် ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရပ်စောက်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျောက်တော ခေတ်မီစံပြကျေးရွာတွင် အစုအဖွဲ့စနစ်ဖြင့် သန်းထိုက်အောင်အစုအဖွဲ့၊ တိုးတိုးအောင်အစုအဖွဲ့နှင့် ထွန်းထွန်းအောင်အစုအဖွဲ့များမှ ဒေသဝက်များမွေးမြူထားရှိမှု၊ ဝက်စာများ သိုလှောင်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက RBF စီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ ဝက်အစာဈေးနှုန်းများ၊ မွေးမြူရေးကုန်ကျစရိတ်၊ ရောင်းချသည့် ဈေးနှုန်းများကို မေးမြန်းဆွေးနွေးပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ကျောက်တောခေတ်မီစံပြကျေးရွာ၌ အစုအဖွဲ့စနစ်ဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်းမှ အစုအဖွဲ့တစ်ဖွဲ့လျှင် စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀၊ အသင်းဝင်များ၏ မတည်ငွေများဖြင့် ကျေးရွာရှိစိုက်ပျိုးရေး၊ မွေးမြူရေးထုတ်လုပ်သူများ၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သော အရင်းအနှီးရရှိစေရန်၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သော်ဇင်ထူး**

# မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**မြန်အောင် သြဂုတ် ၅**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မြန်အောင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှလှဌေးက ပြောပြသည်။

မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ဒီဘက်ကနေ ကျားပျံဆန်အိတ်ရေအများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ မြန်အောင်မြို့နယ်ကနေ ထွက်ရှိတဲ့ လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ ရောင်းချနေပါတယ်။ ကျားပျံဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်တာတွေ ရှိပါတယ်။ လတ်တလောအနေနဲ့ ကျားပျံဆန်က အရောင်းအဝယ်ပိုဖြစ်နေပါတယ်"ဟု မြန်အောင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှလှဌေးက ပြောပြသည်။



မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားပျံဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ကျားပျံဆန်အိတ်များကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေသည့် အတွက်ကြောင့် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# နတ်တလင်းမြို့နယ် တံခွန်တိုင်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်သင်တန်းဖွင့်

**နတ်တလင်း သြဂုတ် ၅**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တံခွန်တိုင်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရန်သင်တန်းဖွင့်ပွဲကို သြဂုတ် ၄ ရက်က အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် နတ်တလင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ရွှေက သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ နတ်တလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက သင်တန်းဖွင့်လှစ်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ဆက်လက်ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာအရာရှိများက သင်တန်းသားများကိုသင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပန်းရန်သင်တန်းကို နတ်တလင်းမြို့နယ် တံခွန်တိုင်ကျေးရွာမှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းနည်းပညာဆရာက စာတွေ့၊ လက်တွေ့ဖြင့် သြဂုတ် ၄ ရက်မှ သြဂုတ် ၁၈ ရက်ထိ ၁၅ ရက်ကြာ အခမဲ့သင်ကြားပို့ချ သွားမည်ဖြစ်ကြောင်း သိရသည်။ **အေးမြတ်**

# ရေတာရှည်မြို့နယ် ညောင်ပင်သာကျေးရွာ၌ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ရေတာရှည် သြဂုတ် ၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်သာကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ခေတ်မီစံပြကျေးရွာ (Smart Village) ထူထောင်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို သြဂုတ် ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ရီရီပြုံးက Smart Village စီမံကိန်း၏ရည်ရွယ်ချက်များ၊ အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များနှင့် ကျေးရွာမှ ပူးပေါင်းဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ညောင်ပင်သာကျေးရွာမှ ရပ်မိရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက စီမံကိန်းလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း ကော်မတီဝင်ကိုးဦးကို အများသဘောဆန္ဒဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။ **မောင်ခိုင်**



# နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ပြည်သူအားလုံးညီညွတ်စို့

ဆုလတ်မေ

နိုင်ငံတစ်နိုင်ငံ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားမှာ ထိုနိုင်ငံ၌ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှု၊ ကြိုးပမ်းအားထုတ်မှုနှင့် ဥပဒေ၊ စည်းကမ်းများကို လေးစားလိုက်နာမှုတို့ဖြစ်သည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုး စုစည်းနေထိုင်သည့် နိုင်ငံဖြစ်သဖြင့် စည်းလုံးညီညွတ်မှုရှိရန် အထူးလိုအပ်ပေသည်။

မြန်မာ့သမိုင်းကို ပြန်ကြည့်မည်ဆိုလျှင် လွတ်လပ်ရေးမရရှိမီ ကာလကတည်းက တိုင်းရင်းသားပြည်သူများအားလုံး စုစည်းညီညွတ်စွာဖြင့် ကြိုးပမ်းခဲ့ကြသောကြောင့် လွတ်လပ်ရေးပန်းတိုင်ကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းတွင် သဘောထားကွဲလွဲမှုများနှင့် သွေးခွဲမှုများကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုများ ပျက်စီးခဲ့ရသည်ကို ခါးသီးစွာတွေ့ကြုံခဲ့ရသည်။ မိမိတို့နိုင်ငံအတွက် စည်းလုံးညီညွတ်မှုသည် နိုင်ငံအစွန့်ရှည်တည်တံ့ရေးအတွက် မရှိမဖြစ်လိုအပ်သကဲ့သို့ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း အဓိကလိုအပ်ချက်ဖြစ်ပေသည်။

**စုစည်းညီညွတ်တဲ့ တိုင်းပြည်ဖြစ်ဖို့ဆိုလျှင်**

**"လွတ်လပ်ရေးရပြီးတော့ စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့လိုတာပေါ့။ ညီညွတ်ရုံနဲ့မရသေးဘူး။ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့လိုပါတယ်။ စည်းကမ်းရှိဖို့လဲ လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရလိုအပ်ချက်တွေ ရှိနေတာအမှန်ပါပဲ။ ဒါကို စည်းကမ်းတကျညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင် စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည်မဖွံ့ဖြိုးမတိုးတက်စရာအကြောင်းမရှိပါဘူး။ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်တဲ့နိုင်ငံ မဖြစ်စရာအကြောင်းမရှိပါဘူး၊ မြန်မာနိုင်ငံသားအားလုံး ခွန်အားရှိကြတယ်။ ကိုယ့်ခွန်ကိုယ့်အားကို အသုံးချနိုင်ဖို့ပဲလိုတယ်ဆိုတာပြောပါရစေ"**ဟူ၍ ၇၉ နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ဂါရဝပြုခဲ့အပြီးတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

တိုင်းပြည်တစ်ခုကို ပြန်လည်တည်ဆောက်ရာတွင် အမျိုးသားစည်းလုံးညီညွတ်ရေးသည် မရှိမဖြစ်အဓိကကျသော အုတ်မြစ်ဖြစ်သည်။ စည်းလုံးညီညွတ်မှုမရှိပါက တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးကြန့်ကြာမည်မှာ မလွဲဧကန်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် တိုင်းရင်းသားပြည်သူအားလုံး စိတ်ဝမ်းမကွဲဘဲ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရပေသည်။ တိုင်းရင်းသားတို့သည် ဗဟုသုတ၊ အတတ်ပညာစွမ်းပကားများဖြင့် နိုင်ငံတော်အတွက် အပြည့်အဝကြိုးပမ်းရန်၊ လူမှုအဖွဲ့အစည်းအတွင်း စည်းကမ်းတကျနေထိုင်ပြုမူရန်၊ ဥပဒေဆိုင်ရာအသိပညာများတိုးပွားပြီး ဥပဒေနှင့်အညီကျင့်ကြံနေထိုင်ကြရမည်ဖြစ်သည်။

ယနေ့ခေတ်ကာလသည် သဘောထားကွဲလွဲမှုများ၊ အယူအဆမတူညီမှုများနှင့် သတင်းတု၊ သတင်းမှားများကြောင့် လူမှုအဖွဲ့အစည်းအတွင်း စိတ်ဝမ်းကွဲပြားမှုများရှိလာခဲ့သည်။ အမျိုးသားရေးစည်းလုံးညီညွတ်မှုမရှိပါက နိုင်ငံ၏ငြိမ်းချမ်းရေးနှင့် စီးပွားရေးအားလုံးကြန့်ကြာမည်ဖြစ်သည်။ သို့ဖြစ်ရာ မတူကွဲပြားမှုများကို ဘေးဖယ်၍ ဘုံအကျိုးစီးပွားဖြစ်သော "နိုင်ငံတော်ငြိမ်းချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး"အပေါ် စုစည်းညီညွတ်မှုရှိရန် အလွန်အရေးကြီးသည်။ သဘာဝဘေးအန္တရာယ်များဖြစ်သည့် မုန်တိုင်းကျရောက်ခြင်း၊ ရေဘေးအန္တရာယ်များ၊ ငလျင်ဘေးအန္တရာယ်များ ကြုံတွေ့ရသည့်အခါ လူမျိုး၊ ဘာသာ၊ အယူအဆမခွဲခြားဘဲ စေတနာ့ဝန်ထမ်း ပရဟိတအသင်းအဖွဲ့များ၊ ပြည်သူများနှင့် တာဝန်ရှိသူများ လက်တွဲ၍ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကို အတူတကွဆောင်ရွက်ကြခြင်းသည် စုစည်းညီညွတ်မှု၏ လက်တွေ့ကျသော သာဓကဖြစ်သည်။

ယနေ့နည်းပညာများ အရှိန်အဟုန်ဖြင့် တိုးတက်သည့်အချိန် မိမိတို့နိုင်ငံ နောက်ကျမကျန်ခဲ့စေရန်အတွက် ပြည်သူများ၏ စွမ်းဆောင်ရည်နှင့် အလုပ်လုပ်နိုင်မှုစွမ်းအားအပြည့်အဝရှိရန် လိုအပ်သည်။ စွမ်းအားရှိသမျှ အလုပ်လုပ်ခြင်းသည် တိုင်းပြည်၏စီးပွားရေးကို တိုးတက်စေနိုင်မည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ရိုးရာနည်းလမ်းများအပြင် သီးနှံအထွက်နှုန်းတိုးတက်အောင် ခေတ်မီစိုက်ပျိုးနည်းပညာများကို လေ့လာအသုံးပြုခြင်း၊ လူငယ်များက ဒစ်ဂျစ်တယ်နည်းပညာများကို လေ့လာပြီး ကမ္ဘာ့ဈေးကွက်သို့ အွန်လိုင်းမှ ဝန်ဆောင်မှုပေး၍ နိုင်ငံခြားဝင်ငွေ ရှာဖွေပေးခြင်းတို့သည် စွမ်းအားရှိသမျှ စီးပွားရေးတိုးတက်အောင် အလုပ်လုပ်ကြရမည်။

နိုင်ငံတော်တိုးတက်ရေးတွင် စည်းကမ်းသည် အခြေခံအကျဆုံးဖြစ်သည်။ နိုင်ငံတစ်နိုင်ငံသည် မည်မျှပင် သယံဇာတပေါများသည်ဖြစ်စေ စည်းကမ်းမရှိလျှင် တည်ငြိမ်တိုးတက်ခြင်းကို ရရှိမည်မဟုတ်ပေ။ ပြည်သူတစ်ဦးချင်းအနေဖြင့် စည်းကမ်းနှင့် တာဝန်ယူမှုကို ယှဉ်တွဲကျင့်သုံးမှသာ ငြိမ်းချမ်းသော လူမှုအဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်သည်။ နေ့စဉ်ဘဝတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အလေးထားလိုက်နာခြင်း၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်း၊ အများပြည်သူဆိုင်ရာနေရာများကို ထိန်းသိမ်းခြင်းတို့သည် ပြည်သူတစ်ဦးချင်းစီ၏ စည်းကမ်းရှိမှုကို ပုံဖော်ပေးမှုများဖြစ်သည်။

**❖ နိုင်ငံတော်တိုးတက်ရေးတွင် စည်းကမ်းသည် အခြေခံအကျဆုံးဖြစ်သည်။ နိုင်ငံတစ်နိုင်ငံသည် မည်မျှပင် သယံဇာတပေါများသည်ဖြစ်စေ စည်းကမ်းမရှိလျှင် တည်ငြိမ်တိုးတက်ခြင်းကို ရရှိမည်မဟုတ်ပေ။ ပြည်သူတစ်ဦးချင်းအနေဖြင့် စည်းကမ်းနှင့် တာဝန်ယူမှုကို ယှဉ်တွဲကျင့်သုံးမှသာ ငြိမ်းချမ်းသောလူမှုအဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်သည်။ နေ့စဉ်ဘဝတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အလေးထားလိုက်နာခြင်း၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်း၊ အများပြည်သူဆိုင်ရာနေရာများကို ထိန်းသိမ်းခြင်းတို့သည် ပြည်သူတစ်ဦးချင်းစီ၏ စည်းကမ်းရှိမှုကို ပုံဖော်ပေးမှုများဖြစ်သည်။ ❖**

နိုင်ငံတစ်နိုင်ငံတွင် ဥပဒေစိုးမိုးရေးမရှိလျှင် လူမှုအဖွဲ့အစည်းအတွင်း တရားမျှတမှု၊ လုံခြုံမှုနှင့် တည်ငြိမ်မှုများ လျော့နည်းသွားမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် မိမိ၏အခွင့်အရေးနှင့် တာဝန်များကိုသိရှိရန် ဥပဒေဆိုင်ရာအသိပညာရှိရန် လိုအပ်သကဲ့သို့ သက်ဆိုင်ရာတာဝန်ရှိသူများကလည်း နိုင်ငံတော်က ချမှတ်ထားသောဥပဒေကို လိုက်နာကျင့်သုံးရန် လိုအပ်ပေသည်။ ဥပဒေလေးစားလိုက်နာမှုရှိမှသာ လူမှုစီးပွားဘဝ လုံခြုံလာမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းတစ်ခု စတင်ရာတွင် တရားဝင်မှတ်ပုံတင်ခြင်း၊ အခွန်အခများကို ပွင့်လင်းမြင်သာစွာ၊ တာဝန်သိစွာ ထမ်းဆောင်ခြင်း သို့မဟုတ် အွန်လိုင်းပေါ်တွင် လိမ်လည်မှုများမှ ကာကွယ်နိုင်ရန် တည်ဆဲဥပဒေများကို လေ့လာလိုက်နာခြင်းတို့သည် ဥပဒေကိုနားလည်၍ လိုက်နာဆောင်ရွက်ခြင်းဖြစ်သည်။

"စုစည်းညီညွတ်မှု၊ စွမ်းအားရှိသမျှ ဆောင်ရွက်မှု၊ စည်းကမ်းရှိမှုနှင့် ဥပဒေလေးစားလိုက်နာမှု" တို့သည် သီးခြားစီ ခွဲခြား၍မရဘဲ တစ်ခုနှင့်တစ်ခု အပြန်အလှန် အထောက်အကူပြုနေသည့် အဓိကမောင်းနှင်အားများဖြစ်ကြသည်။ လက်ရှိကာလနိုင်ငံတော်ပြန်လည်ထူထောင်ရေးနှင့် တိုးတက်ရေးလမ်းကြောင်းပေါ်သို့ လှမ်းချီရာတွင် ၎င်းအချက်လေးချက်ကို ပြည်သူနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအသီးသီးတွင် လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုအပ်ပေသည်။

ဒီမိုကရေစီစနစ်နှင့် တိုင်းပြည်တည်ဆောက်ရေးတွင် စည်းကမ်းနှင့် ဥပဒေစိုးမိုးရေးသည် ကင်းကွာ၍မရပေ။ စည်းကမ်းမဲ့သော လူ့အဖွဲ့အစည်းသည် စနစ်တကျတိုးတက်နိုင်ခြင်း မရှိသကဲ့သို့၊ ဥပဒေကိုနားမလည်ခြင်း သို့မဟုတ် လေးစားလိုက်နာခြင်းမရှိပါက လူမှုအဖွဲ့အစည်းအတွင်း တည်ငြိမ်အေးချမ်းမှုကင်းမဲ့သွားမည်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ မျှော်မှန်းတည်ဆောက်ခဲ့သော စည်းလုံးညီညွတ်သည့် တိုင်းပြည်ဖြစ်လာစေရန်အတွက် တိုင်းရင်းသားပြည်သူများတွင် တာဝန်ရှိသည်။ တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှပေါင်းစပ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ကြမှသာလျှင် ကမ္ဘာ့အလယ်တွင် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်အဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေသည် စုစည်းညီညွတ်စွာ အလုပ်လုပ်ကြလျှင် အမှန်တကယ်ဖွံ့ဖြိုးတိုးတက်မည့် အနေအထားဖြစ်သည်။ နိုင်ငံတော်အနေဖြင့် စည်းလုံးညီညွတ်မှုရှိသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ထိုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်မှ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးဆောင်ရွက်နေခြင်းကြောင့် ပြည်ပရင်းနှီးမှုများလည်း ပိုမိုဝင်ရောက်လာတော့မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့အတွင်း ဆောင်ရွက်နေသည့် စီးပွားရေးဇုန်များ၊ လမ်းကြောင်းများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာတော့မည်ဖြစ်သည်။ "တစ်ယောက်အားနှင့်ယူသော်မရ တစ်သောင်းအားနှင့်ယူသော်ရ၏"ဆိုသော မြန်မာစကားပုံအတိုင်း အများအားနှင့်ညီညွတ်စွာ ဆောင်ရွက်လျှင် အရာရာပြီးမြောက်အောင်မြင်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ နိုင်ငံအတွင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများအနေဖြင့် "နိုင်ငံတော်တိုးတက်ရန်၊ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ခြင်း၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြခြင်း၊ စည်းကမ်းရှိခြင်း၊ ဥပဒေကိုနားလည်ခြင်း၊ အသိပညာ၊ အတတ်ပညာများတိုးတက်အောင် လုပ်ဆောင်ခြင်း၊ မိမိတို့အလုပ်တာဝန်များကို မလစ်ဟင်းအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့မှသာ တိုင်းရင်းသားအားလုံးနေထိုင်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**- ၂၀-၇-၂၀၂၆ ထုတ် နိုင်ငံပိုင်သတင်းစာများ**

**National Development Council**

**(http://cdn1.byjus.com)**

# စူပါအယ်နီညိုဖြစ်စဉ်များကို ကြိုတင်ပြင်ဆင်ထားစေလို

မောင်သောင်းဝင်း(တမန်ဟောင်း)

၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အလွန်အားကောင်းသည့် အယ်နီညိုအဆင့်ထိ ရောက်ရှိလာနိုင်ကြောင်း မိုးလေဝသဌာနများက ခန့်မှန်းထားသည်။ ၂၀၂၆ ခုနှစ်နှင့် ၂၀၂၇ ခုနှစ်တို့သည် ကမ္ဘာ့သမိုင်းတစ်လျှောက်၌ အပူဆုံးနှစ်ဖြစ်လာမည်ဟုလည်း ခန့်မှန်းထားသည်။ ရာသီဥတုပြောင်းလဲမှုနှင့် အယ်နီညိုဖြစ်စဉ်များကြောင့် မိုးခေါင်ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ တောမီးလောင်ခြင်းများ ဖြစ်ပေါ်လာနိုင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့်ကဏ္ဍများ၌ ဆိုးကျိုးသက်ရောက်မှုများရှိလာနိုင်သည်။

**ကမ္ဘာတစ်ဝန်းအပူချိန်မြင့်တက်ခဲ့**

၂၀၂၆ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း၌ အပူချိန်မြင့်တက်ခဲ့ပြီး ၂၀၂၆ ခုနှစ် မေ ၂၇ ရက်တွင် ပါကစ္စတန်နိုင်ငံ ဂျာကိုဘာဘတ်မြို့၏ အပူချိန်သည် ၄၉ ဒသမ ၃ ဒီဂရီဆဲလ်စီယပ်ထိရှိခဲ့သဖြင့် ကမ္ဘာ့အမြင့်ဆုံးအပူချိန်အဖြစ်မှတ်တမ်းဝင်ခဲ့သည်။ အလားတူ ဩစတြေးလျနိုင်ငံအနောက်ပိုင်း အွန်စလိုမြို့တွင် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ၌ အပူချိန် ၄၉ ဒီဂရီဆဲလ်စီယပ်ထိရောက်ရှိခဲ့ပြီး ပြင်းထန်သော အပူလှိုင်းသက်ရောက်မှုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ထို့ပြင် ကမ္ဘာ့အရှေ့အလယ်ပိုင်းနိုင်ငံတစ်ခုဖြစ်သော ဘာရိန်းနိုင်ငံတွင်လည်း ၂၀၂၆ ခုနှစ် မေ ၂၉ ရက်တွင် အပူချိန် ၄၇ ဒသမ ၆ ဒီဂရီဆဲလ်စီယပ်ဖြင့် နိုင်ငံ၏ အမြင့်ဆုံးအပူချိန်အဖြစ် မှတ်တမ်းတင်ခဲ့ရသည်။

ဥရောပအနောက်ပိုင်းဒေသများ၊ ဗြိတိန်နှင့် အိုင်ယာလန်နိုင်ငံတို့တွင်လည်း နွေရာသီအစောပိုင်းကာလဖြစ်သော မေလ၌အမြင့်ဆုံးအပူချိန်များဖြစ်ပေါ်ခဲ့သည်။ ပြင်သစ်နိုင်ငံတွင် မေလအတွင်း အချို့နေရာများ၌ အမြင့်ဆုံးအပူချိန် ၃၉ ဒီဂရီဆဲလ်စီယပ်ထိ ရောက်ရှိခဲ့သည်။ ကမ္ဘာ့အနောက်ခြမ်းရှိ ဥရောပနိုင်ငံများတွင် အပူချိန်မြင့်မားမှုကြောင့် အပူဒဏ်အန္တရာယ်ကို ပြည်သူများခံစားကြရပြီး အချို့ပြည်သူများ အသက်သေဆုံးမှုထိ ဖြစ်ပေါ်ခဲ့သည်။ အထူးသဖြင့် ဥရောပဒေသတွင် အပူလှိုင်းကြောင့် သေဆုံးသူ ၁၃၀၀ ကျော်ရှိခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ခဲ့သည်။ ကမ္ဘာ့အရှေ့ခြမ်းရှိအချို့နိုင်ငံများတွင်လည်း လေဆင်နှာမောင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် သဘာဝဘေးအန္တရာယ်ကို ဆိုးဆိုးရွားရွားကြုံတွေ့နေရသည်။

အစွန်းရောက်ရာသီဥတုဖြစ်စဉ်များကို အန်တုနိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်ကောင်းမွန်ရေးသည် များစွာအရေးပါလျက်ရှိသည်။ မြန်မာနိုင်ငံသည် သစ်ပင်သစ်တောများ၊ မြစ်ချောင်းအင်းအိုင်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝအရင်းအမြစ်များပေါများကြွယ်ဝသည့် နိုင်ငံဖြစ်သော်လည်း နေရာဒေသ၊ ရေမြေ၊ ရာသီဥတုအပေါ်မူတည်ပြီး ဒေသတစ်ခုနှင့်တစ်ခု သစ်တောဖုံးလွှမ်းမှုကွာခြားလျက်ရှိသည်။ အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ ၁၃ ခရိုင်သည် ပူပြင်းခြောက်သွေ့ပြီး သစ်တောသစ်ပင်နည်းပါးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် ဆန်းစစ်လေ့လာမှုများအရ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၅ ရာခိုင်နှုန်းသာရှိသည်။ သစ်တောသစ်ပင်ကျဲပါးသောကြောင့် မြန်မာနိုင်ငံအလယ်ပိုင်း မြေလတ်ဒေသသည် ကမ္ဘာ့အပူချိန် အမြင့်မားဆုံးစာရင်းဝင်နေသည်။ ၂၀၂၄ ခုနှစ် နွေရာသီ၌ ချောက်မြို့၌ အပူချိန် ၄၈ ဒသမ ၂ ဒီဂရီ ဆဲလ်စီယပ်ထိ စံချိန်တင်မြင့်တက်ခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ၄၅ ဒသမ ၃ ဒီဂရီဆဲလ်စီယပ်၊ ယခုနှစ်တွင် ၄၄ ဒသမ ၉ ဒီဂရီဆဲလ်စီယပ်ရှိခဲ့သည်။ မြေလတ်ဒေသမြို့ကြီး ၁၂ မြို့တွင် ၄၁ ဒီဂရီဆဲလ်စီယပ်နှင့် အထက်ရှိခဲ့သည်။

**❖ အယ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်နေသည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုများမှာ ကမ္ဘာတစ်ဝန်းတွင် ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်လာမှု မမှန်ခြင်း၊ လာမည့်နွေကာလများတွင် နေ့အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းထားကြသည်။ အယ်နီညိုဖြစ်စဉ်သည် လက်ရှိကာလ အင်အားအသင့်အတင့်ရှိနေချိန်တွင် ကမ္ဘာ့အရှေ့ခြမ်း၌ မိုးရွာသွန်းမှုမမှန်ခြင်းဖြစ်စဉ်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပွားစေခြင်း စသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိသည်။ ❖**

**အယ်နီညိုဖြစ်စဉ်**

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့် လေထုဖြစ်စဉ်များသည် လက်ရှိ၌အင်အားအသင့်အတင့်ရှိသော အယ်နီညိုအခြေအနေတွင် တည်ရှိနေသည်။

**အကျိုးသက်ရောက်မှု**

အယ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်နေသည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ အယ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုများမှာ ကမ္ဘာတစ်ဝန်းတွင် ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မှုမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်လာမှု မှုမမှန်ခြင်း၊ လာမည့်နွေကာလများတွင် နေ့အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းထားကြသည်။ အယ်နီညိုဖြစ်စဉ်သည် လက်ရှိကာလ အင်အားအသင့်အတင့်ရှိနေချိန်တွင် ကမ္ဘာ့အရှေ့ခြမ်း၌ မိုးရွာသွန်းမှု မှုမမှန်ခြင်းဖြစ်စဉ်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပွားစေခြင်း စသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိသည်။

လက်ရှိကာလတွင် အယ်နီညိုဖြစ်စဉ်အပါအဝင် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့၌ မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သဖြင့် ကုန်းမြင့်ဒေသများတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်နှင့် အနိမ့်ပိုင်းဒေသများတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် ရေကြီးရေလျှံမှုသဘာဝဘေးအန္တရာယ်များကို သတိပြုသွားရန်လိုအပ်သည်။ အထူးသဖြင့် ရုတ်တရက်ရေကြီးခြင်းအန္တရာယ်ဖြစ်နိုင်ခြေရှိသောဒေသများ၌ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုအပ်သည်။

**ကြိုတင်ပြင်ဆင်ထားသင့်**

မြန်မာနိုင်ငံအနေဖြင့် လက်ရှိအခြေအနေတွင် မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများနှင့် ကြုံတွေ့နိုင်သည်ကို သတိပြုသွားရန်လိုအပ်သည်။ အယ်နီညိုဖြစ်စဉ်နှင့် ရာသီဥတုမမှန်မှုကြောင့် မိုးရာသီကာလတွင် ရေကြီးရေလျှံမှုကဲ့သို့ သဘာဝဘေးဖြစ်စဉ်များနှင့် မိုးရာသီကုန်ဆုံးသည့်အချိန်တွင် အစွန်းရောက်ရာသီဥတုဖြစ်စဉ်ကြောင့် အအေးလွန်ကဲခြင်းမဖြစ်ခဲ့လျှင် အပူလွန်ကဲမှုကို အထူးသတိပြု၍ ကြိုတင်ကာကွယ်ဆောင်ရွက်ထားရန်လိုအပ်သည်။

ဆောင်းရာသီတွင် အအေးပိုနိုင်သဖြင့် ကျေးလက်ဒေသများတွင်လိုအပ်သော ထင်း၊ မီးသွေးနှင့် အနွေးထည်များ၊ စောင်များကြိုတင်စုဆောင်းပြင်ဆင်ထားသင့်ပြီး နွေရာသီတွင်လည်း အလွန်အမင်းပူပြင်းခြောက်သွေ့နိုင်သဖြင့် သောက်သုံးရေဖူလုံအောင် စုဆောင်းသိုလှောင်ထားသင့်သည်၊ တောမီးလောင်ကျွမ်းမှု အန္တရာယ်ကာကွယ်ရေးအတွက် မီးတားလမ်းများဖောက်လုပ်ခြင်းအပါအဝင် ရေရှည်အစီအမံများ ကြိုတင်လုပ်ဆောင်ထားသင့်သည်။

ကျေးလက်နေတောင်သူဦးကြီးများအနေဖြင့် ကောက်ပဲသီးနှံများနှင့် ကျွဲ၊ နွားများအတွက် မြက်ခြောက်များ၊ ကောက်ရိုးများကို အမိုးအကာအောက်သို့ လုံခြုံစွာရွှေ့ပြောင်းထားသင့်သည်။ လူနှင့်တိရစ္ဆာန်များအတွက် သောက်သုံးရေစုဆောင်းထားသင့်သည်။ ထို့ပြင် စားနပ်ရိက္ခာလုံလောက်အောင်လည်း ကြိုတင်စုဆောင်းထားသင့်ပေသည်။

**စူပါအယ်နီညိုဖြစ်စဉ်များကို ကြိုတင်မြော်တွေးပြင်ဆင်ထားစေလို**

နိုင်ငံတော်အစိုးရအနေဖြင့် အစွန်းရောက်ရာသီဥတုဖြစ်စဉ်များ လျှော့ချနိုင်ရေးနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းနှင့် သစ်တောထိန်းသိမ်းခြင်းတို့ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသော်လည်း လူဦးရေတိုးပွားလာမှုနှင့်အတူ သစ်၊ ထင်း၊ ဝါးလိုအပ်ချက်များ မြင့်မားလာခြင်း၊ သစ်တောများကို အခြားမြေအသုံးချမှုအဖြစ်ပြောင်းလဲလာခြင်း၊ တောမီးလောင်ကျွမ်းခြင်း၊ တိရစ္ဆာန်များ၏ဖျက်ဆီးခြင်း စသည့်အကြောင်းများကြောင့် သစ်တောစိုက်ခင်းများ ပျက်စီးဆုံးရှုံးလျက်ရှိသည်။ အကျိုးဆက်အနေဖြင့် ပူပြင်းခြောက်သွေ့ပြီး ပြင်းထန်သည့် ရာသီဥတုသဘာဝဘေးအန္တရာယ်တို့ကို ခံစားလာကြရသည်။

ထို့ကြောင့် ပြည်သူများအနေဖြင့် စူပါအယ်နီညိုဖြစ်စဉ်များကို အန်တုနိုင်ရန်အတွက် သောက်သုံးရေစနစ်တကျသိုလှောင်ခြင်း၊ မိုးရေများကိုစနစ်တကျခံယူသိုလှောင်ထားခြင်း၊ စားနပ်ရိက္ခာများ၊ ဆေးဝါးများနှင့် စက်သုံးဆီများ ကြိုတင်စုဆောင်းထားခြင်း၊ အပူဒဏ်ခံနိုင်သော ကောက်ပဲသီးနှံများ စိုက်ပျိုးခြင်း၊ မွေးမြူရေးခြံများတွင် အရိပ်ရရှိအောင်စီစဉ်ထားခြင်း၊ နေအိမ်များတွင် လေဝင်လေထွက်ကောင်းအောင်စီစဉ်ထားခြင်း စသည့်လုပ်ငန်းများကို ကြိုတင်မြော်တွေးလုပ်ဆောင်ထားသင့်သည်။

ဆိုရလျှင် လက်ရှိအချိန်တွင် လူသားတို့၏ ပယောဂကြောင့် ကမ္ဘာကြီးပူနွေးလာရာမှ အစွန်းရောက်ရာသီဥတုဖြစ်စဉ်များ ခပ်စိပ်စိပ်ဖြစ်ပေါ်လာလျက်ရှိသည်။ ကမ္ဘာတစ်ဝန်းတွင် သဘာဝဘေးအန္တရာယ်ကျရောက်မှုသည် တစ်နှစ်ထက်တစ်နှစ်ပိုမိုပြင်းထန်များပြားလာခဲ့သည်။ ထို့ကြောင့် ၂၀၂၆ ခုနှစ်အကုန်ပိုင်းတွင် အလွန်အားကောင်းသော စူပါအယ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သဖြင့် ဖြစ်ပေါ်လာနိုင်သည့် အစွန်းရောက်ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ အထူးဂရုပြုနေထိုင်သွားရန်နှင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အကောင်းဆုံးကြိုတင်ပြင်ဆင်ထားနိုင်ရန် ရေးသားလိုက်ရပါသည်။

**ကိုးကား**

- ၇-၆-၂၀၂၆၊ ၁၃-၇-၂၀၂၆ နှင့် ၁၅-၇-၂၀၂၆ ထုတ် ကြေးမုံသတင်းစာများ။

**မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ**

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

**MANDALAY BUSINESS CAPITAL CITY DEVELOPMENT LTD.**

No.105(A), Parami Road, Hlaing Township, Yangon
No.(17/10), Corner of Myasandar St and 27th St, Pyigyimyetmhan Quarter, Chanayetharsan Township, Mandalay. Ph: No. 09-969988890, 09-969988897

# အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းကြောင့် မည်သည့်ရွာမျှ ပြောင်းရွှေ့ရခြင်းမရှိကြောင်းနှင့် လယ်ယာမြေအကွက်ရိုက်ရောင်းချထားသူများထံမှ အမှန်တကယ်ဝယ်ယူမိသူများဖြစ်ပါက ဆုံးရှုံးမှုများသက်သာစေရေးအတွက် ကုမ္ပဏီအနေနှင့်တတ်နိုင်သမျှ အကောင်းဆုံးကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရက်စွဲ – ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ( ၄ )ရက်

၁။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ခြင်းကြောင့် ရွာများပြောင်းရွှေ့ရမည်ဖြစ်ကြောင်း၊ ရွာရှိ အဆောက်အဦးများကို ဖြိုဖျက်လျက်ရှိကြောင်းအစရှိသည့် ခေါင်းစဉ်များဖြင့် ကောလဟလသတင်းများကို စီမံကိန်းဝန်းကျင်ရှိ ရွာများတွင် နေထိုင်သူများ စိတ်ပူပန်စေရန် လူမှုကွန်ယက်များတွင် ရည်ရွယ်ချက်ရှိရှိဖြင့် ဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိနေရပါသည်။

၂။ အဆိုပါကောလဟလသတင်းများကြောင့် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းနှင့် ထိစပ်ဧရိယာများရှိ ရွာများတွင် နေထိုင်သူများအတွက် စိတ်ပူပန်မှုများမဖြစ်စေရေးအတွက် ကျွန်တော်များ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းမှ ဤကြေငြာချက်ကို ထုတ်ပြန်ပေးခြင်းဖြစ်ပါသည်။

၃။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းသည် လွန်ခဲ့သော (၁၀)နှစ်တာကာလ (၂၀၁၆ခုနှစ်) ကပင် စတင်ဆောင်ရွက်ခဲ့သော စီမံကိန်းဖြစ်ပါသည်။ စီမံကိန်းဧရိယာအတွင်း ရှမ်းကလေးကျွန်းရွာ တစ်ခုသာပါဝင်ပြီး အခြားမည်သည့်ရွာမှပါဝင်ခြင်းမရှိကြောင်းနှင့် ရှမ်းကလေးကျွန်းရွာသည် စီမံကိန်းဧရိယာတွင် ပါဝင်သော်လည်း ရွှေ့ပြောင်းရခြင်းမရှိသည့်အပြင် ရှမ်းကလေးကျွန်းရွာ ဝန်းကျင်တွင် ရွာပတ်လမ်းမကြီးများ၊ လျှပ်စစ်မီးတိုင်များ၊ သစ်ပင်ပန်းပင်များ၊ ကျောင်းများ၊ ဆေးပေးခန်းများ၊ မီးသတ်စခန်းများ အစရှိသော လူအများနေထိုင်ရာတွင် လိုအပ်သည့်အများနှင့် သက်ဆိုင်သော အဆောက်အဦးများကို ကုမ္ပဏီကုန်ကျစရိတ်ဖြင့် ဆောက်လုပ်ပြီးရွာနှင့် ရွာဝန်းကျင်ကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုအခါတွင် ရှမ်းကလေးကျွန်းရွာသည် ယခင်ကာလကထက်များစွာပို၍ ဖွံ့ဖြိုးတိုးတက်ပြီး ကောင်းမွန်လာသည်ကို လက်တွေ့မြင်တွေ့နိုင်ပါသည်။

၄။ စီမံကိန်းဧရိယာတွင်ပါဝင်သောမည်သည့်မြေနေရာကိုမှ ကုမ္ပဏီကအခမဲ့သိမ်းယူဆောင်ရွက်ခြင်းမရှိကြောင်း၊ ကုမ္ပဏီအနေနှင့် စီမံကိန်းဧရိယာတွင်ပါဝင်သောမြေနေရာများကို သက်ဆိုင်သူများထံမှ ကာလပေါက်ဈေးများဖြင့် ညှိနှိုင်းဝယ်ယူခြင်း၊ ရောင်းချလိုခြင်းမရှိသောမြေနေရာများကို စီမံကိန်းစာချုပ်ပါအတိုင်းမြို့မြေကွက်များဖြင့် ပြန်လည်လဲလှယ်ပေးခြင်းနည်းလမ်း များဖြင့်သာ ဆောင်ရွက်ခဲ့ပါသည်။

၅။ စီမံကိန်းဧရိယာတွင်ပါဝင်သောမြေနေရာများနှင့် သက်ဆိုင်သူများအနေနှင့် မိမိနှင့်သက်ဆိုင်သော မြေနေရာများအတွက် တန်ဖိုးငွေရယူခြင်း (သို့မဟုတ်) မြို့မြေကွက်များဖြင့် လာရောက် လဲလှယ်ခြင်းနည်းလမ်းများဖြင့် ဆောင်ရွက်ရန် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အထောက်အကူပြုကော်မတီမှ ပထမအကြိမ်အသိပေးကြေညာချက်အား (၁၅.၉.၂၀၂၃)ရက်နေ့၊ ဒုတိယအကြိမ် အသိပေးကြေညာချက်အား (၁၈.၁.၂၀၂၄)ရက်နေ့၊ တတိယအကြိမ် အသိပေးကြေညာချက်အား (၁၃.၁၁.၂၀၂၄)ရက်နေ့၊ စတုတ္ထအကြိမ် အသိပေးကြေညာချက်အား (၁၆.၃.၂၀၂၅)၊ (၁၈.၃.၂၀၂၅) နှင့် (၂၀.၃.၂၀၂၅)ရက်နေ့များ၊ ပဉ္စမအကြိမ် အသိပေးကြေညာချက်အား (၇.၄.၂၀၂၆)၊ (၈.၄.၂၀၂၆) နှင့် (၉.၄.၂၀၂၆) ရက်နေ့များတွင် သတင်းစာများတွင် ထည့်သွင်း၍လည်းကောင်း၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် ကြော်ငြာဘုတ်များ စိုက်ထူအသိပေးခြင်းဖြင့်လည်းကောင်း အများသိစေရန် ပွင့်လင်းမြင်သာစွာ ကြေညာပေးခဲ့ပါသည်။

၆။ အဆိုပါကြေညာချက်များ အကြိမ်ကြိမ်ဆောင်ရွက်ပြီးသည့်တိုင်အောင် လာရောက်ဆက်သွယ်ခြင်းမရှိသေးသောသူများအနေနှင့် အဆိုပါမြေနေရာများနှင့် သက်ဆိုင်သည့်စာရွက်စာတမ်း အထောက်အထားများပြည့်စုံစွာဖြင့် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အထောက်အကူပြုကော်မတီသို့သော်လည်းကောင်း၊ ကျွန်တော်များကုမ္ပဏီသို့သော်လည်းကောင်း လာရောက်ဆက်သွယ်ပါက သတ်မှတ်မြို့မြေကွက် (သို့မဟုတ်) သတ်မှတ်တန်ဖိုးငွေများ ပြန်လည်ထုတ်ယူရရှိရေးအတွက်ကိုလည်း စီစဉ်ဆောင်ရွက်ထားရှိပါသည်။

၇။ စီမံကိန်းဧရိယာအတွင်းမြေနေရာအချို့ကို လူပုဂ္ဂိုလ်အဖွဲ့အချို့မှ တရားမဝင် အကွက်ရိုက်ရောင်းချ ခြင်းကြောင့် ဖြစ်ပေါ်နေသောအခက်အခဲများနှင့် စပ်လျဉ်း၍လည်း အများသိစေရန် ဆက်လက်ရှင်းလင်းတင်ပြအပ်ပါသည်။

- ၇.၁။ အမရပူရမြို့ပြဖွံ့ဖြိုးရေး စီမံကိန်းဧရိယာအတွင်းသာမက မန္တလေးတိုင်းဒေသကြီး နေရာအနှံ့ အပြားတွင် လယ်ယာမြေများကို အကွက်ရိုက်ရောင်းချခြင်းကြောင့် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည်မှာ လူအများသိရှိသောကိစ္စရပ်ဖြစ်ပါသည်။
- ၇.၂။ ယခုအခါတွင် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိ လယ်ယာမြေ အချို့ကို တရားမဝင်အကွက်ရိုက်ရောင်းချခဲ့သူများထံမှဝယ်ယူထားသည့်ပြည်သူများနစ်နာပါသည်ဟုဆိုသူများလည်း ပါဝင်လျက်ရှိလာပါသည်။
- ၇.၃။ ထို့အပြင် အဆိုပါတရားမဝင်သည့် အကွက်ရိုက်မြေကွက်ဝယ်ယူမိခဲ့သူများဟု ဆိုသည့်သူများအနက် မိမိဝယ်ယူထားသောမြေကွက်ကို မည်သူ့ထံမှ ဝယ်ယူခဲ့သည်ကိုပင် ရှင်းလင်းအောင်ပြောမပြနိုင်သည့်သူအချို့လည်း ပါဝင်လာလျက်ရှိသည်ကို တွေ့ရှိနေရပါသည်။ အမှန်တကယ် ဝယ်ယူခဲ့ခြင်းမရှိဘဲ ဝယ်ယူခဲ့သည်ဆိုသည့်သူများကြောင့် အမှန်တကယ် ဝယ်ယူမိသူများသည်လည်း အစစ်အမှန်ဟုတ်/မဟုတ် ခွဲခြားရခက်ခဲမှုများ ဖြစ်ပေါ်နေပါသည်။
- **၇.၄။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်း အဆိုပါလယ်ယာအကွက်ရိုက်မြေများကို ဝယ်ယူထားသူအစစ်အမှန်ဖြစ်ပါက၊ မည်သူ့ထံမှ မည်သည့်နေ့တွင် မည်သည့်စာချုပ်ဖြင့် ဝယ်ယူထားကြောင်း အဆိုပါငွေများကို မည်သို့ပေးချေထားကြောင်း အထောက်အထားများ စုံလင်စွာပြုစု၍ အဆိုပါအကွက်ရိုက်ရောင်းချသူ/အဖွဲ့ထံမှ ငွေပြန်လည်တောင်းခံ ရယူရေး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။**
- ၇.၅။ သို့ဖြစ်ပါ၍ တရားမဝင်လယ်ယာမြေအကွက်ရိုက်ရောင်းချသူများထံမှ ဝယ်ယူခဲ့သူများအနေဖြင့် မိမိဝယ်ယူခဲ့သောစာရွက်စာတမ်းများကိုပြုစုထားပြီး အကွက်ရိုက်ရောင်းချသူများထံမှ ငွေပြန်လည်တောင်းခံနိုင်ရေးအတွက် ကျွန်တော်များကုမ္ပဏီအနေနှင့် ရှေ့နေအဖွဲ့ငှားရမ်းသည့် ကုန်ကျစရိတ်များကျခံ၍ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၈။ စီမံကိန်းဧရိယာအတွင်းရှိ တရားမဝင်အကွက်ရိုက်ရောင်းချထားသော မြေကွက်များအပေါ် ဆောက်လုပ်ထားသော အဆောက်အဦးများနှင့်စပ်လျဉ်း၍ အများသိစေရန် ဆက်လက်ရှင်းလင်းတင်ပြခြင်း။

- ၈.၁။ စီမံကိန်းဧရိယာအတွင်းရှိ တရားမဝင်အကွက်ရိုက်ထားသော မြေကွက်များကို အမှန်တကယ်ဝယ်ယူပြီး၊ အမှန်တကယ်အဆောက်အဦးအချို့ ဆောက်လုပ်ထားသူများဖြစ်ပါက ကျွန်တော်များကုမ္ပဏီနှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိသော်လည်း ကျွန်တော်များကုမ္ပဏီမှ လူမှုရေးကူညီမှုအဖြစ် အဆိုပါအဆောက်အဦတန်ဖိုးငွေအချို့ကို ပြန်လည်ပေးအပ်မည် ဖြစ်ပါသည်။
- ၈.၂။ တရားမဝင်မြေအကွက်ရိုက်ထားသူကိုယ်တိုင် ဖြစ်သလိုအမြန်ဆောက်လုပ်ထားသော အန္တရာယ်ရှိအဆောက်အဦများဖြစ်ပါက ကျွန်တော်များကုမ္ပဏီမှ အဆောက်အဦးတန်ဖိုးငွေများကို ပြန်လည်ပေးအပ်မည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

၉။ သို့ဖြစ်ပါ၍ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းကြောင့် မည်သည့်ရွာမျှပြောင်းရွှေ့ရခြင်းမရှိကြောင်းနှင့် စီမံကိန်းဧရိယာအတွင်းရှိတရားမဝင် အကွက်ရိုက်ရောင်းချထားသူများထံမှ အမှန်တကယ် ဝယ်ယူမိသူများဖြစ်ပါက ဆုံးရှုံးမှုများသက်သာစေရေးအတွက် ကုမ္ပဏီအနေနှင့် တတ်နိုင်သမျှအကောင်းဆုံး ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အများသိရှိစေရန် လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

**အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း**







## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ အထက–ဟင်းငူ၊ Grade–5 တွင် ပညာသင်ကြားနေသော (ဘ) ဦးတင့်လွင်၏သားဖြစ်သူ မောင်သုတအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅–၉–၂၀၁၅ ဖြစ်ပါကြောင်း။

မောင်သုတအောင်၊ ၂၅–၉–၂၀၁၅

## အမည်မှန်

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ Grade–5 ဖြေဆိုမည့် (ဘ) ဦးချမ်းသာ၏သား မောင်ညိမ်းချမ်းဇော်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မောင်ငြိမ်းချမ်းဇော်** ဖြစ်ပါကြောင်း။

မောင်ငြိမ်းချမ်းဇော်

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ် (၃၂) အခြေခံပညာအထက်တန်းကျောင်းတွင် အကြီးတန်းစာရေးတာဝန်ထမ်းဆောင်နေသော ဒေါ်ခင်သန်းအေး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေ စာရင်းအရ ဦးမောင်သိန်းနှင့် ဦးသိန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမောင်သိန်းနှင့် ဦးသိန်း(၉/အမရ(နိုင်) ၀၀၅၁၃၇)

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## အမည်မှန်

မြစ်သားမြို့နယ်၊အထက(ခွဲ)၊ကျောက်ဆောက်ကျောင်း၊ Grade–6 တွင် ပညာသင်ကြားနေသော ဦးကျော်ဇင်ဦး (၉/မသန(နိုင်)၀၉၁၂၈၉)၏သား မောင်ခန့်ငြားဟိန်း၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မောင်ခန့်ညားဟိန်း** ဖြစ်ပါကြောင်း။

မောင်ခန့်ညားဟိန်း

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်ကျေးရွာအုပ်စု၊ စက်ကွင်းအလက၊ Grade–5 တွင် ပညာသင်ကြားနေသော **မနှင်းယမွန်ကျော်**၏ဖခင်အမည်မှန်မှာ **ဦးဖျင်ကွယ်** ဖြစ်ပါကြောင်း။

ဦးဖျင်ကွယ်(၁၃/မဆတ(နိုင်)၀၄၃၁၃၅)

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့၊ ရန်အောင်မြင်ရပ်ကွက်၊ မင်းရဲကျော်စွာလမ်းနေ ဦးဝင်းသူ + ဒေါ်မျိုးမြတ်ခိုင်တို့၏သားဖြစ်သူ မောင်ပိုင်မျိုးသူ(၉/စကတ(နိုင်)၁၃၂၄၆၄) သည် မိဘများ၏ဆိုဆုံးမမှုအား မနာခံခြင်း၊ မိဘများအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝင်းသူ(၉/စကတ(နိုင်)၀၆၉၁၁၈)

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ (၃၂၄) ရပ်ကွက်၊ မုန့်တီစုရပ်၊ 91(F)လမ်း၊ 36 x 37 လမ်းကြားနေ ဦးခင်မောင်တိုး၏သား မောင်စိုးဟိန်း (၉/မဟမ(နိုင်)၀၂၅၈၁၉)သည် ဖခင်၏ ဆိုဆုံးမစကားကိုနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စများ တာဝန်မယူပါ။

ဦးခင်မောင်တိုး(၉/မဟမ(နိုင်)၀၁၀၂၇၄)

**စာအုပ်စာပေ လူ့မိတ်ဆွေ**

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် ဖျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇–၈၁၀၃၃၄၇၊
၀၆၇–၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# ဒုတိယသမ္မတ ဦးညိုစော ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ရေကြီးရေလျှံဖြစ်ပွားမှုနှင့် ပြုပြင်ရေး၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ရေကြီးရေလျှံဖြစ်ပွားမှုနှင့် ပြုပြင်ရေး၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၅**

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဝဝန်တာကျိုးပေါက်ပြီး ရေကျော်စီးဝင်ခြင်းကြောင့် ရေကြီးရေလျှံဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ တာပိတ်ဆို့ပြုပြင်ရေး၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း အစည်းအဝေးကို ယနေ့ညနေ ၃ နာရီခွဲတွင် ပုသိမ်မြို့ရှိ ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊

**စာမျက်နှာ ၁၈ ကော်လံ ၁ ☆**

- ❖ နိုင်ငံတော်ရှေ့သီးဖို့
  ကုန်ထုတ်လုပ်မှုအားပေးစို့။
- ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့
  ပညာရေးကို အားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့
  သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## စစ်တောင်းမြစ်ရေ မဒေါက်မြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၅**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်ပေကျော်တွင်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားသည်။

# မြန်မာနိုင်ငံအတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်နေသည့် ပြည်ပနိုင်ငံသား ၄၁ ဦးကို တာချီလိတ်မြို့နယ်အတွင်း ဖမ်းဆီးရမိ



တာချီလိတ်မြို့နယ်အတွင်း တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားများ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဩဂုတ် ၅**

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုံးဝအခြေမပြုနိုင်စေရေးအတွက် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ပြည်တွင်းအင်အားစုများ၊ အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိသည့်အပြင် တရားမဝင် ပြည်ပနိုင်ငံသားများ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်အခြေချနေထိုင်ခြင်းမရှိစေရေးအတွက်လည်း အသေးစိတ်စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

**စာမျက်နှာ ၂၂ ကော်လံ ၁ ❖**




## ၃၉ ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာအမျိုးသား၊ အမျိုးသမီးအသင်းများ နိုင်ပွဲရရှိ

**ရန်ကုန် ဩဂုတ် ၅**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပလျက်ရှိသည့် ၃၉ ကြိမ်မြောက် ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ ယနေ့ပွဲစဉ်များတွင် မြန်မာအမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းများ နိုင်ပွဲရရှိခဲ့ကြကြောင်း သိရသည်။

**စာမျက်နှာ ၂၂ ကော်လံ ၄ ●**

## နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ပြည်သူအားလုံး ညီညွတ်စို့

ဆောင်းပါး

စာမျက်နှာ - ၂၈

## စူပါအယ်နီညိုဖြစ်စဉ်များကို ကြိုတင်ပြင်ဆင်ထားစေလို

ဆောင်းပါး

စာမျက်နှာ - ၂၉

## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၅**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ

**စာမျက်နှာ ၂၂ ကော်လံ ၁ ◆**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန WRF မော်ဒယ်လ်၏ ဩဂုတ် ၄ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဩဂုတ် ၆ ရက်မှ ၈ ရက်ထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ။

